
# ထိန္နရာပြည်သို့အလည်ရောက်သူ



## ဒီမွကျော်စွာ

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၁၀၀၂၁၀၄၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၁၀၀၂၆၀၅၀၉ |
| ထုတ်ဝေသူ | – | ဦးဝင်းသူရလွင် |
| | | (အိပ်မက်အသစ်စာပေ) |
| | | ၃၈ (၃ လွှာ)၊ ၁၅၃–လမ်း။ |
| | | တာမွေမြို့နယ်။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | – | ဦးဇော်မြင့်ဝင်း |
| | | (ကာလာဂုန်ပုံနှိပ်တိုက်) |
| | | ၁၈၄ (ဘီ)၊ ၃၁ လမ်း (အထက်) |
| | | ပန်းဘဲတန်းမြို့နယ်။ |
| မျက်နှာဖုံးဒီဇိုင်း | – | Dattha Giri |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ် |
| | | ဇွန်လ၊ ၂၀၀၉ ခုနှစ် |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

၈၉၅ ● ၈၃

ဒိဗ္ဗကျော်စွာ

ကိန္နရာပြည်သို့ အလည်ရောက်သူ / ဒိဗ္ဗကျော်စွာ ။ – ရန်ကုန် အိပ်မက်အသစ် ၊ ၂၀၀၉။

၁၇၇ – စာ၊ ၁၂ × ၁၈ ● ၅ စင်တီ။

(၁) ကိန္နရာပြည်သို့ အလည်ရောက်သူ

## အိပ်မက်အသစ် မှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ပြာဖြစ်သွားသောပန်းသီးနှင့်အခြားမော်ဒန်ဝတ္ထုတိုများ | သစ္စာနီ |
| ၂။ | အဆောင်သူအတွက်... | ဝေမှူးသွင် |
| ၃။ | ဂလိုဘယ်လိုက်ဖေးရှင်း ရှေးဟောင်းလူဆိုးနဲ့... | မောင်စူးစမ်း |
| ၄။ | ဂလက်စီမိစ္ဆာနှင့်သံမဏိမီးလျှံ | တာရာလင်းနွယ် |
| ၅။ | မိုးရာသီပတ်ပျိုး | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၆။ | ကမ်းဝေးလှောင်အိမ် | သစ္စာနီ၊ မင်းခိုက်စိုးစန် |
| ၇။ | သူရဲကောင်းသြဓနှင့်ရွှေ့လျားနေသောရဲတိုက် | တာရာလင်းနွယ် |
| ၈။ | မှုကြိုတစ်ဦး၏ဖာလူဒါအရသာ | ဝေမှူးသွင် |
| ၉။ | ကြက်ခြေခတ်နှစ်ခု | တာရာမင်းဝေ၊ ဝေမှူးသွင် |
| ၁၀။ | မင်းလူ...ဝေမှူးသွင်...L မင်းပြည့်မွန် | မင်းလူ၊ ဝေမှူးသွင်၊ Lမင်းပြည့်မွန် |
| ၁၁။ | ပြတင်းပေါက်ကလွတ်ကျသွားတဲ့အိပ်မက် | Lမင်းပြည့်မွန် |
| ၁၂။ | အိပ်မက်တစ်မက်စာ | ရွှေထိုက် |
| ၁၃။ | တစ်ဝက်တစ်ပျက်ည | မင်းခိုက်စိုးစန်၊ Lမင်းပြည့်မွန် |
| ၁၄။ | အနွေးသွားလွန်းပျံယာဉ် | ဝေမှူးသွင် |
| ၁၅။ | ဟိုး...ရှေးရှေးတုန်းက | ရွှေထိုက် |
| ၁၆။ | ငှက်ဆိုးတွန်ချိန် | သတိုးတေဇ |
| ၁၇။ | စောင့်နေသူ | သတိုးတေဇ |
| ၁၈။ | ညဦးနက်သန်းခေါင်ခွေးတစ်ဟောင် | သတိုးတေဇ |
| ၁၉။ | ဂျစ်ပစီသင်ခန်းစာ | လင်းညို့သွေး |
| ၂၀။ | မိစ္ဆာမျက်ရည် | ဒေဝလကျော် |
| ၂၁။ | စွဲလမ်းခြင်းခရီးသည် | သတိုးတေဇ |
| ၂၂။ | မာယာကစားပွဲ | လင်းညို့သွေး |
| ၂၃။ | အပြာရောင်မှတ်ဉာဏ်အပိုင်းအစများ | ဝေမှူးသွင် |
| ၂၄။ | ချစ်သူရှာ | လူနေ |
| ၂၅။ | အမှောင်ကြောက်သူ | သတိုးတေဇ၊ ဒေဝလကျော် |
| ၂၆။ | ညည်းတွားရှိုက်တဲ့မုံသံ | သတိုးတေဇ |
| ၂၇။ | ဦးရှင်ကြီး | ဒိဗ္ဗကျော်စွာ |
| ၂၈။ | ..ပန်းဝင်စား | ဝေမှူးသွင် |
| ၂၉။ | ခေးရယ် | လူနေ |
| ၃၀။ | ကလေးအတွေး Essay | မင်းခိုက်စိုးစန် |
| *၃၁။* | *ကိန္နရာပြည်သို့ အလည်ရောက်သူ* | *ဒိဗ္ဗကျော်စွာ* |

ဆက်လက်ထွက်ရှိမည့်စာအုပ်များ

| | | |
|---|---|---|
| ၃၂။ | ယမမင်းရဲ့ကဗျာ | ဒေဝလကျော် |
| ၃၃။ | ရည်းစားရဲ့ရည်းစား | လင်းညို့သွေး |

## အခန်း(၁)

ကြားလိုက်ရသော သတင်းစကားကြောင့် သူ အထူးအဆန်း ဖြစ်ကာ အံ့သြသွားမိရတော့သည်။

"သေချာပြန်ပြောစမ်းပါ ဝသန္တကရဲ့၊ ကိန္နရီမလေး ဟုတ်လား"

သုမနမင်းသားလေး၏ အမေးကို ငယ်ကျွန်ဖြစ်သူ ဝသန္တက က ရှင်းလင်းအောင် ပြန်ပြော၏။

"မှန်ပါတယ် အရှင့်သား၊ သုစန္ဒြမင်းကြီးရဲ့ ယဇ်ပူဇော်ပွဲမှာ ကိန္နရီမလေးကိုပါ ယဇ်ပူဇော်ဖို့ ဖမ်းမိထားတယ်လို့ ကြားသိရပါတယ်ဘုရား"

"အလို ထူးဆန်းလှချည်လား ဝသန္တကရယ်၊ ကိန္နရီမလေးကိုပါ ယဇ်ပူဇော်မယ်တဲ့လား"

သုမနမင်းသားလေးသည် အံ့သြစွာပင် ရေရွတ် မြည်တမ်းမိသည်။

သီဟပူရပြည်မှာ သုစန္ဒြမင်းကြီး ယဇ်ပူဇော် ပွဲ ကျင်းပမည်

ဟု ကြားသိရစဉ်က သူ့အတွက် သာမန်သတင်းစကား မျှသာဖြစ်ခဲ့သော်လည်း ထိုယဇ်ပူဇော်ပွဲတွင် ကိန္နရီမလေးတစ်ပါးကိုပါ ထည့်သွင်း ယဇ်ပူဇော်မည်ဟု ကြားလိုက်မိစဉ် ခဏတွင်းမှာပင် သူ့ကိုယ်တွင်းရှိ သွေးကြော ထောင်ပေါင်းများစွာသည် ရုတ်ခြည်း ဖျတ်လတ်နိုးကြားသွားသလိုဖြစ်ကာ အံ့ဩလွန်းမိရတော့သည်။

သိဟပူရပြည်တွင် အုပ်ချုပ် စိုးစံသည့် မင်းကြီးသုစန္ဒြမသည် သူ့ရဲ့ဖခမည်းတော် သုဗာဟု မင်းကြီးနှင့် အဆွေခင်ပွန်းလည်းဖြစ်သည်။ တစ်နည်းဆိုရသော် သူတို့ နေထိုင်ရာ ဟတ္ထိနာပူရပြည်ကြီးနှင့် သိဟပူရပြည်ကြီးသည်လည်း အိမ်နီးချင်းနိုင်ငံတွေလည်း ဖြစ်သည်။ ယခု သုစန္ဒြမမင်းကြီးသည် ဖခမည်းတော်အား သူ၏ ယဇ်ပူဇော်ပွဲသို့ ကြွရောက်လာရန် ဖိတ်ခေါ်လာခဲ့ချေပြီ။ ထိုယဇ်ပူဇော်ပွဲသဘင်တွင် ကိန္နရီမလေးကိုပါ ယဇ်ပူဇော်ဖို့ စီစဉ်ထားသည်ဟု သိရစဉ်မှာတော့ သူ့အတွက် စိတ်ဝင်စား ဖွယ် သတင်းတစ်ခုပင် ဖြစ်လာပေတော့သည်။

"ဒါနဲ့ အဲဒီကိန္နရီမလေးကို ဘယ်အရပ်ကနေ ဘယ်လိုများ ဖမ်းလာခဲ့တာပါလိမ့် ဝသန္တကရဲ့၊ အသင်သိရင် လျှောက်ချေစမ်းပါဦးကွယ်"

သုမနမင်းသားလေး၏ အမေးကြောင့် ဝသန္တကသည် အံ့ဩသလို မျက်လွှာပင့်ကြည့်မိသည်။ အရှင့်သားသည် ကိန္နရီမလေးကိစ္စကို အထူးတလည် စိတ်ဝင်စားနေချေပြီဟု သိလိုက်ရသည်။ သုမနမင်းသားလေး၏ မျက်ဝန်းများက သိချင်စိတ်ကြောင့် အရောင်တဖျတ်ဖျတ် လက်နေသည်မဟုတ်လား။ မင်းသားလေး၏ မျက်နှာ

သွင်ပြင်သည်လည်း ခါတိုင်းထက်ပို၍ နူးညံ့သိမ်မွေ့သော အရိပ်အရောင်တွေ ယှက်ပြေးနေသည်ဟုလည်း ထင်မိသည်။

"သိဟပူရပြည်က မုဆိုးကျော်တစ်ယောက် ဖမ်းလာတာလို့ပဲ သိရတယ်၊ အသေအချာတော့ မသိပါဘူး အရှင့်သား၊ တစ်ဆင့်စကား ကြားသိရတာတော့ အဲဒီကိန္နရီမလေးက နတ်သမီးတမျှ အလွန်ချော အလွန်လှဆိုပဲ၊ မုဆိုးကြီး ဖမ်းလာတဲ့နေ့ကဆိုရင် အဲဒီကိန္နရီမလေးကို ထွက်ကြည့်ကြတဲ့ ဘိုင်းသူပြည်သားတွေဟာ တိုးမပေါက်အောင် များပြားလှတယ်လို့ ကြားရတာပါပဲ အရှင့်သားရယ်"

ဝသန္တကရဲ့ စကားအဆုံးဝယ် စိတ်ဝင်တစား နားထောင်နေသော သုမနမင်းသားလေး၏ မျက်နှာပြင်ဝယ် အပြုံးရိပ်တို့ ဖြတ်သန်းယှက်နွယ်သွား၏။ မျက်ဝန်းအစုံသည် တစ်စုံတစ်ရာကို အာရုံခံ ပုံဖော်ကြည့်နေသလို အရည်ကြည်လေးများ တလဲ့လဲ့ဖြစ်ကာ ထူထဲစိပ်ဝန်းနေသော မျက်တောင်မွေးလေးများဖြင့် တဖျပ်ဖျပ် ပုတ်ခတ်နေသည်။ အကြည့်တို့သည် ရီဝေအုံ့ဆိုင်းနေလျက် နှုတ်ခမ်းတို့သည် ချိုအီစွာ ပြုံးမြနေလျက်။

"နတ်သမီးတမျှ ချောမောလှတယ်တဲ့လား ကိန္နရီမလေးရယ်"

ဟု ဆိုသည်။

သုမနမင်းသားလေး၏ အသံတို့သည် လိုက်မောတုန်ရင်သွားသလိုပဲဟု ဝသန္တက ထင်မိကာ မင်းသားလေးအား တအံ့တဩပင် စိုက်ကြည့်နေမိသည်။ သုမနမင်းသားလေးကတော့ သူ့အား

မြင်ပုံဟန်မရဘဲ အဝေးတစ်နေရာသို့ အကြည့်တို့ကို ပို့ထားလျက် တစ်စုံတစ်ရာကို အတွေးနက်နေဟန်ဖြင့် ငြိမ်သက်နေသည်။ နီထွေးထွေး နှုတ်ခမ်းတစ်စုံသည် နူးနူးညံ့ညံ့လေး ပြုံးမြနေဆဲပင် ဖြစ်သည်။

ဟိတ္ထိနာပူရနန်းတော်ရှိ ဥယျာဉ်တော်တွင်းဝယ် သုဓနုမင်းသားလေးနှင့် ငယ်ကျွန်တော် ဝသန္တကတို့ စကားစမြည် ပြောနေကြခြင်းလည်း ဖြစ်သည်။ စိမ်းစိုလှပသော သစ်ပင်များထက်ဆီမှ ဝေ့ဝဲဟိုက်ခတ်လာသော လေပြေသည် ထုံကြိုင်မွှေးပျံ့သော ပန်းရနံ့တို့ကို ယူငင်သယ်ဆောင်လျက် ဖြတ်သန်းတိုက်ခတ်နေသည်။ နံနက်ခင်း၏ လတ်ဆတ်ကြည်မြစ်မှုကို လေပြေထဲတွင် ရှူရှိုက်လိုက်ရ၏။ ဥယျာဉ်တော်အတွင်း အထူးပြုလုပ်မွမ်းမံခြယ်သထားသည်။ စမ်းရေအိုင်ငယ်နံဘေးတွင် စီခြယ်စိုက်ပျိုးထားသော ရောင်စုံပန်းပင်လေးများသည် လေပြေဝေ့လိုက်တိုင်း ယိမ်းနွဲ့လှုပ်ခတ်ကာ ရက်သွေးယိုနေလျက် ရှိ၏။ ထို့နောက် စမ်းရေပြင်ထက်တွင် ထင်ဟပ်လျက်ရှိနေသော သူတို့၏ ရုပ်သွင်များကို ကြည့်ကာ ဟန်မူပိုလျက် ကြွားဝံ့စွာခပ်ရဲရဲ ပူးပွင့်နေသော ဝါရွှေနွယ်သွေး ပန်းပိတောက်များသည်လည်း အစုလိုက် အပြုံလိုက် သစ်ကိုင်းထက်တွင် တွဲလွဲခိုလျက် ရှိသည်။

တသွင်သွင်စီးဆင်းနေသော စမ်းရေစီးကြောင်းလေးအတိုင်း အဝါရောင်ပိတောက်မုခဲများ ဖြူဘ်ခနဲ ကြွေကျကာ စီးမျောပါသွားလေ၏။ ဝေ့ဝဲနေသော လေပြေထဲတွင် ထုံအီသင်းပျံ့သော ပိတောက်နံ့တို့ တချက်တချက် ရှူရှိုက်မိရတတ်သည်။ သစ်ပင်ထက်များဆီမှ ငှက်ကျေးသာရကာတို့ တွန်ကျူးမြည်သံများမှာလည်း သာသာယာယာ ပျံ့လွင့်လာတတ်သေးသည်။ ထိုအခြင်းအရာများကြောင့်

သုမနမင်းသားလေး၏ စိတ်နှလုံးသည် ညွတ်နူးနေသည်ဟု ထင်မိဖွယ်ရှိသည်။ ထိုသို့မဟုတ်သော အကြောင်းတစ်ရပ်သည် သုမနမင်းသားလေး၏ နှလုံးအိမ်တွင်း ရိုက်ခတ်လှုပ်နိုးနေသည်ကိုမူ မင်းသားလေးကိုယ်တိုင်သော်မှ သတိထားမိသည့်အခိုက် အံ့သြတုန်လှုပ်မိရတော့သည်။

သူ ဘာဖြစ်သွားရတာလဲ။ ဝသန္တက ပြောတဲ့ ကိန္နရီမလေးအကြောင်း ကြားမိစဉ် ခဏချင်းဝယ် သူ့ရင်အစုံသည် ထူးထူးခြားခြား ရင်ခုန်လှိုက်ဖိုနေသည် မဟုတ်လား။ သူ့နှုတ်ခမ်းတို့သည်လည်း ကြည်နူးနှစ်သက်စွာ ပြုံးမိနေသည်။ မျက်ဝန်းတို့သည်လည်း ထိုကိန္နရီမလေးကို တွေ့ချင်မြင်ချင်စိတ်ဖြင့် ရွှန်းလဲ့နေသည်။ ရင်အစုံသည် တဒိတ်ဒိတ်ဖြင့် လှုပ်ခတ်ကာ မြင်တွေ့ချင်စိတ်တို့သည်လည်း တဖွားဖွား ပေါ်ပေါက်နေတော့သည်။ ကြားသိဖူးထားသော နတ်သမီးတွေတမျှ ချောမောလှသည်မှာ တကယ်ပဲလားဟူသော အတွေးတို့ကြောင့်လည်း ခုပင် သွားပြေးကြည့်ချင်စိတ်တို့သည် တအံ့ကြွကြွဖြစ်တည်လာရတော့သည်။

"ငါကိုယ်တော် အဲဒီကိန္နရီမလေးကို မြင်တွေ့ချင်လိုက်တာကွယ်"

ဟုလည်း ဝသန္တကအား ဖွင့်ဟပြောဆိုမိပြီ။ တအံ့တသြ စူးစိုက်ကြည့်နေသော ဝသန္တကရဲ့ မျက်ဝန်းများကို လွှဲဖယ်လိုက်ကာ သူ အရှက်သည်းစွာ ပြုံးဖြစ်လိုက်မိသည်။ ကိန္နရီမလေး ...။ ယဇ်ပူဇော်ပွဲအတွက် ယဇ်ကောင်ဖြစ်ရပြီတဲ့လားဟူသော အတွေးတို့ကြောင့် သူ ရုတ်တရက် ထိတ်ပျာသွားကာ ရပ်နေရာမှ နောက်

သို့ ဆတ်ခနဲ လှည့်မိလိုက်သည်။ ကိုယ်ပေါ်ခြုံသိုင်းထားသော ဝတ်ရုံစသည် လွင့်ခနဲ ယမ်းခါသွားကာ ဘေးမှရပ်နေသော ဝသန္တက အား တို့ထိသွား၏။ ဝသန္တက အံ့သြတကြီး မေးလျှောက်လာသည်။

"အရှင့်သား … ဘယ်သွားမလို့လဲ ဟင်"

ဝသန္တကကို သုမနမင်းသားလေးက ငဲ့စောင်းကြည့်ရင်း ပြန်လည်ပြောကြားလိုက်သည်။

"ခမည်းတော်ဘုရားဆီမှာ ယဇ်ပူဇော်ပွဲကို ငါကိုယ်တော် တက်ရောက်မယ့်အကြောင်း ခွင့်ပန်ကြားမလို့လေ"

ဝသန္တက ထပ်မံအံ့သြရပြန်သည်။ သီဟပူရပြည့်ရှင် မင်းကြီး သုစန္ဒြမသည် ဘုရင်မင်းမြတ် သုဗာဟုကို ယဇ်ပူဇော်ပွဲသို့ အရောက်လာရန် ဖိတ်ကြားထားခဲ့လေသည်။ ယခု အရှင့်သား သုမနမင်းသားက ယဇ်ပူဇော်ပွဲကို သွားရောက်ချေမယ်တဲ့။ ဒါ သူပြောပြတဲ့ ကိန္နရီမလေးနဲ့များ သက်ဆိုင်လေသလားဟု တွေးမိကာ အံ့သြရခြင်းလည်း ဖြစ်ပေတော့သည်။

"ကဲ … လာ၊ နန်းတော်ဆီ ပြန်ကြရအောင်"

သုမနမင်းသားလေးက ပြောကာ လှမ်းထွက်သွားလေတော့သည်။ ကိုယ်ပေါ်ခြုံသိုင်းထားသော အညိုရောင်ဝတ်ရုံစသည် လျှောက်လှမ်းလိုက်တိုင်း ယိမ်းနွဲ့လှုပ်ခတ်သွားပုံကို ကြည့်ရင်း ဝသန္တက တိတ်တိတ်ကြိတ်ပြုံးမိရတော့သည်။ ထိုအပြုံးတို့တွင် အံ့သြ ထူးဆန်းမှုတို့ ရောစပ်ပျော်ဝင်နေလျက် ရှိနေပေတော့၏။

* * *

## အခန်း(၂)

သားတော်ခစားဝင်လာကြောင်း လျှောက်တင်လာသော ကြောင့် မင်းကြီးသုဗာဟုသည် လေသာဆောင်မှ ကြည့်ရှုခံစားနေရာမှ အကြည့်တို့ လွှဲဖယ်ကာ တံခါးပေါက်အဝင်ဝသို့ လှမ်းမျှော်ကြည့်မိလိုက်သည်။

တည်ကြည်ခန့်ညားချောမောသော မျက်နှာတစ်ခု တံခါးဝတွင် ပေါ်လာလေသည်။

"သားတော် သုခေ၊ အဘယ်ကြောင့် ဖခမည်းတော်ဆီ အခစားဝင်လာရသနည်း၊ မျက်နှာသွင်ပြင်ကတော့ ရွှင်လန်းကြည်နူးနေပုံပဲ၊ အကြောင်းကိစ္စ တစ်စုံတစ်ရာ ရှိလို့လား သားတော်"

မင်းကြီး သုဗာဟုက သားတော်အား ချစ်ကြည်စွာ မေးလိုက်ရင်း သလွန်ထက်ဝယ် ထိုင်တော်မူလိုက်သည်။ သားတော်သုခေသည် ရိုကျိုးစွာခစားလေ၏။ မင်းကြီးက ပြုံးတော်မူလိုက်ကာ -

"သားတော် … ဟောဒီ ဖဲမွေ့ရာခင်းထားတဲ့ ခုံပေါ်မှာ သက်သောင့်သက်သာ ထိုင်ပါကွယ်"

ဟု မိန့်ဆိုသည်။ သုမနမင်းသားသည် ဖခမည်းတော် ပြသည့် ဖဲမွေ့ရာမှုဝယ် ထိုင်လိုက်ရင်း ချိုကြည်စွာ မေးသည်။

"ဖခမည်းတော် ကောင်းကောင်းစက်တော် ခေါ်ရရဲ့လား"

"သမားတော်ကြီးတွေ ဆက်သတဲ့ ဆေးဝါးတွေ မှီဝဲရင်း စက်တော်ခေါ်မိတာ တရေးတောင် မနိုးနိုင်အောင်ဘဲ သားတော်ရယ်"

"ကောင်းပေသည့် ဖခမည်းတော်၊ ဒါဟာ ကျန်းမာရေး ကောင်းမွန်ခြင်းကို ပြတာပဲ၊ ဖခမည်းတော်ရဲ့ မျက်နှာတော် ရွှင်ရွှင်လန်းလန်းရှိလို့ သားတော် ဝမ်းမြောက်လှပါတယ်"

မင်းကြီးက ပြုံးရယ်ကာ ခေါင်းတဆတ်ဆတ် ညိတ်၏။

"သားတော်မှာ လျှောက်တင်စရာရှိတယ် ထင်ပ၊ ဘာများ လဲကွဲ့"

ဖခမည်းတော်ရဲ့ လူကဲခတ်တော်ပုံကြောင့် သုမန မင်းသားလေးက သဘောတကျ ပြုံးရယ်မိလိုက်ရင်း -

"ဖခမည်းတော်ကတော့ အကဲခတ် တော်ပါပေတယ်၊ မှန်ပါ တယ် ဖခမည်းတော်၊ သားတော်မှာ လျှောက်တင်စရာ ရှိပါတယ်၊ အဲဒါကတော့ အခြားအကြောင်း မဟုတ်ဘူး၊ ဖခမည်းတော်ရဲ့ အဆွေတော် သီဟပူရဘုရင်မင်းမြတ်ရဲ့ ယဇ်ပူဇော်ပွဲကြီးကို သားတော် သွားချင်လှပါတယ်၊ ဖခမည်းတော် ခွင့်ပြုတော်မူပါဘုရား"

"ဟော … သုစန္ဒြမဘုရင်ရဲ့ ယဇ်ပူဇော်ပွဲကိုလား"

"မှန်ပါတယ် ဖခမည်းတော်၊ တိရစ္ဆာန် အမျိုးအစား စုံလင်စွာနဲ့ ကျင်းပမယ့် ယဇ်ပူဇော်ပွဲကို သားတော် သွားကြည့်ချင်လှပါတယ်၊ ခမည်းတော် ခွင့်ပြုတယ် မဟုတ်လားဟင်"

သားတော်၏ စကားကြောင့် သုဗာဟုမင်းကြီးသည် တွေဝေငြိမ်သက်သွားတော့သည်။ မကြာသေးမီ အချိန်ကပင် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သော သိဟပူရပြည်၏ဘုရင် သုစန္ဒြမမင်းကြီးက သူ့အား သံတော်ဦးတင်လျှောက်စေခဲ့သည့် ကိစ္စတစ်ရပ်ကို ပြန်လည်အမှတ်ရလာမိတော့သည်။

"ကျွန်ုပ်သည် သတ္တဝါအမျိုးအစား အားလုံးဖြင့် ယဇ်ပူဇော်ပွဲကြီးကျင်းပရန် ဆောင်ရွက်နေပါသည်၊ အကြည်တော် ကိုယ်တိုင် ကြွရောက်ရှုစားပျော်မွေ့ပါလော့"

ဟု တမန်တော်တစ်ဦး စေလွှတ်ကာ သဝဏ်လွှာ ပေးပို့ခဲ့သည်။ သူသည်တောင်မှ ထိုသတင်း ကြားရမိစဉ်၌ တအံ့တသြ ထူးဆန်းခဲ့ရသေးသည် မဟုတ်လား။ သားတော်က ထိုပွဲကို တက်ရောက်ချင်ကြောင်း လျှောက်တင်လာခဲ့ချေပြီ။ သားတော်မှာ တာဝန်ဝတ္တရားတွေ များပြောင်လှသည့်အပြင် ထိုပွဲကို သွားရောက်လေလျှင် လုပ်ငန်းဆောင်တာတွေ ထိခိုက်လစ်ဟင်းကုန်မည်ကို တွေးမိကာ မင်းကြီးက သက်ပြင်းချကာ ခေါင်းယမ်းသည်။

"သားတော်မှာ လုပ်ငန်းဝန်တာတွေ များပြောင်လှပါတယ် ကွယ်၊ ဒီယဇ်ပူဇော်ပွဲကို သွားရောက်ရင် နိုင်ငံ့အရေးတွေ

ပျက်ယွင်းလစ်လပ် ကုန်ချေလိမ့်မယ်ကွယ်''

မင်းကြီးသုဗာဟုသည် မိမိအုပ်ချုပ်စိုးစံသော ဟတ္ထိနာပူရပြည်ကြီးဝယ် အေးအေးလူလူ စိမံအုပ်ချုပ်နေခဲ့ရာမှ သားတော်သုဓနုမင်းသားလေး အရွယ်ရောက်လာပြီဖြစ်သဖြင့် မိမိ၏ ဘုရင့်ဝတ္တရားဝန်တာများကို သားတော်လေးအား ထီးနန်းအရိုက်အရာလွှဲအပ်ကာ ဆောင်ရွက်စီမံစေခဲ့သည်။ မိမိအုပ်ချုပ်စိုးစံရသော မြို့ပြခြောက်သောင်း၏ ဆောင်ရွက်ဖွယ်ကိစ္စအရပ်ရပ်များကိုလည်း သားတော်လေးအား လွှဲအပ်စေခဲ့သည်မှာ သားတော်လေး သုဓနုရဲ့ ဉာဏ်ပညာစွမ်းပကား ကြီးမြတ်မှု၊ ဝတ္တရားကျေပွန်မှု၊ ယုံကြည်အားကိုးလောက်မှုတွေကြောင့်လည်း စိတ်ချလက်ချ ထီးနန်းလွှဲအပ်စေခဲ့ခြင်းလည်း ဖြစ်သည်။ သူကတော့ ဘုရင့်ဝတ္တရားတာဝန်များကို ဖယ်ရှားစေကာ နန်းတော်တွင်း အေးချမ်းသာယာသော နန်းဆောင်ဝယ် ချမ်းမြေ့စွာ အနားယူစံမြန်းတော်မူနေခဲ့သည်လည်း ဖြစ်၏။

သူနှင့် သက်တူရွယ်တူဖြစ်သော သူစန္ဒိမမင်းကြီးနှင့် အကျွမ်းတဝင် ရှိလှ၍လည်း သားတော်လေးက ယဇ်ပူဇော်ပွဲကို သွားချင်ရှာပေမှာပေါ့။ ထိုယဇ်ပူဇော်ပွဲကြီးကလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပမည်ဟုလည်း ကြားသိနေရတော့ သားတော်လေးက လူငယ်ပေမို့ ပျော်ချင်ရှာမှာပဲဟု တွေးမိပြန်သည်။ သို့သော်လည်း လုပ်ငန်းဆောင်တာဝတ္တရားတွေ များပြောင်လှသည့် တိုင်းရေးပြည်ရေးကိုလည်း သားတော်လေးအား လျစ်လျူမရှုစေချင်ပေ။

''ဟတ္ထိနာပူရပြည်ရဲ့ အုပ်ချုပ်မှုအဝဝကို သားတော် လျစ်လျူရှုချေမလို့လားကွယ်၊ တိုင်းပြည်အရေးကို ဘမ်း

ရှက်နေရတဲ့ သားတော်အတွက် အဲဒီယဇ်ပွဲကို သွားနေစဉ် ကာလကလေးအတွင်းမှာ ဘယ်လောက်ထိခိုက်နစ်နာသွား မလဲဆိုတာ သားတော် တွေးမိပါရဲ့လား”

ဖခမည်းတော်၏ စကားကြောင့် သူ့ရင်၌ အုံကြွနေသော မျှော်လင့်ချက်တို့ ဝုန်းခနဲ ပြိုလဲသွား၏။ မျက်နှာပြင်သည် ဟန်မဆောင် နိုင်စွာပင် ညှိုးမှောင်မည်းပုပ်သွားသည်။ ကွက်ခနဲပျက်သွားသော မျက်နှာနှင့်အတူ အလိုမကျသောလေသံဖြင့် ဖခမည်းတော်အား ပြန်လည်ပြောဆိုမိသည်။

“ဖခမည်းတော်ရယ်၊ တိုင်းရေးပြည်ရာအတွက်ကတော့ မှူးမတ်တို့နဲ့ လွှဲအပ်ခဲ့လို့ ရပေတာပဲ၊ သားတော်သွားမှာ လည်း နှစ်ရှည်လများမှ မဟုတ်တာ၊ သားတော်သွားစဉ် ကာလ အခိုက်အတန့်လေးမှာ တိုင်းပြည်ကြီး ပျက်ယွင်း သွားတဲ့အထိတော့ မဖြစ်ချေလောက်ပါဘူး ဘုရား”

ရော် … ခက်ချေပြီ။ သားတော်လေး သုမနသည် ဒေါသတက်စကား ဆိုလာပေပြီ။ မျက်နှာသွင်ပြင်သည်လည်း သုန်မှုန်ခက်ထန်ကာ အလိုမကျဟန်တို့ဖြင့် အထင်းသား ပေါ်လွင် နေ၏။ ‘အင်း … သားတော် အတော်သွားချင်နေရှာပါပေ့လား၊ ဟင်း… ဘယ်လိုဖျောင်းဖြပြောဆိုရမှာပါလိမ့်’ဟု တွေးရင်း သုဗာဟုမင်းကြီး စိတ်မသက်မသာ ဖြစ်သွားရတော့သည်။

“ကဲ … သားတော်၊ ဒီလောက်သွားချင်နေမှတော့ ခမည်းတော် မတားရက်တော့ပါဘူးကွယ်၊ သီဟပူရသို့ သွားလေ သားတော်၊ သုစန္ဒြမင်းကြီး၏ ကြီးကျယ်

လှစွာသော ယဇ်ပူဇော်ပွဲကြီးသို့ သွားကာ ပျော်ရွှင်ချေပါတော့"

ဟု မိန့်ကာ သားတော်ရဲ့ အလိုဆန္ဒကို လိုက်လျောပေးရပါတော့သည်။

ဖခမည်းတော်၏ မိန့်ဆိုမှုကြောင့် သုမန မင်းသားလေး၏ မျက်နှာပြင်သည် ဝင်းပသွားကာ နှုတ်ခမ်းနှစ်လွှာတို့ ပြုံးရယ်လာကြ၏။ ခုနက အလိုမကျစွာ သုန်မှုန်နေသော မျက်နှာပြင်သည် ရုတ်ခြည်းတိမ်ညိုမဲတို့ လွင့်စင်ကွယ်ပျောက်သွားသော ကောင်းကင်ပြင်ကဲ့သို့ ကြည်လင်တောက်ပလာလေတော့၏။

"ကျေးဇူးကြီးမြတ်လှပါတယ်၊ ဖခမည်းတော်ရဲ့ ခွင့်ပြုစကားကြောင့် သားတော် ဝမ်းမြောက်လှပါဘိ ဖခမည်းတော်"

"အင်း ... သားတော်ဟာ ဖခမည်းတော်အပေါ်မှာ ကလေးငယ်တစ်ယောက်လို နွဲ့ဆိုး ဆိုးချေတယ်ကွယ်၊ သားတော်ဟာ ဖခမည်းတော်ရဲ့ ထီးနန်းအရိုက်အရာ လွှဲအပ်ခံထားရသူ တစ်ယောက် ဖြစ်နေသေးတာကိုတော့ သားတော် မမေ့လျော့ပါလေနဲ့"

"စိတ်ချတော်မူပါ ဖခမည်းတော်၊ သားတော် ယဇ်ပွဲသဘင်ကို စိတ်ဝင်စားလွန်းလို့သာ သွားရောက် ကြည့်ရှုချင်ရတာပါ၊ တိုင်းရေးပြည်ရာ ကိစ္စအဝဝကို သားတော် မမေ့လျော့ မပေါ့လျော့စေရပါဘူး၊ သားတော် ယဇ်ပူဇော်ပွဲက ပြန်ရောက်လာရင် လုပ်ငန်းဆောင်တာတွေကို

ကြိုးစားထမ်းရွက်ပါ့မယ် ဖခမည်းတော်ဘုရား''

''အိမ်း ... ကောင်းပေပြီ သားတော်၊ သိဟပူရပြည်ကို သွားဖို့ စီစဉ်ချေပါတော့လေ''

သုမနမင်းသားလေးသည် ဖခမည်းတော် မင်းကြီး၏ ခွင့်ပြုမိန့်ရချေပြီမို့ ရွှင်ကြည်နူးစွာဖြင့် ပြုံးရယ်ကာ ဖခမည်းတော်အား အရိုအသေပြုလျက် နန်းဆောင်အတွင်းမှ ပြန်လည်ထွက်ခွာလာခဲ့တော့သည်။

သိဟပူရပြည် ယဇ်ပူဇော်ပွဲသဘင်၏ ကြီးကျယ်ခမ်းနားမှု၊ နတ်သမီးတမျှ ချောမောလှသည့် ကိန္နရီမလေး၏ အလှအပသတင်းတို့ကြောင့်သာ ထိုပွဲသို့ သူ အလွန်အမင်း သွားရောက်ကြည့်ရှုချင်စိတ်တွေ ပေါက်ဖွားလာခဲ့ရသည်မဟုတ်လား။ သို့အတွက်ကြောင့် ဖခမည်းတော်ဆီမှာ သွားခွင့်ပြုစေဖို့ အတင်းပူဆာတောင်းဆိုခဲ့ရသည်သာ ဖြစ်သည်။

''ဝသန္တကရေ ... တို့တွေ သိဟပူရပြည်သို့ သွားဖို့ စီစဉ်သင့်တာတွေ စီစဉ်ဆောင်ချေတော့ကွယ်''

ငယ်ကျွန်တော်ကြီး ဝသန္တကအား တာဝန်ပေးအပ်ရင်း သုမနမင်းသားလေးသည် ဘဝင်ရွှင်မြူးစွာ ရှိနေလေပါတော့၏။

* * *

## အခန်း(၃)

မြင်းဖြူခြောက်ကောင်ဆွဲစေသော လှည်းယာဉ်သည် သီဟပူရပြည်၏ ယဇ်ပူဇော်ပွဲကျင်းပရာနေရာ အရောက်တွင် တုံ့ခနဲ ရပ်တန့်သွားလေသည်။ ယဇ်ပွဲသဘင်သို့ ရောက်ရှိလာသော မင်းပရိသတ်အပေါင်းသည် လှည်းယာဉ်ဆီသို့ ပြိုင်တူလိုပင် လှည့်ကြည့်မိကြတော့သည်။ စောစောက ဆူညံတွတ်ထိုးနေကြသော အသံများ ရုတ်ခြည်းတိတ်သွားကာ လှည်းယာဉ်ပေါ်မှ ဆင်းသက်လာသူသည် ဘယ်မင်းတစ်ပါးများ ဖြစ်လေမလဲဟူ၍ စူးစမ်းကြည့်နေမိခြင်းလည်း ဖြစ်၏။ လှည်းယာဉ်ပတ်ပတ်လည်မှ လိုက်ပါလျက်ရှိနေသော မြင်းစီးကိုယ်ရံတော်များသည်လည်း လှည်းယာဉ်ရပ်လိုက်သည်နှင့် မြင်းဇက်ကြိုးကို ဆောင့်ခနဲဆွဲကာ တုံ့ခနဲ ရပ်သွားလေကြတော့သည်။ လှည်းယာဉ်ထက်ဆီမှ ပိတ်ကာထားသော ပိုးဖဲကတ္တီပါ စသည် လူးလွန့်ဖယ်ရှားလာ၏။ ခန့်ညားချောမောသော မျက်နှာသွင်ပြင်တစ်ခု ဖယ်ရှားလိုက်သော ကတ္တီပါလိုက်ကာများအောက်မှ ဝင်းပစွာ ပေါ်ထွက်လာသည်။ ရုတ်တရက် နေကြတ်ရာမှ ပြန်လည်ပေါ်ထွက်

လာသော နေရောင်သကဲ့သို့ ထင်းထင်းလင်းလင်း ပေါ်လွင်နေခြင်းလည်း ဖြစ်၏။ ဖြူဝင်းမွတ်သော မျက်နှာပြင်ဝယ် နီထွေးစိုပြေသော နှုတ်ခမ်းတို့က ရင်းနှီးဖော်ရွေသော အပြုံးတစ်ခုကို ဆင်မြန်းထားလျက်ရှိသည်။ ပြည့်ပြည့်ဝဝကြီး ပြုံးသည်မဟုတ်ဘဲ နှုတ်ခမ်းတို့တင်းတင်းစေ့ရုံသာ ပြုံးနေခြင်းဖြစ်ရာ ထိုအပြုံးကို မြင်ရသူအပေါင်းအံ့သြမင်သက်စွာ ငေးမောကြည့်နေမိသည်အထိ ဖြစ်ရတော့သည်။ ကတ္တီပါဖဲအနီရောင်လိုက်ကာများကို အလုံးစုံ ဖွင့်လှစ်ဖယ်ရှားပြီးနောက် အနီရောင်ဝတ်ရုံ ဝတ်ဆင်ထားသော အပြုံးမျက်နှာနှင့် လူချောလေးသည် မြေပြင်ထက်ဆီသို့ ဆင်းသက်လာ၏။ ထောင်မောင်းသော အရပ်၊ ကျော့ရှင်းသော ကိုယ်နေဟန်တို့သည် ခန့်ညားထည်ဝါစွာ ပေါ်လွင်လာ၏။ ပျိုမြစ်နုနယ်သော မျက်နှာသွင်ပြင်ထက်ဝယ် ထူထဲနက်မှောင်သော မျက်ခုံးတန်းများအောက်မှ ရှူးရှုထက်မြက်သော မျက်ဝန်းတစ်စုံသည် အကဲခတ်ကြည့်ရှုနေသော မင်းပရိသတ်အပေါင်းအား ဝေ့ခနဲ လှည့်ပတ်ကြည့်လိုက်ရင်း နှစ်လိုဖွယ် ထပ်မံပြုံးလေ၏။

အတိုင်းတိုင်း အပြည်ပြည်၊ အရပ်ရပ်မှ ထီးဖြူဆောင်းမင်းတို့သည်လည်း သီဟပူရပြည်၏ ယဇ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည်လည်းဖြစ်ရာ ထိုထိုသော မင်းအပေါင်းတို့သည် ကိုယ်ရံတော်ပေါင်းများစွာနှင့် သိုက်ဝန်းကာလာသော ချောမောခန့်ညားလွန်းနေသော ဝတ်ရုံနီစနှင့် ထိုသူသည် အဘယ်တိုင်းပြည်ရဲ့ မင်းတစ်ပါးလေလဲဟု အချင်းချင်း လက်တို့မေးကုန်ကြသည်။ တီးတိုးပြောဆိုသံများ ပြန်လည်ဆူညံလာလေ၏။

ယဇ်ပူဇော်ပွဲကျင်းပရာ ဝင်းအတွင်းသို့ မဝင်ရောက်သေးဘဲ တိုင်းမြည်အရပ်ရပ်မှ ဘုရင်မင်းမြတ်တို့သည် ဝင်းအပြင်ဘက်၌ အချင်းချင်း အလ္လာပ သလ္လာပ ပြောဆိုနေကြခြင်းလည်း ဖြစ်သည်။

တီးတိုးမေးမြန်းပြောဆိုသံများကြားဝယ် ဟတ္ထိနာပူရ၊ သုစနု ဟူသော အမည်နာမများ လေအဝှေ့ဝယ် ပျံ့လွင့်လာနေသေးတော့ သည်။

"အရှင့်သား"

အနားမှ ကပ်၍ ခေါ်ဆိုလိုက်သော ငယ်ကျွန်တော်ကြီးကို စောင်းငဲ့ကြည့်ရင်း သုစနုမင်းသားလေးက ဆို၏။

"ဘာလဲ ဝသန္တက"

"ကျွန်တော်မျိုးပြောပြထားတဲ့ ကိန္နရီမလေးကို ဖမ်းဆီး ခေါ်ဆောင်လာခဲ့သူ မုဆိုးကြီးဆိုတာ ဟောဟိုမှာပေါ့"

ဝသန္တကသည် ခပ်လှမ်းလှမ်းတွင်ရပ်တန့်နေသော ညိုမှောင် အသားအရေရှိသူ တုတ်တုတ်ခိုင်ခိုင်နှင့် လူတစ်ယောက်ကို လှမ်းညွှန် ကာ ပြလေသည်။

"သူဟာ ကိန္နရီမလေးကို ဖမ်းခေါ်လာတဲ့ သူလား"

ရက်စက်ခက်ထန်ပုံရသော မျက်နှာသွင်ပြင်မျိုးနှင့် ထိုသူကို ကြည့်၍ သုစနုမင်းသားလေးက ဆိုသည်။

"ဝသန္တက"

"မိန့်တော်မူပါဘုရား"

"ငါကိုယ်တော် သူနဲ့ စကားပြောကြည့်ချင်တယ်၊ မောင် မင်း သူ့ကိုခေါ်ဆောင်လာခဲ့ချေကွယ်"

ဝသန္တကသည် သူ့အပါးမှ လှမ်းထွက်သွားသော မုဆိုးကြီး
ထံ လျှောက်သွားလိုက်ပြီး တစ်စုံတစ်ရာ ပြောဆိုနေတော့သည်။
သူရှိရာသို့ လက်ညှိုးညွှန်လိုက်သေး၏။ မုဆိုးကြီးက သူ့ကို လှမ်း
ကြည့်လိုက်ပြီးနောက် ခေါင်းတစ်ချက်ညိတ်ကာ လိုက်ပါလာလေ
တော့သည်။ အနားသို့ ရောက်ရှိလာသော မုဆိုးကြီးကို သုဓနုမင်း
သားက မေးမြန်းပြောဆိုလိုက်၏။

"အသင်က ကိန္နရီကို ဖမ်းလာခဲ့သူဆိုတာ ဟုတ်ပေ
သလား"

"ဟုတ်မှန်ပါတယ် အရှင်မင်းသား"

မုဆိုးကြီးက ခေါင်းကို ဆတ်ခနဲညိတ်ကာ ဟုတ်မှန်ကြောင်း
ပြောသည်။

"အသင်က ဒီတိုင်းပြည်ရဲ့ မုဆိုးကျော်ကြီး တစ်ယောက်
လည်း ဖြစ်တယ်ဆို၊ အဲဒါကော ဟုတ်မှန်ပါရဲ့လား"

မုဆိုးကြီးသည် သုဓနုမင်းသားလေး၏ အမေးကို ပြုံးကာ
ဆိတ်ဆိတ်ငြိမ် ဝန်ခံ၏။

"အသင် ကိန္နရီမလေးကို ဘယ်အရပ်ကနေ ဘယ်လို
ဖမ်းဆီးယူဆောင်လာသလဲဆိုတာကို ကျွန်ုပ်အား ပြောပြပါ
လော့ မုဆိုးကြီး"

သုဓနုမင်းသားလေးက သိချင်နေသော အကြောင်းတစ်ရပ်
ကို မုဆိုးကြီးအား မေးမြန်းပါလေတော့သည်။

မုဆိုးကြီးသည် ချိုကြည်သောအသံဖြင့် မေးမြန်းပြောဆို
သော ဘုရင့်သားတော် သုဓနုမင်းသားအား မြင်မြင်ချင်း ခင်မင်နှစ်လို

သွားမိသည်ဖြစ်သည်နှင့် ယဇ်ပူဇော်ပွဲအခမ်းအနား မစတင်သေးသည်
လည်းရှိသည်မို့ အရှင်မင်းသားလေး မေးမြန်းချက်ကို စိတ်လိုလက်ရ
ပြန်လည်ဖြေကြားပြောဆိုမိတော့သည်။ မုဆိုးကြီး ပြောပြသော
အကြောင်းအရာ အဖြစ်အပျက်များဝယ် မင်းသားလေး သုစနုသည်
နှစ်မြောပျော်ဝင်လျက် ရှိနေပေတော့၏။ တစ်ချက်တစ်ချက် ပုံ့လွင့်
လာတတ်သော သုစနုမင်းသားလေး၏ကိုယ်မှ အမွှေးနံ့သာ ရနံ့
များကို မုဆိုးကြီးက နှစ်သက်စွာ ရှူရှိုက်မိလိုက်ရင်းက ကိန္နရီမလေး
ဖမ်းဆီးလာရပုံအဖြစ်အပျက်တို့အား ပြောဆိုနေပေတော့သည်။

✸

သိဟပူရပြည့်ရှင် သုစန္ဒြမင်းကြီးသည် ကြီးကျယ်ခမ်းနား
သော ယဇ်ပူဇော်ပွဲကြီးတစ်ခုအတွက် ပြင်ဆင်မှုများ ပြုလုပ်လျက်
နေစဉ်အခါကဖြစ်သည်။

"တိရစ္ဆာန်အမျိုးအစားအားလုံးဖြင့် ယဇ်ပူဇော်ပွဲ ကျင်းပအံ့"

ဟု မိန့်ဆိုကာ သူ၏နိုင်ငံတွင်းရှိ မုဆိုးအားလုံးကို ဆင့်ခေါ်
စေလိုက်သည်။ မုဆိုးများ ရောက်ရှိလာသည်နှင့် -

"ငါသည် တိရစ္ဆာန်အမျိုးအစားအားလုံးဖြင့် ယဇ်ပူဇော်
ကျင်းပအံ့၊ သို့ဖြစ်၍ မြေပြင်ပေါ်၌ နေထိုင်ကုန်သော သတ္တ
သတ္တဝါအားလုံးကို ဆောင်ယူလာကြလော့၊ ခြေမရှိသော
သတ္တဝါ၊ ခြေနှစ်ချောင်းရှိသောသတ္တဝါ၊ ခြေလေးချောင်း
ရှိသော သတ္တဝါ၊ ခြေအများရှိသော သတ္တဝါအားလုံး

ဆောင်ယူလာကြလော့"

ဟု အမိန့်ဆင့်ဆိုလေတော့သည်။

မင်းကြီးသည် တံငါသည်များကိုလည်း ရေ၌ရှိသော သတ္တဝါအားလုံးကို ရှာဖွေဆက်သရန် ညွှန်ကြားလိုက်လေ၏။

နတ်ဒေဝါတို့၏ လိုအင်ဆန္ဒတို့သည် မိမိတို့၏ စိတ်အလိုရှိရုံမျှဖြင့် ပြီးပြည့်စုံလေ၏။ ဘုရင်တို့၏ အလိုဆန္ဒသည် အမိန့်အာဏာဖြင့် ပြီးပြည့်စုံ၏။ သူဌေးသူကြွယ်တို့၏ လိုအင်ဆန္ဒတို့သည် အလျှင်အမြန် ပြီးပြည့်စုံစေ၏။ ဆင်းရဲနွမ်းပါးသူတို့၏ လိုအင်ဆန္ဒသည် မိမိ၏ အလုပ်ဖြင့်သာ ပြီးပြည့်စုံရလေသည် မဟုတ်လား။

ကဲ ... ခုကြည့်။ ဘုရင်မင်းမြတ်၏ လိုအင်ဆန္ဒတို့ အမိန့်အာဏာဖြင့် ပြည့်စုံလာရပြီဖြစ်သည်။ ဘုရင့်အမိန့်တော်အတိုင်း မုဆိုးနှင့် တံငါတို့သည် ရေနေ၊ ကုန်းနေသတ္တဝါအားလုံးကို အတူတကွ ယူဆောင်လာကြရသည်ပေါ့။ ဘုရင့်အမိန့်တော်အရ ကြီးမားသော ယဇ်လှောင်အိမ်ကြီးတစ်ခုကိုလည်း ဆောက်လုပ်ကြသည်။ ထိုလှောင်အိမ်ကြီးအတွင်းဝယ် ကုန်းနေသတ္တဝါအားလုံးကို ထည့်၍ တံခါးပိတ်ထား၏။ ရေနေသတ္တဝါများကိုတော့ ကြီးမားလှသော ရေစည်ကြီးတစ်ခု၌ စုကာ ထည့်ထားလေသည်။ သတ္တဝါအမျိုးအစား စုံလင်စွာ သိုလှောင်ပြီး၍နေပြီ။

ယဇ်ပူဇော်ပွဲအတွက် လိုအပ်သမျှအားလုံး လှောင်အိမ်ထဲတွင် ထည့်သွင်း၍ အသင့်ရှိစေသောအခါတွင် မင်းကြီးသုစန္ဒြိမသည် ဦးခေါင်းကို လျှော်သည်။ ထို့နောက် သူ၏အဝတ်တန်ဆာများကို ချွတ်ကာ နန်းဆောင်အထပ်ထပ်ဆီသို့ သွားလေ၏။ ထိုနေရာတို့တွင်

ရန့်ထုံသင်းသော ပန်းပွင့်ပန်းပေါင်းစုံတို့ဖြင့် သူသည်ပူဇော်၏။ လက်နှစ်ဖက်ကိုလည်း ယှက်၍မြွက်ကာ-

"အကျွန်ုပ်သည် မြတ်သောအရှင်တို့ အားလုံးအား ယဓိပူဇော်ရာသို့ ကြွရောက်လာပါရန် ပင့်လျှောက်ပါသည်၊ အရှင်တို့ကား လေးပါးသော ကသိုဏ်း၏ အာစရိယများ ဖြစ်ကြပါပေသည်၊ သာလွန်မြင့်မားသော ဉာဏ်ပညာ၏ ငါးပါးသောကဏ္ဍ၌ အာစရိယများ ဖြစ်ကြပါပေသည်၊ အရှင်တို့သည်ကား တန်ခိုးဣဒ္ဓိပါဒ်၌ ကြီးမြတ်လှပါသည်၊ ဈာန်ဖြင့် ကြွလာနိုင်ကြပါပေသည်၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် မည်သည့်နေရာ၌မဆို အရှင်တို့ ရှိနိုင်၊ ကြွနိုင်ကြပါပေသည်"

ဟု ကျူးရင့်မြည်တမ်းလေ၏။

မင်းကြီး ကျူးရင့်ပြီးသည့်နောက်တွင် ကောင်းကင်ပြင်ထက်ဝယ် တန်ခိုးဣဒ္ဓိပါဒ်ဖြင့် ကြီးမားတော်မူသော ပုဂ္ဂိုလ်များ မင်းကြီးပင့်ဖိတ်ရာသို့ ကောင်းကင်ပြင်ခရီးမှ ကြွရောက်လာကြသည်ကို တွေ့မြင်လိုက်ရပါတော့၏။ မင်းကြီးသုစန္ဒိမသည် ထိုပုဂ္ဂိုလ်တို့ကို မြင်သည်နှင့် ဝမ်းပန်းတသာ အားရရွှင်လန်းစွာဖြင့် ထိုပုဂ္ဂိုလ်တို့၏ ခြေအစုံ၌ ရိုကျိုးစွာ တုပ်ဝပ်ဦးခိုက်လေသည်။

"အရှင်တို့ ... ဤယဓိပူဇော်ပွဲကို စစ်ဆေးတော်မူပါ၊ ဤယဓိပူဇော်ပွဲ၌ ပြည့်စုံ၏၊ မပြည့်စုံ၏ဆိုသည်ကိုလည်း ကြည့်ရှုတော်မူကြပါ"

ဟု ဝမ်းသာအယ်လဲ တင်လျှောက်လေသည်။

မင်းကြီး တင်လျှောက်လာမှုကြောင့် ထိုပုဂ္ဂိုလ်တို့သည် ပြင်ဆင်ထားသည့် ယဇ်လှောင်အိမ်အတွင်းက ယဇ်ကောင်သတ္တဝါလေးများကို ကြည့်ရှုစစ်ဆေးသည်။ ပြီးနောက် -

"မင်းကြီး ... ယဇ်ပူဇော်ရန်အတွက် တစ်စုံတစ်ခု လိုအပ်လစ်လပ်နေသည်မှတပါး အခြားဒြကား ပြည့်စုံပါပြီ"

ဟု မိန့်ဆိုကြသည်။ မင်းကြီးက မျက်မှောင်တစ်ချက် ရှုံ့တွန့်ကာ ပြန်လည်မေးမြန်းသည်။

"အဘယ်မည်သောအရာ လစ်လပ်နေပါသနည်း အရှင်တို့"

"မင်းကြီး ... ကိန္နရီ လစ်လပ်လျက် ရှိချေသည်"

ဘုရင်မင်းတရားသည် မြင့်မြတ်သော သူတော်စင်တို့က ယဇ်ပွဲ၌ ကိန္နရီတစ်ကောင် လိုနေသည်ဟု ဆိုလာသဖြင့် ပျာပျာသလဲ ဖြစ်သွားရသည်။ သူသည် သတ္တဝါအမျိုးအစား စုံစုံစိစိ ဖမ်းဆီးသိုလှောင်ထားပါလျက် ကိန္နရီတစ်ကောင် လိုအပ်သွားမှုအတွက် စိတ်ဝယ် ဖုထစ်သွားမိရသည်။ ဤယဇ်ပူဇော်ပွဲအတွက် အရာရာပြီးပြည့်စုံစေရမည်၊ လိုအပ်သည်မရှိစေရဟုလည်း စီမံထားချင်သောကြောင့် သူတော်မြတ်တို့အား တောင်းပန်စကားပြောရလေပြီ။

"ကိန္နရီတစ်ကောင် ဖမ်းဆီးရရှိပြီးမှသာ ယဇ်ပူဇော်ပွဲကို ပြန်လည်ကျင်းပပါမည်၊ အရှင်တို့ ကျွန်ုပ်၏ ပေါ့လျော့လစ်လပ်မှုအတွက် အရှင်တို့ သည်းခံကြပါလော့"

"ကောင်းပေပြီ မင်းကြီး၊ ကျွန်ုပ်တို့ ပြန်ကြွချေတော့မည်၊ ကိန္နရီတစ်ကောင် ရောက်ရှိလာမှသာ မင်းကြီးပင့်ဖိတ်ရာသို့

ပြန်လည် ကြွရောက်ပါ့မယ်"

သူတော်စင်ပုဂ္ဂိုလ်တို့က ဤသို့ဆိုကာ ကောင်းကင်ခရီးဖြင့် ပြန်လည်ကြွသွားလေတော့သည်။ မင်းကြီးသည် လစ်လပ်နေသော ကိန္နရီတစ်ကောင်ကို ဖမ်းဆီးရရှိရန် မုဆိုးတို့အား ဆင့်ခေါ်ကာ မိန့်ဆိုရပြန်တော့၏။

"မုဆိုးတို့ ... ငါ၏ ယဇ်ပူဇော်ပွဲ၌ သူတော်မြတ်တို့က ကိန္နရီတစ်ကောင် လိုအပ်နေသေးသည်ဟု ဆိုကြသည်၊ သို့အတွက် သွားရောက်ရှာဖွေကုန်ကြလော့၊ နည်းအမျိုးမျိုး အားထုတ်ကာ ကိန္နရီတစ်ကောင်ကို ရှာဖွေ၍ ငါ့ထံ ဆက်သကြရမည်"

မင်းကြီး၏ မိန့်ဆိုချက်ကြောင့် မုဆိုးတို့ အချင်းချင်း ကြည့်ရှုလိုက်ကြလေ၏။ ထို့နောက် တစ်ဦးတစ်ယောက်သော မုဆိုးထံသို့ အကြည့်တို့ စုပြုံရောက်ရှိလာလေတော့သည်။ ထောင်ပေါင်းများစွာသော မုဆိုးတို့အနက် အလွန်လျှင် ထူးခြားလှသော၊ စွမ်းအားအရာ၌ သာလွန်သော၊ ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်းရှိသော ထိုမုဆိုးကြီးကို မုဆိုးထုတစ်ရပ်လုံးက တိုက်တွန်းလာကြသည်။

"သင်သည် ဤအရာကို စွမ်းဆောင်နိုင်သော အရည်အချင်းရှိသူ ဖြစ်သည်၊ ကိန္နရီကို သင်ယူဆောင်လာနိုင်စွမ်း ရှိပေသည်"

ဟု မုဆိုးတစ်ဦးက ပြောဆိုလာလျှင် ကျန်မုဆိုးများကလည်း ထောက်ခံကြ၏။ မုဆိုးတို့၏ ထောက်ခံပြောဆိုမှုကို မင်းကြီးသုစန္ဒြိမ ကြားသိလိုက်ရသဖြင့် သူလည်း မုဆိုးကြီးကို တိုက်တွန်းရပါ

တော့သည်။

"ကဲ ... သင်မုဆိုး၊ သင်သည် ကိန္နရီကို ဆောင်ယူလာနိုင်စွမ်းရှိသည် မဟုတ်လား၊ ဒါကြောင့် ကျွန်ုပ်ရဲ့ ယဇ်ပူဇော်ပွဲအတွက် ကိန္နရီကို ဆောင်ယူလာချေပါလော့"

မင်းကြီးနှင့် အခြားမုဆိုးများကလည်း တိုက်တွန်းပြောဆိုလာခဲ့ပြီဆိုတော့ မုဆိုးကြီးသည် လေး၊ မြား၊ မြားတောင့်တို့ကိုယူဆောင်၍ ဟိမဝန္တာတောသို့ ဝင်ရပါလေတော့၏။ ကိန္နရီ အဖမ်းထွက်ခဲ့ရတော့သည်ပေါ့။

မုဆိုးကြီးသည် ဟိမဝန္တာတောသို့ ရောက်လာသည့်အခါတွင် သစ်ဥသစ်ဖုနှင့် အသီးအပွင့်များ ပေါများကြွယ်ဝလှသောနေရာကလေးကို တွေ့ရလေသည်။ ထိုနေရာလေးသည် စိမ်းမြအေးစိမ့်သော သစ်ပင်ကြီးများနှင့် အေးချမ်းသာယာစွာ ရှိနေသည်။ ပန်းမာန်များနှင့် စိုက်ပျိုးပင်လေးများ အစီအရီပေါက်နေသောလမ်းမြောင်လေးတစ်ခုကိုလည်း တွေ့ရသည်။ ထိုလမ်းကလေး၏အဆုံးတွင်တော့ သပ်ရပ်စွာ ဆောက်လုပ်ထားသော ကျောင်းသင်္ခမ်းလေးတစ်ခုကို ထီးထီးကြီး တွေ့လိုက်ရပါတော့သည်။ ကျောင်းသင်္ခမ်းလေးအတွင်းမှ ရသေ့တစ်ပါးသည် ထွက်ပေါ်လာကာ မုဆိုးကြီးရှိရာသို့ လှမ်းမျှော်ကြည့်နေလေသည်။ မုဆိုးလည်း ထိုရသေ့ထံသို့ အသာအယာပင် ချဉ်းကပ်ကာ ခြေစုံရပ်၍ လက်အုပ်ချီမိုး အရိုအသေပြုလိုက်လေ၏။

"သင့်ကို ကြိုဆိုပါတယ်၊ ဤညောင်စောင်း၌ ထိုင်၍ အပန်းဖြေပါလော့ မုဆိုးကြီး"

ရသေ့သည် မုဆိုးအား နူးညံ့ချိုသာစွာ ဖိတ်မန္တက ပြုလေသည်။ မုဆိုးကြီးသည် ရသေ့ ညွှန်ပြသော ညောင်စောင်းထက်ဝယ် ညင်သာစွာ ထိုင်လေသည်။

"အမောအပန်းဖြေပါလေ မုဆိုးကြီး"

ရသေ့သည် မုဆိုးကြီးအား ပြောလိုက်ရင်း ကျောင်းသင်္ခမ်းတွင်းသို့ ပြန်လည် ဝင်ရောက်သွားလေသည်။ တအောင့်ကြာ၍ ပြန်ထွက်လာသောအခါ သစ်သီးဝလံများနှင့် ရေခွက်ကို ယူဆောင်လာလေ၏။

"မုဆိုးကြီး ... ချိုမြသော သစ်သီးတို့ရဲ့ အရသာကို သုံးဆောင်ပါလော့၊ အေးမြသော ရေချိုတို့ကို သောက်သုံး၍ နွမ်းနယ်မှုတို့ကို ပြေပျောက်စေပါလော့"

ဟု နူးညံ့သိမ်မွေ့စွာ မိန့်ဆိုသည်။ ရသေ့၏ ချိုသာသော အသံသည် မုဆိုးကြီးရင်တွင်းဝယ် စမ်းရေတမျှ တငြိမ့်ငြိမ့် စီးဝင်ကာ အေးမြသွားစေတော့၏။ ရသေ့ကြီးပေးသောရေနှင့် သစ်သီးဝလံများကို သုံးဆောင်နေရင်း အေးချမ်းထိုင်နားနေမိတော့သည်။

"အသင်က ဘယ်အရပ်က လာပါသလဲ"

"သီဟပူရပြည်ကြီးက ရောက်ရှိလာတာပါ အရှင်ရသေ့"

"ဪ ... သီဟပူရပြည်တဲ့လား"

ရသေ့သည် ရေရွတ်မြည်တမ်းကာ ခေါင်းတဆတ်ဆတ် ညိတ်သည်။ လေပြေသည် ရုတ်တရက် ဝေ့ဝဲတိုက်ခတ်လာသည်။ ဝေ့ဝဲလာသော လေအနှော့ဝယ် ချိုလွင်သာယာသော တေးသီသံတစ်ခု ကြားလိုက်မိရသဖြင့် မုဆိုးကြီး အသေအချာ နားစွင့်[illegible]သည်။

ဘာသံပါလိမ့်။ သူ့အဖို့ရာ တရံတဆစ်မျှ မကြားစဖူးသော ချိုကြည်လွင်သော တေးသံသာတစ်ခုပေ။ တေးသံသည် ပျံ့လွင့်၍ လာပြီးနောက် နားစည်ကို ညင်ညင်သာ ရိုက်ခတ်လေ၏။ ထိုအသံလေးသည် ရှိန်းမြဲသော နားတွင်းမွေးညှင်းများကို ဖြတ်သန်းစေ၍ နှလုံးအိမ်တွင်းသို့ ရောက်ရှိကာ ညွတ်နူးစွာ ခံစားမိရလေတော့သည်။

"အရှင်ရသေ့၊ ယခုကြားနေရသော အသံသည် အဘယ်သူတို့ ဆိုညည်းနေကြသော သီချင်းသံလေလဲဟင်"

မုဆိုးကြီး၏ အမေးကို ရသေ့က ချိုကြည်စွာ ပြန်လည် ဖြေကြားပါသည်။

"ဤအသံသည် နတ်သူဇာတို့၏ သီချင်းသံလည်း မဟုတ်၊ နာဂသူဇာတို့၏ သီချင်းသံလည်း မဟုတ်၊ ကိန္နရီမယ်တို့၏ သီချင်းသံသာလျှင် ဖြစ်ပေတယ် မုဆိုးကြီး"

"ကိန္နရီမယ်တို့၏ သီချင်းသံ"

မုဆိုးကြီးက တ,ပြီးနောက် ရသေ့အား ထပ်မံ မေးပြန်သည်။

"အရှင်ရသေ့ ... အကျွန်ုပ်သည် သီချင်းသံကိုသာ ကြားနေရသည်၊ သီဆိုနေသူတို့ကိုကား မမြင်ရ၊ အဘယ် အရပ်၌ ထိုကိန္နရီတို့ သီဆိုနေပါသနည်း"

"ဤကျောင်းသင်္ခမ်း၏ မြောက်ဘက်အရပ်၌ပဲ ဖြစ်ပေတယ် မုဆိုး၊ ထိုနေရာ၌ အရောင်အဆင်း အပြားပြားရှိကုန်သော၊ ခပ်သိမ်းသော ရာသီတို့၌ မွှေးကြိုင်ထုံပျံ့သောရနံ့နှင့် အစဉ်သဖြင့် ဖူးပွင့်လျက်ရှိသော ကြာပန်းတို့ဖြင့် တည်ရှိရာ

မဟာကြာရေကန်တစ်ခု ရှိသည်၊ ထိုရေကန်သို့ ကိန္နရာတို့၏ ဘုရင် ဒုမမင်းကြီး၏ သမီးတော် မနော်ဟာရာအမည်ရှိ ကိန္နရီပျိုသည် ကေလာသတောင်ထိပ်မှ လာရောက်လေ့ရှိ၏၊ မနော်ဟာရာနှင့် အတူတကွ ကိန္နရီ ကိန္နရာများသည်လည်း လိုက်ပါလာကြကာ ဤရေကန်၌ ရေကစား ပျော်မြူးလေ့ ရှိတယ်ကွယ်"

ရသေ့က ပြန်လည်ဖြေကြားလေသည်။ ရသေ့၏ အဖြေစကားကိုကြားတော့ မုဆိုးကြီးရင်ထဲ ထိတ်ခနဲ ဝမ်းသာသွားမိရတော့သည်။ ရှာနေသည့် ကိန္နရီ၏လမ်းစတော့ ပေါ်လာခဲ့ချေပြီ မဟုတ်လား။ ဝမ်းသာရွှင်မြူးစွာ လက်ခနဲဖြစ်သွားသော မျက်ဝန်းတို့ကို ပြန်လည်ထိန်းသိမ်းလိုက်ရင်းက ရသေ့အား ပါးနပ်စွာ မေးခွန်းတစ်ဖန် ထုတ်လိုက်၏။

"ကိန္နရီတို့နှင့် ပျော်မြူးကစားသော လူသားအချို့ ရှိခဲ့ဖူးသည်ဟု တပည့်တော် ကြားဖူးခဲ့ပါသည်၊ ကိန္နရီတို့သည် ထိုလူသားအချို့၏ ဘုန်းတန်ခိုးအောက်သို့ အဘယ်နည်းဖြင့် ကျရောက်ကြရပါသနည်း အရှင်ရသေ့"

"သူတို့သည် သစ္စာပြုဂါထာအားဖြင့် နှောင်ဖွဲ့ခြင်း ခံကြရသည်၊ ထိုအခါ သူတို့သည် လွတ်မြောက်နိုင်ခြင်း မရှိကုန်"

စိတ်ထား ဖြူစင်မွန်မြတ်လှသော ရသေ့က ဤအခြင်းအရာများအားလုံးကို မချွင်းမချန် ပြောပြ၏။ မုဆိုးသည် ကိန္နရီများနောက်သို့ လိုက်လံရှာဖွေနေသည်ကိုကား ရသေ့သည် သံသယပင် မဖြစ်မိချေ။ အနည်းငယ်မျှပင် မရိပ်မိ မသိရှိချေ။ မုဆိုးသည် ရသေ့ပြော

သမျှအား ခေါင်းတညိမ့်ညိမ့်နှင့် မှတ်သားနားထောင်လျက် စိတ်တွင်းဝယ် ပျော်မြူးနေမိသည်။ ထို့နောက် ရသေ့အား ဝတ်ပြုပြီးနောက် မဟာကြာရေကန်ရှိရာသို့ လမ်းညွှန်ခိုင်းလေ၏။ ရသေ့သည် မြူတစ်မှုန်စာ သံသယပင် မဖြစ်မိဘဲ ရေကန်ရှိရာသို့ လမ်းညွှန်လိုက်၏။

မုဆိုးကြီးသည် ရသေ့ကြီး လမ်းညွှန်ပေးလိုက်သော မဟာကြာရေကန်သို့ ရောက်ရှိလာသောအခါ အံ့ဖွယ်သော မြင်ကွင်းတစ်ခုက ဆီးကြိုလျက်ရှိနေသည်။ များပြားလှသော ကိန္နရီ ကိန္နရာများသည် ပျော်မြူးစွာ ရေဆော့ကစားနေကြသည်။ ထိုကိန္နရီ ကိန္နရာများအလယ်၌ ချောမောလှပတင့်တယ်မှုတို့ စုဝေးရောက်ရှိနေသည်ဟု ထင်ရသော ကိန္နရီမလေး၏ အလှသည် ထင်းထင်းလင်းလင်း ပေါ်လွင်နေပေသည်။ ထိုကိန္နရီမလေးသည် သာယာချိုအေးသော အသံဖြင့် စိတ်အေးချမ်းသာစွာ သီချင်းတစ်ပုဒ်ကို ဆိုညည်းနေလေသည်။ သီချင်းဆိုရင်းဖြင့် အဖော်အပေါင်းတို့ ရေကစား ပျော်ရွှင်မြူးတူးနေကြသည်ကို ကြည့်ကာ ပြုံးရယ်နေ၏။ ကိန္နရီ ကိန္နရာတို့သည် သူတို့၏သီချင်းဆိုခြင်း၊ ပြေညှင်းမှုတ်ခြင်း၌ နစ်မြုပ်လျက်ရှိနေကြသည်ဖြစ်ရာ မနီးမဝေးတွင် ချောင်းမြောင်းကြည့်ရှုနေသော မုဆိုးကို သတိမူ ကြည့်ရှုနိုင်ခြင်း မရှိကြကုန်။ မုဆိုးသည် ကိန္နရီတို့အလယ်၌ ပေါ်လွင်ထင်ရှားလျက်ရှိနေသော သီချင်းဆိုနေသူ ကိန္နရီမလေးသည် ရသေ့ကြီးပြောသော မနော်ဟာရာပင် ဖြစ်ပေမည်ဟု တွေးထင်မိသည်။ ထို့ကြောင့် ချောင်းမြောင်းကြည့်ရှုသော နေရာမှနေ၍ သစ္စာပြုဂါထာဖြင့် မနော်ဟာရာကို ချုပ်နှောင်လေ၏။

''သင်သည် ကိန္နရာတို့၏ဘုရင်ဒုမမင်းကြီး၏ ကျက်သရေနှင့် ပြည့်စုံသော သမီးတော်ဖြစ်ပါပေသည်၊ ဤသစ္စာသည် မှန်သည်ဖြစ်အံ့၊ သင်ကိန္နရီသည် အနှောင်အဖွဲ့၌ မိသည် ဖြစ်စေသောဝ်၊ သင်သည် ဒုမမင်းကြီး၏ သမီးတော်ဖြစ်သည့် အားလျော်စွာ ဒုမမင်းကြီး၏ ကျွေးမွေးစောင့်ရှောက်ခြင်းကို ရ၏၊ ဤသစ္စာစကားကြောင့် ယဉ်ကျေးတင့်တယ်သော မနော်ဟာရာသည် ခြေတစ်လှမ်းမျှပင် မရွေ့နိုင်သည် ဖြစ်စေသောဝ်''

မုဆိုး၏ သစ္စာပြုချက်အဆုံးဝယ် မုဆိုးသည် ချောင်းမြောင်းကြည့်ရှုနေရာမှ လှမ်းထွက်လာခဲ့၏။ ကိန္နရီ ကိန္နရာတို့သည် မုဆိုးကို မြင်လိုက်သည်နှင့် ထိတ်လန့်တကြား ကောင်းကင်ယံသို့ ပျံပြေးလေသည်။ မနော်ဟာရာ ကိန္နရီမလေးသည်လည်း ကောင်းကင်ယံသို့ ပျံတက်ပြေးရန် ကြိုးစားလိုက်ပါသေးသည်။ သို့သော် သူမလေးတွင် ထွက်ပြေးနိုင်သော အစွမ်းတို့ ကွယ်ပျောက်သွားရချေပြီ။ ထို့ကြောင့် မနော်ဟာရာသည် မုဆိုး၏ သစ္စာပြုချက်ဖြင့် ဖမ်းမိခြင်းခံရလေတော့သည်။ အဖော်အပေါင်း ကိန္နရီ ကိန္နရာတို့သည် မနော်ဟာရာအား စိုးရိမ်ပူပန်ကာ လှည့်ကြည့် လှည့်ကြည့်နှင့် ကောင်းကင်ယံထက်သို့ ထွက်ပြေးပျောက်ကွယ်သွားလေပြီ။

မုဆိုးသည် မလှုပ်မယှက် ရပ်တန့်ကာ ရှိနေသော မနော်ဟာရာ ကိန္နရီမလေးကို ကြိုးဖြင့် ဖွဖွညင်သာ ရစ်သိုင်းချည်နှောင်လိုက်လေသည်။ မနော်ဟာရာသည် ထိတ်လန့်ကြောက်ရွံ့စိတ်တို့ကြောင့် မျက်ရည်တွေတွေ ကျနေရရှာသည်။ အဖော်အပေါင်းများနှင့်

ဝေးကွာကာ ဖမ်းဆီးခံရသောကြောင့်လည်း အားငယ်ဝမ်းနည်းစိတ်တို့ဖြင့် သနားစဖွယ်ကောင်းလောက်အောင် တုန်ယင်နေရှာ၏။

မုဆိုးသည် မနော်ဟာရာအား ကြိုးဖြင့် ရစ်သိုင်း ချည်နှောင်ပြီးသည့်နောက် ပခုံးထက်တွင်တင်ကာ သိဟပူရပြည်ကြီးဆီသို့ ဆောင်ယူလာခဲ့လေတော့၏။ မနော်ဟာရာ ကိန္နရီမလေးသည် ယဇ်ပူဇော်ပွဲ၌ ယဇ်ကောင် ပြုလုပ်ခြင်း ခံရတော့မည်လည်း ဖြစ်ပေသည်။

သိဟပူရပြည်သို့ ပြန်ရောက်လေသော် မင်းကြီး သုစန္ဒြမနှင့် လူစုလူဝေးကြီးသည် ကိန္နရီမလေးကို ဖမ်းဆီးခေါ်ဆောင်လာသူ မုဆိုးကြီးအား တခဲနက် ချီးကျူးပြောဆိုကြလေ၏။ ထို့နောက် မနော်ဟာရာအား ဖမ်းဆီးလာသူ မုဆိုးကြီးကို ဘုရင်ကြီးက နှစ်ထောင်းအားရရှိတော်မူ၍ ဆုလာဘ်များစွာ ပေးအပ်လေတော့သည်။

မနော်ဟာရာ ကိန္နရီမလေးကို ထိပ်တုံးခတ်၍ နှောင်ဖွဲ့ထားလိုက်သည်။ ထို့နောက် သိဟပူရနိုင်ငံရှိ သုစန္ဒြမမင်းကြီး၏ မြို့တော်သို့ ဆောင်ယူခဲ့လေသည်။ ထိုမြို့သို့ ရောက်ရှိလေသောအခါတွင်တော့ ယဇ်ပူဇော်ရာ လှောင်အိမ်တွင်းဆီသို့ မနော်ဟာရာ ကိန္နရီမလေးအား လှောင်ပိတ်ထားလိုက်လေတော့သည်။

မနော်ဟာရာသည် ပူဆွေးဝမ်းနည်းစွာ ရှိုက်ငိုနေရုံမှတစ်ပါး အခြားမတတ်နိုင်တော့ပြီ။ သူမ ယဇ်ကောင် ဖြစ်ရတော့မည်။

* * *

## အခန်း(၄)

မုဆိုးသည် သုဓနုမင်းသားလေးအား ကိန္နရီမလေး ဖမ်းလာပုံ ပြောပြနေရာမှ အပြီးသတ်ပြီးဆုံးသွားပေပြီ။ မင်းသားလေး သုဓနုသည် စိတ်ဝင်တစား နားထောင်နေရာမှ သူ၏ နှုတ်ခမ်းနှစ်လွှာတို့ ပွင့်ဟလာကာ တစ်စုံတစ်ရာကို တမ်းတရွတ်ဆိုလေသည်။

"မနော်ဟရာတဲ့လား"

"ဒုမမင်းကြီးရဲ့ သမီးတော် မနော်ဟရာပါတဲ့ အရှင့်သား"

မုဆိုးကြီးက သူ့အား မေးမြန်းသည်အထင်နှင့် သေသေချာချာ ပြန်လည်ဖြေကြားလိုက်သည်။ သုဓနုမင်းသားလေး ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ကာ ဖွဖွညင်သာ ပြုံး၏။

ထိုစဉ် စုရုံးရောက်ရှိနေကြသော မင်းပရိသတ်များ လှုပ်လှုပ်ရွရွ ဖြစ်ကုန်ကြသည်။ ယဇ်ပူဇော်ပွဲ ကျင်းပတော့မည်ဖြစ်သည်။ နိုင်ငံအသီးသီးမှ ရောက်ရှိလာကြသော မင်းမြတ်များသည် ယဇ်ပူဇော်ရာ ဝင်းအတွင်းသို့ ဝင်ရောက်ကုန်ကြသည်။ သုဓနုမင်းသားလည်း

ယဇ်ပူဇော်ရာ ဝင်းအတွင်းသို့ အများနည်းတူ ဝင်လာခဲ့လေတော့၏။ ရာမင်းများစွာ ခြံရံလျက် ဝင်ရောက်လာသော သုဓနုမင်းသားလေးသည် လူပုံအလယ်၌ မြင့်မားသောအရပ်၊ ချောမောတည်ကြည်သော ရုပ်ရည်သွင်ပြင်နှင့် ထည်ဝါသော ကိုယ်နေဟန်တို့ကြောင့် ပေါ်လွင်ထင်ရှားလျက် ရှိနေချေသည်။

ယဇ်ပူဇော်ဝင်းအတွင်းဝယ် ကုန်းနေ၊ ရေနေ သတ္တဝါဆောင်ပေါင်းများစွာကို သုဓနုမင်းသားလေး မြင်တွေ့လိုက်ရ၏။

"ကိန္နရီမလေးက ချောလိုက်တာနော်"

ဟူသော ကြည့်ရှုနေသော မင်းပရိသတ်တို့၏ တီးတိုးပြောဆိုသံများကြောင့် သုဓနုမင်းသားသည် ကိန္နရီမလေးကို ဝေ့ဝဲရှာမိလေသည်။

ဟော … တွေ့လိုက်ရပြီ။ ထိတ်လန့်အားငယ်နေသော မျက်ဝန်းတစ်စုံသည် ဖျော့တော့နေသည်။ ကြီးမားလှသော တောင်ပံကြီးများ တပ်ဆင်ထားသည်မှ လွဲ၍ ကျန်အရာများသည် လူမလေးတစ်ယောက်လို ရှုချင်ဖွယ် အင်္ဂါအဆင်းနှင့် ပြည့်စုံလေသည်။ ထက်မှောင်ရှည်လျားသော ဆံနွယ်ရှည်လေးများဖြင့် မျက်နှာပြင်ကို ဖွယ်ဝှက်ထားလိုက်ပုံမှာ သနားစဖွယ်ပင် ဖြစ်မိသွားသည်။ သုဓနုမင်းသားလေးသည် ကိန္နရီမလေးအား ကရုဏာသက်စွာပင် စိုက်ကြည့်နေမိ၏။

သူ စိတ်ဝင်တစား ဖြစ်ခဲ့ရသော ကိန္နရီမလေး၏ အလှကို မျက်မြင်ဒိဋ္ဌ တွေ့ရှိလိုက်ရမှ သူ မှင်သက်သွားမိရတော့သည်။ ချောရက်လှရက်သူလေးပါပဲ ဟူ၍လည်း အကြိမ်ကြိမ် မှတ်ချက်ချမိ

အကျဉ်းသားအဖြစ် အဖမ်းခံနေရသည့် သူမအဖြစ်ကြောင့် စိုးရိမ်ထိတ်လန့် အားငယ်နေလျက် ရှိနေရသည်။ ထောင်ပေါင်းများစွာသော ထိုလူများသည် သူမကို အထူးအဆန်းတစ်ခုသဖွယ် ဝိုင်းဝန်းကြည့်ရှုကာ တီးတိုးပြောဆိုနေကြသည်။ သူမသည် ကြောက်ရွံ့အားငယ်ကာ ထိုသူများအား ပြန်လည်အကဲခတ်ကြည့်မိသည်။ ထိုစဉ် နွေးထွေးနူးညံ့သော မျက်ဝန်းတစ်စုံသည် သူမကို စူးစူးရဲရဲလေး စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ ထိုသူ့မျက်ဝန်းများသည် နွေးထွေးလှသည်ဟုလည်း သူမ ခံစားမိရသည်။ ထူးထူးခြားခြား ပေါ်လွင်ထင်ရှားနေသော ထိုလူသည် သူမကို ပြုံးရယ်ကာ ပြလာသည်။ သူ့အပြုံးများကို မြင်လိုက်ရစဉ်မှာပဲ သူမသည် သွေးကြောများ ထုပ္ပူသွားသလိုဖြစ်ကာ ရှက်စိတ်တို့ ရုတ်ခြည်းအုံကြွလာ၏။ သူ့အကြည့်များကိုလည်း ရဲရဲရင်မဆိုင်ချင်တော့ သူမမျက်လွှာကို အသာချကာ ဖွဖွညင်သာ ပြုံးမိသည်။ သူမရင်သည် တသိမ့်သိမ့် လှိုက်ဖိုလျက်။

* * *

လေပြီ။ စွဲငြိတွယ်ကပ်သွားသော အကြည့်တို့သည် ဖယ်ခွာ၍မရ
နိုင်အောင်ပင် ဖြစ်မိရပါတော့သည်။

အားငယ်ထိတ်လန့်နေသော မျက်ဝန်းများသည် မော်ကြည့်
လာကာ သူရှိရာသို့ရောက်လျှင် အကြည့်တို့ ရပ်တန့်သွားသည်။
ထို့နောက် သူမလေး၏ နှုတ်ခမ်းတို့ ပွင့်အာသွားကြတော့သည်။
သူမ အံ့သြနေသည်တဲ့လား။ သူ့ကိုမြင်မှ ဘာကြောင့် အံ့သြသွားရတာ
လဲ။ စူးရဲစွာ ကြည့်မိနေသော သူ့မျက်ဝန်းတွေနှင့် ဆုံလိုက်မိလို့မျာ
လားဟု တွေးမိကာ သုခနုမင်းသားလေး လိုက်လိုက်လှဲလှဲ ပြုံး
လိုက်သည်။ သူ့အပြုံးများကို သူမလေး မြင်သွားပုံရသည်။ ရှက်ရိ
စွန်းသော မျက်ဝန်းလေး အကြည့်မရဲသလို လွှဲဖယ်ကာ မျက်လွှ
တို့ကို ခပ်ဖွဖွချသည်။ နှုတ်ခမ်းတို့သည် ပြုံးရိပ်တို့ စွန်းထင်နေ
၏။

ထိုသို့ မျက်ဝန်းချင်း ဆုံလိုက်မိသည့် ခဏတွင်းချင်းမှာ
သူ့ရင်သည် လှုပ်ခတ်တုန်ခါလာသည်။ သူ ရင်အခုန် မြန်သွား
သလားဟု ယောင်ရမ်း သတိပြုမိလိုက်၏။ ဒါသည် မေတ္တာတရ
တို့ မွေးဖွား ပေါက်ဖွားခြင်းလေလား။ ဒါမှမဟုတ် နှလုံးသည်းပွတ်
လှုပ်ရှားဖြစ်တည်လာသော တစ်စုံတစ်ရာသည် အချစ်ဆိုတဲ့ အ
လေလား။ ဟုတ်ပေသည်။ သူ့နှလုံးအိမ် အတွင်းဝယ် လှုပ်ခ
ရိုက်ပုတ်နေသော အချစ်လှိုင်းများသည် တဝုန်းဝုန်း ပုတ်နှိုးနေပေတေ
သည်။ ရေပြင်ထက်ဝယ် ကြာပန်းတစ်ပွင့် ပေါက်ဖွားလာသည့်န
သူသည်လည်း အချစ်ပန်းတစ်ပွင့် ဖူးပွင့်ပေါက်ဖွားလာခဲ့လေပြီ

မနော်ဟရာသည် အမျိုးမတူသူ လူရိုင်းများကြားဝ

တို့ကား နူးညံ့သော အစားအစာနှင့် မာသော အစားအစာ နှစ်မျိုးစလုံးကို စားသောက်ရန် အလျှံပယ် ဖြစ်ခြိမ့်မည်"

သုစန္ဒိမမင်းကြီး၏ အဖြေစကားကို သုခနေမင်းသားလေးက ဘဝင်မကျချင်တော့။ ဒါကြောင့် မင်းကြီးအား ထပ်မေးသည်။

"ဤယဇ်ပူဇော်ပွဲ၌ မည်သည့်အကျိုးကျေးဇူးကို ရရှိမည်နည်း၊ ဤသို့ပြုခြင်းဖြင့် မည်သို့ကောင်းကျိုးရအံ့နည်း၊ သက်ရှိသတ္တဝါအားလုံးကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ပြုလုပ်သည့် ယဇ်ပူဇော်ပွဲက အဘယ်သို့သော ကောင်းကျိုးကို ဖြစ်ထွန်းစေမည်နည်း"

"ဤယဇ်ပူဇော်ပွဲတွင် အဆုံးစီရင်ခြင်းခံရမည့် ဤ သက်ရှိသတ္တဝါအားလုံးသည် အဂ္ဂဘုံသို့ ရောက်ကုန်ကြအံ့၊ ထိုမှတပါး ကျွန်ုပ်အဖို့ရာ၌လည်း ဤသတ္တဝါတို့၏ ဘဝပေါင်းများစွာနှင့်အညီ အဂ္ဂဘုံ၌ ကြိမ်ဖန်များစွာ ပြန်လည်မွေးဖွားခြင်းကို ရရှိခြိမ့်မည်၊ ဤယဇ်ပူဇော်ပွဲတွင် ကျွန်ုပ်ကိုယ်တိုင် သတ်ဖြတ်စီရင်ရခြိမ့်မည်"

ဟု မင်းကြီးက ပြန်လည်ပြောကြားသည်။ သုခနေမင်းသားလေးက မျက်မှောင်တစ်ချက်ကျုံ့ကာ ခေါင်းယမ်းသည်။ ထို့နောက် မင်းကြီးအား ပျော့ပျောင်းညင်သာသော အသံဖြင့် ခန့်ညားသည်ဝါစွာ ဆိုလေသည်။

"အရှင်မင်းကြီး၊ ဤအမြင်သည် မှားယွင်းသော အမြင်ဖြစ်ပါ၏လော၊ တရားဓမ္မ၏ အမြင့်ဆုံးသော ဓမ္မသည် သာလျှင် ဘေးဒုက္ခကို မသင့်စေသည်ဖြစ်၏၊ ဘဝကို

## အခန်း(၅)

သုခနုမင်းသားလေးသည် လှောင်ပိတ်ထားသော ကိန္နရီမလေးနှင့် သတ္တဝါများကိုကြည့်ကာ အလွန်ပင် ကရုဏာသက်မိရတော့သည်။ ထို့ကြောင့် မင်းကြီးသုစန္ဒြမအား မေးလျှောက်ရတော့သည်။

"မင်းကြီး … ကျွန်ုပ် တစ်ခုလောက် မေးလျှောက်ပါရစေ"

"မေးပါလော့ သုခနုမင်းသား"

"ဤ ထောင်ပေါင်းများစွာသော သတ္တဝါတို့ကို ယဇ်ပူဇော်ရာ လှောင်ဝင်းအတွင်း၌ လှောင်ပိတ်ခြင်းကား အဘယ်ကြောင့်နည်း"

သုခနုမင်းသား၏ အမေးကို သုစန္ဒြမမင်းကြီးက ပြန်လည်ဖြေကြားသည်။

"ဤသတ္တဝါတို့ဖြင့် ယဇ်ပူဇော်ရမည် ဖြစ်သည်၊ ဤသည်

ဆယ်ပါး၏ လမ်းစဉ်နောက်သို့ လိုက်ပါသူသည် အဂ္ဂဘုံ၌ တစ်ဖန် ဖြစ်တုံ၏၊ အရှင်မင်းကြီး ယခုယူလာသော ပစ္စက္ခ လမ်းစဉ်သည်ကား အဂ္ဂဘုံသို့သွားရာ လမ်းစဉ်မဟုတ်၊ ငရဲသို့ လားရာလမ်းစဉ် ဖြစ်ချေ၏"

သုစန္ဒြမမင်းကြီးသည် သုမနေမင်းသား၏ တရားဓမ္မဆိုင်ရာ ဩဟောကြားချက်ကို ခေါင်းတဆတ်ဆတ် ညိတ်ကာညိတ်ကာဖြင့် ကြားနာသည်။ သုမနေမင်းသား၏ စကားအဆုံးဝယ် မင်းကြီး တွေဝေစွာ ငေးစားနေမိတော့သည်။ သူ့လုပ်ဆောင်ချက်များသည် မှန်သည်လား၊ မှားသည်လား ဆိုသည်မှာ သုမနေမင်းသားလေးက ခြင်တတ်အောင် ခွဲခြားပြသွားခဲ့ပေပြီ။ ငရဲသို့ လားရာလမ်းစဉ်ကို သူ ကျင့်မိပေတော့မလို့ပေါ့ဟု တွေးမိကာ သုမနေမင်းသားအား နှစ်မြို့က်သဘောကျမိရတော့သည်။ ဒီမင်းသားကြောင့်သာ သူ လမ်းမှားသို့ မရောက်စေခဲ့တာ မဟုတ်လား။

အခြားသော ဘုရင်အပေါင်းတို့နှင့် လူထုပရိသတ်အပေါင်း တို့သည် သုမနေမင်းသားလေး၏ စကားကို နှစ်ခြိုက်သက်ဝင်ခြင်း ဖြစ်ကြကုန်သည်။

အသံတွေသည် တိတ်ဆိတ်ငြိမ်သက်စွာ နားထောင်နေရာမှ သုမနေမင်းသားလေး၏ စကားအဆုံးဝယ် ကျွတ်စီကျွတ်စီ ပြန်လည် ပေါ်ထွက်လာသည်။

မင်းတရားကြီးလည်း မိမိအမှားကို သိမြင်သွားရပြီဖြစ်သော ကြောင့် အမိန့်တစ်ရပ် ချမှတ်လိုက်လေသည်။

**"ယစ်ပူဇော်မယ့် ရေနေသတ္တဝါ၊ ကုန်းနေသတ္တဝါအားလုံး**

ရယူခြင်းသည် ခမ္မမဟုတ်၊ ဘဝကို ရယူခြင်းမှ ရှောင်ကြဉ်ခြင်းသာလျှင် ဓမ္မဖြစ်၏၊ ခိုးခြင်းသည် ဓမ္မမဟုတ်၊ ခိုးခြင်းမှ ရှောင်ကြဉ်ခြင်းသာလျှင် ဓမ္မဖြစ်၏၊ အာရုံပျော်ပါးမှုများနောက်သို့ လိုက်ပါမှောက်မှားခြင်းသည် ဓမ္မမဟုတ်၊ အာရုံ ပျော်ပါးမှုများနောက်သို့ လိုက်ပါမှောက်မှားခြင်းမှ ရှောင်ကြဉ်ခြင်းသာလျှင် ဓမ္မဖြစ်၏၊ မူးယစ်စေသော အရက်သေစာနှင့် မူးယစ်စေသော အခိုးအငွေ့တို့ကို စားသောက်ရှူရှိုက်ခြင်းသည် ဓမ္မမဟုတ်၊ မူးယစ်စေသော အရက်သေစာနှင့် မူးယစ်စေသော အခိုးအငွေ့တို့ကို စားသောက်ရှူရှိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ မုသာဝါဒ ပြောဆိုခြင်းသည် ဓမ္မမဟုတ်၊ မုသာဝါဒပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ အချည်းနှီးသောစကားကို ဆိုခြင်းသည် ဓမ္မမဟုတ်၊ အချည်းနှီးသော စကားဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ အကျိုးမဲ့သော သမ္ဖပ္ပလာပစကားဆိုခြင်းသည် ဓမ္မမဟုတ်၊ အကျိုးမဲ့သော သမ္ဖပ္ပလာပစကားဆိုခြင်းမှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ အဝိဇ္ဇာသည် ဓမ္မမဟုတ်၊ အဝိဇ္ဇာမှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ ဆန္ဒစိတ်နှင့် အာဃာတဖွဲ့ခြင်းတို့သည် ဓမ္မမဟုတ်၊ ယင်းတို့မှ ရှောင်ကြဉ်ခြင်းသည်သာလျှင် ဓမ္မဖြစ်၏၊ မိစ္ဆာဒိဋ္ဌိသည် ဓမ္မမဟုတ်၊ သမ္မာဒိဋ္ဌိ မှန်ကန်သော အယူသည်သာလျှင် ဓမ္မဖြစ်၏၊ မှန်ကန်သော ကျင့်ကြံမှု

နေရသည်။ ရှက်စိတ်ကြောင့်လား၊ ရင်ခုန်နေမှုကြောင့်လား မသိ။ ညွတ်လုခွေယိုင်ချင်နေသော ခြေထောက်များကို အားယူ၍ တစ်လှမ်းချင်း ထိုသူလေးထံ လှမ်းလာမိနေပြီ။

သုဓနုမင်းသားသည် သူ့ထံသို့ လှမ်းလာနေသော ကိန္နရီမယ် မနော်ဟာရာလေးအား အပြုံးနှင့် ဆီးကြိုကာ လှမ်းလင့်မိသည်။ သည်ကိန္နရာမယ်လေးကို သူ မြင်မြင်ချင်း နှစ်သက်စွဲလန်းမိရပြီ။ ချစ်မိနေပြီ။ သနားကရုဏာသက်မိသည်မှစ၍ ဖြစ်တည်လာရသော ချစ်စိတ်ကြောင့်လည်း သူမလေးအား မြတ်နိုးသဒ္ဓါ ပိုမိခဲ့လေပြီ။ အဖော်အပေါင်းတို့နှင့် ဝေးကွာကာ အမျိုးမတူသူ လူသားတို့အလယ်တွင် အားငယ်ထိတ်လန့်နေရှာရသော သူမလေးကို သူ့ရင်ခွင်ထဲ နွေးထွေးလုံခြုံစွာ ကာကွယ်ပေးထားလိုက်တော့မည်ဟုလည်း သူ ဆုံးဖြတ်ထားမိပါတော့သည်။

အနားသို့ ရောက်ရှိလာသော မနော်ဟာရာသည် သုဓနုမင်းသားအား ရွှန်းလဲ့စွာကြည့်၍ -

"ကျွန်ုပ်၏ အသက်ကို ကယ်တင်ခဲ့တဲ့အတွက် အရှင့်သားကို ကျေးဇူးတင်လှပါတယ်"

ဟု လှိုက်လှိုက်လှဲလှဲ ပြောသည်။

မင်းသားလေးသုဓနုက အပြုံးဖြင့်သာ ခွန်းတုံ့ပြန်၏။ ထို့နောက် မင်းကြီးသုစန္ဒြမဘက်သို့ လှည့်ကာ -

"အရှင်မင်းကြီး ... အကျိုးလည်း မယုတ်စေသော၊ မီးလျှံလည်း ကင်းမဲ့စေသော ယဇ်ပွဲကို စီရင်ကျင်းပနိုင်ပါသည်၊ ဤယဇ်ပွဲသည် အချည်းနှီးမဖြစ်ပါစေနှင့်"

ကို အနှောင်အဖွဲ့မှ လွှတ်မြောက်စေ”

မင်းကြီး သုစန္ဒြိမ၏ အမိန့်သံအဆုံးဝယ် မင်းချင်းများသည် လှောင်အိမ်တံခါးကို ချိုင်းခနဲမြည်အောင် ဖွင့်လိုက်ကြသည်။ လှောင်အိမ်အတွင်းမှ သတ္တဝါတို့သည် သူ့ထက်ငါ အလုအယက် တိုးဝှေ့ထွက်ကြလေ၏။ လူထုပရိသတ်ကြီးကလည်း သတ္တဝါများ သွားလာစရာလမ်းကို ဖယ်ရှားပေးလိုက်ကြသည်။ သတ္တဝါများ သည် ပြေးလွှားခုန်ပေါက်ရင်း အနီးဆုံးတောအုပ်တွင်းသို့ တိုးဝင် ပျောက်ကွယ်သွားကြတော့သည်။ ထို့နောက် မင်းချင်းများက ရေနေ သတ္တဝါများ ထည့်ထားသော ရေစည်ကြီးကို ဝိုင်းဝန်းမ,ကြကာ မြစ်စပ်ဆီသို့ရောက်သော် သတ္တဝါများအား လွှတ်ပေးလိုက်ကြပါတော့ သည်။ အနှောင်အဖွဲ့မှ လွတ်မြောက်သွား၍ မြူးထူးစွာ ခုန်ပေါက် ပြေးလွှားသွားကြသော သတ္တဝါများကို ကြည့်ရင်း မင်းကြီး သုစန္ဒြိမ သည် ဘဝင်တငြိမ့်ငြိမ့်နှင့် ရှိနေဆဲ။

အချုပ်အနှောင်မှ လွတ်မြောက်ခဲ့ရသော ကိန္နရီမယ် မနော် ဟရာသည် သုခနုမင်းသားလေးဆီသို့ လှမ်းကာ လျှောက်လာနေ သည်။ သူမသည် ထိုမင်းသားလေးအပေါ် အားကိုးအားထားပြုသော စိတ်တို့ ဖြစ်တည်လာရပြီ မဟုတ်လား။ ယဇ်ကောင်ဖြစ်တော့မည့် အရေးမှ ကယ်တင်ပေးလာသော ကယ်တင်ရှင်လေးအပေါ် ခင် မင်နှစ်လိုစိတ်တို့သည် တဖွားဖွား ပေါက်ဖွားလာခဲ့ရပြီ။ သူမ ထိုသူလေးကို ချစ်မိနေပြီ။ ဘယ်ဘဝက ရေစက်ကြောင့်များလဲ မသိ။ မြင်မြင်ချင်း ချစ်စိတ်တို့ အုံဖွဲ့ ဖြစ်တည်လာခဲ့ရပြီ။ ရင်အစုံသည် နူးညံ့နွေးထွေးသော အကြည့်စက်ကွင်းအောက်၌ ပရမ်းပတာ လှုပ်ခတ်

ဟု ပြော၍ မင်းကြီးသည် ကြီးမြတ်သော အလှူဒါနပြုပွဲကြီးကို ပြင်ဆင်ချေတော့၏။ လူထုပရိသတ်အပေါင်းကလည်း မင်းကြီးသုစန္ဒြမ၏ မြင့်မြတ်လှသော ယဇ်ပွဲကြီးကို နှစ်ထောင်းအားရ ဖြစ်မိကြတော့သည်။ ယဇ်ပွဲသဘင်သည် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသည်။ မင်းကြီးသည် အလှူပွဲကို သဒ္ဓါအား ထက်သန်စွာဖြင့် လှူဒါန်းသမှု ပြုသည်။

ရောက်ရှိလာသော မင်းပရိသတ်အပေါင်းကလည်း ပျော်မဆုံး၊ မော်မဆုံး အလှူပွဲသည် ခြိမ့်ခြိမ့်သဲ ခမ်းနားလှပေတော့သည်။

သုဓနုမင်းသားနှင့် မနော်ဟာရာသည်လည်း တစ်ဦးနှင့်တစ်ဦး အကြိမ်ကြိမ် မျက်ဝန်းခြင်း ဆုံမိကြသည်။ အကြိမ်ကြိမ် ပြုံးပြမိကြသည်။ အကြိမ်ကြိမ် ရင်ခုန်လှိုက်မောနေမိကြတော့၏။

✸

အလှူပွဲသည် ကျင်းနေဆဲမို့ သုဓနုသည် မနော်ဟာရာအား ခေါ်၍ လူရှင်းသောအရပ်သို့ လှမ်းလာခဲ့လေသည်။ မနော်ဟာရာသည် သုဓနုအပေါ် ယုံကြည်အားကိုးစိတ်ဖြင့် လိုက်ပါလာခဲ့သည်။ အေးစိမ့်ငြိမ်းချမ်းသော နေရာသို့အရောက် သုဓနုက မနော်ဟာရာအား စကားစလေ၏။

"နှမငယ် မနော်ဟာရာ၊ သင်၏အရပ်ဆီသို့ သင်ပြန်တော့မှာလားဟင်"

သုဓနု၏ အသံသည် စိုးရိမ်ပူပန်သံစွက်လျက် မေးခြင်း

"ဘယ်လို … အကျိုးလည်း မယုတ်၊ မီးလျှံလည်း ကင်းမဲ့သော ယဇ်ပွဲကျင်းပရမယ်၊ အဘယ်သို့ ယဇ်ပွဲမျိုးလဲ၊ အကျွန်ုပ် နားလည်အောင် ရှင်းလင်းစွာ လျှောက်ပါလော့ သုမနေ"

မင်းကြီးက သုမနေမင်းသား၏စကားကို နားမလည်နိုင်စွာဖြင့် မေးမြန်းသည်။

"ဒီလိုပါမင်းကြီး၊ အကျိုးလည်း မယုတ်၊ မီးလျှံလည်း ကင်းမဲ့သော ယဇ်ပွဲဟူသည်မှာ အကျင့်သီလနှင့် ပြည့်စုံသော သူတော်စင်ယောဂီများကိုလည်းကောင်း၊ ဗြာဟ္မဏများ၊ ဖုန်းတောင်းယာစကာများကို လည်းကောင်း၊ အာဂန္တုက ခရီးသွားများကို လည်းကောင်း မွန်မြတ်သော အစာရေစာတို့အား ကျွေးမွေးလှူဒါန်းခြင်း၊ အဝတ်အစားကောင်းများ ပေးကမ်းစွန့်ကြဲခြင်း စသည်ဖြင့် ပြုမူဆောင်ရွက်ခြင်းကို ဆိုလိုပါတယ် မင်းကြီး"

သုမနေမင်းသား၏ လမ်းညွှန်ပြောပြချက်ကြောင့် သုစန္ဒိမမင်းကြီး၏ စိတ်အာရုံတွင် ဉာဏ်မျက်စိအလင်း ဖျပ်ခနဲ ပွင့်လာရပြီး မင်းကြီးသည် အားရပါးရ ပြုံးတော်မူလိုက်ကာ သုမနေမင်းသားအား ဝမ်းသာအားရစွာဖြင့် ကျေးဇူးတင်ကြောင်း ဆိုချေတော့၏။

"ကျေးဇူးကြီးမြတ်လှပါတယ် သုမနေမင်းသားရယ်၊ အသင့်လမ်းညွှန်ပြောဆိုမှုကြောင့်သာ အကျွန်ုပ် ဘာလုပ်ရမည်ကို ကောင်းကောင်းသဘောပေါက်ရတော့တယ်၊ အသင် ညွှန်ပြတဲ့အတိုင်း ကျွန်ုပ်လိုက်နာပါ့မယ်"

ရှက်ရိပ်တို့ စွန်းထင်လျက် နီမြန်းနေသည်။ သူမ သတိလက်လွတ် ငေးမောမိသွားရသည်။ မနော်တဲ့လား။ ကျွန်မကို ချစ်ဖို့နေပြီတဲ့လား ရှင်ရယ်။ ရှင်ဟာ သိပ်ချစ်စရာကောင်းလှတဲ့ သူပါပဲလား။ ကျွန်မ လည်း ရှင့်ကို …

"ဟုတ်တယ် မနော်၊ ဒါ သေချာတယ်၊ ကျုပ် မနော်ကို ချစ်တယ်၊ ကျုပ်ကို ခွဲပြီး မသွားပါနဲ့လားဟင်၊ ကျုပ်ကို ထားမသွားပါနဲ့နော်"

တောင်းဆိုတာလား။ တောင်းပန်တာလား သေချာမသိ ပေမယ့် သူက စိုးရိမ်ပူပန်စွာ ပြောနေသဖြင့်လည်း မနော်ဟရာ၏ နှလုံးသည်းပွတ်အတွင်းဝယ် ချစ်ရည်တို့ ရည်ပျော်စီးဆင်းလာမိသည်။ မေတ္တာရောင်လွှမ်းသော မျက်ဝန်းများဖြင့် သူ့ကို ပြုံးကာ ကြည့်နေ မိသည်။

"ပြောပါဦး မနော်၊ ကျုပ်အချစ်ကို လက်ခံတယ် မဟုတ် လား ဟင်၊ ကျုပ်ကို ချစ်တယ်မို့လားဟင်"

သူ့ရဲ့ အာငွေ့နွေးနွေးသည် စကားပြောလိုက်တိုင်း မျက်နှာ ပြင်ဝယ် တို့ထိနေသည်။ မျက်ဝန်းတို့သည် ချစ်ရည်တို့ တဖိတ်ဖိတ် လက်ကာ လျှံကျလာတော့မတတ် လဲ့ရည်နေသည်။ ငုံ့မိုးကြည့် နေသော မျက်နှာပြင်သည် သူမမျက်နှာနှင့် ထိကပ်လုမတတ် နီးစပ် နေသည်။ အနေရခက်စွာ ရှက်ရွံ့မှုကြောင့် သူမ မျက်နှာကို အောက်သို့ ငုံ့လျှိုးမိလိုက်သည်။ မျက်တောင်တို့ကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ ကိုယ်ပေါ်မှ ဝတ်ဆင်ထားသော ဝတ်ရုံစကို အကြောင်းမဲ့ ဆုပ်ချေပစ် မိနေ၏။

ဖြစ်သည်။ မနော်ဟာရာက စိုးရွံ့စွာ ကြည့်နေသော မျက်ဝန်းအကြည့်များကို လွှဲဖယ်လိုက်ပြီး မျက်လွှာချသည်။ ပြီးနောက် သက်ပြင်းသဲ့သဲ့ချလိုက်၏။

သူမ ဘယ်လိုပြောရမည်လဲ။ သူ့ထံတွင် ကပ်ငြိတွယ်နေသော ချစ်စိတ်တို့ကို လျစ်လျူရှု၍ သူမ၏အရပ်ဆီမှ ပြန်ရမည်လား။ သူမ ပြန်မှာကို စိုးရွံ့နေသော မျက်ဝန်းများကို ဥပေက္ခာပြု၍ သူမ ထွက်ခွာသွားရတော့မည်လား။ သူမ မဆုံးဖြတ်တတ်အောင် ဖြစ်မိသည်။ သူမ သူ့ကို ချစ်မိနေပြီ။ အချစ်နှင့် ဝေးရာသို့ သူမ ပြေးထွက်ရန် အားအင်တွေ မရှိတော့။ ချစ်သူ့ရင်ခွင်ထဲ၌သာ ခိုဝင်တွယ်ငြိချင်နေမိတော့သည်။

မနော်ဟာရာသည် သက်ပြင်းကိုသာ ထပ်ခါထပ်ခါချရင်းဆိတ်ဆိတ်ငြိမ်သက်နေမိ၏။ သူမ မျက်ဝန်းတို့သည် ဝမ်းနည်းအားငယ်စိတ်ကြောင့် မျက်ရည်တို့ ဝေ့သီလာခဲ့ကော့သည်။

"မနော်ဟာရာ ... ဖြစ်နိုင်ရင်လည်း အသင်၏ အရပ်သို့ မပြန်ပါနဲ့လား ဟင်"

သုမနသည် တုန်လှုပ်စိုးရွံ့စွာပြောရင်း တစ်ခုခုကို ထပ်မံပြောရန် အားယူသလို တံတွေးတို့ကို အခါခါမျိုချသည်။ အပြောရခက်နေသလို စိ...်လှုပ်ရှားနေသလိုဖြင့် နှုတ်ခမ်းတို့ကို ဖိကိုက်သည်။ ပြီးနောက် အားယူ၍ ပြောသည်။

"ကျုပ် ... ကျုပ်လေ ... မနော်ကို ချစ်မိနေပြီ"

မနော်ဟာရာ၏ ရွှန်းလဲ့ဝိုင်းစက်သော မျက်ဝန်းများကမျက်လွှာပင့်ကာ ကြည့်လာသည်။ သုမနမင်းသား၏ မျက်နှာပြင်ငယ်

သင့်ကိုလည်း ကျွန်ုပ် ...”

မနော်ဟာရာက စကားတို့ကို တစ်ဝက်တစ်ပျက် ရပ်ပစ်လိုက်ကာ အရှက်သည်းစွာ တစ်ချက်ရယ်သမ်းသွေးသည်။ ထို့နောက် နှုတ်ခမ်းတို့ကို သွားနှင့် ဖွဖွဖိကိုက်ကာ ငြိမ်သက်နေသည်။

“ဆက်ပြောလေ မနော်၊ ကျွန်ုပ်ကို ဘာဖြစ်တာလဲလို့”

သုခနေက ပြုံးစစနှင့် အတင်းမေးနေသည်။ မနော်ဟာရာသည် ရှက်ဝဲသော မျက်စောင်းလှလှလေး တစ်ချက်ထိုးလိုက်ရင်း ...

“ချစ်မိနေပါပြီလို့ ... ကဲ ... သိပြီလား”

သုခနေသည် ကြည်နူးစွာ ပြုံးရယ်လိုက်ကာ မနော်ဟာရာလေးအား ရင်ခွင်ထဲ သွင်းထားလိုက်မိတော့သည်။

“မနော်ရယ်”

ဟူ၍လည်း တိုးညှင်းစွာ ရေရွတ်၏။ အသံတို့သည် အဖျားခတ် တုန်ရင်သွားမှန်း သတိထားမိလိုက်သည်။ မင်းဟာ သိပ်လှတဲ့ နတ်မိမယ်တစ်ပါးပါပဲ။ သင့်ရဲ့အလှကွန်ယက်မှာ ကျွန်ုပ် ရုန်းမထွက်နိုင်အောင်ဘဲ စွဲလန်းမိစေခဲ့ရပြီ။ ကျွန်ုပ်ရဲ့ ရင်ခွင်ထဲမှာ ကျွန်ုပ်ရဲ့ အချစ်တွေနဲ့ ပျော်မွေ့ပါတော့ မနော်လေးရယ်။

မနော်ဟာရာသည် သူ့ရင်ခွင်ထဲ၌နေ၍ နှလုံးသွေးတို့ တဒိတ်ဒိတ် ခုဝေကာ ရင်ခုန်လှိုက်မောနေမိတော့သည်။ သူမနှင့် အမျိုးအနွယ်မတူသူ လူသားတစ်ဦးနှင့် ချစ်မိသွားရသည့် မိမိအဖြစ်ကိုလည်း အဆန်းတကြယ် အံ့ဩနေမိရတော့သည်။ ထိုလူသားအပေါ်အားကိုးယုံကြည်သက်ဝင်နေမိပြီ။ တွယ်တာမြတ်နိုးစိတ်တို့ လွှမ်းကနေမိသည်။ ထိုသူလေးအား မခွဲနိုင်ရက်စွာဖြင့်လည်း သူမတိုင်းပြည်ကို

"မနော်"

နီးကပ်စွာ ခေါ်လိုက်သော အသံသည် သူမ ကိုယ်လေးအား ဆတ်ခနဲ တုန်သွားမိသည်အထိ စိတ်လှုပ်ရှားသွားမိရသည်။

"ပြောဦးလေ ... ချစ်တယ်မို့လားလို့"

"အို"

နှုတ်ခမ်းလေး စုဟ,ကာ ရေရွတ်လိုက်ရင်း ရှက်ရွံ့မှု သည်းထန်နေသော သူမလေးကိုကြည့်ကာ သုခနုမင်းသားလေး ပိုမို၍ မြတ်နိုးလာမိရတော့၏။ ပါးမို့မို့လေးသည် ရှက်ရွံ့နေမှုကြောင့်လား မသိ။ နီဆွေးဆွေးလေး ဖြစ်လို့နေသည်။ နှာရွက်ဖျားကလေးတောင် နီမြန်းနေလို့။ ရှည်လျားကော့မြသော မျက်တောင်ရှည်များကို ပုတ်ခတ် ပုတ်ခတ်လုပ်ကာ နှုတ်ခမ်းတို့သည် တုန်ရီလို့နေ၏။ အဲလောက်တောင် အရှက်သည်းနေရလား မိန်းကလေးရယ်။ တောင်းပန်ပါတယ်။ အဲဒီ နှုတ်ခမ်းတွေက ကျုပ်က မငြင်းလိုက်ပါနဲ့နော်။ ကျုပ်လေ ... မင်းနဲ့ခွဲရမှာ ကြောက်နေမိတယ်။ ကျုပ် မင်းကို ချစ်တယ် မနော်။ ကျုပ်အချစ်တွေကို မငြင်းပါနဲ့ မနော်ရယ်။

ဟင် ... မနော့်နှုတ်ခမ်းတွေ ပြုံးနေပါလား။ ဒါ ... ဒါဆို ...။

"မနော် ... ကျုပ်ကို ပြန်လည်ဖြေကြားပါဦးလားကွယ်"

မနော်ဟာရာသည် သူ့ထံသို့ မျက်ဝန်းအကြည့်တို့ ဖွေ့ခနဲ ရောက်ရှိလာ၏။ နှုတ်ခမ်းတို့ ရွှန်းပစွာပြုံးသည်။ ချိုသာအေးမြသော အသံသည် နှုတ်ခမ်းဖျားတို့မှ ခုန်ထွက်လာလေ၏။

"ကျွန်ုပ် သင့်ရဲ့အချစ်ကို လက်ခံပါတယ် အရှင့်သား။

အကြောင်းမူကား မနော်ဟာရာ ကိန္နရီပျိုမလေးအပေါ် ချစ်မိသည့်စိတ်တို့သည် စိတ်အာရုံအတွင်း လွှမ်းမိုး ဖုံးကွယ်သွားပြီ ဖြစ်လေတော့သည်။

* * *

ပြန်ဖို့ မစဉ်းစားချင်တော့ပြီ ဖြစ်၏။

✸

ယဇ်ပွဲသည် ပြီးဆုံးသွားခဲ့ချေပြီ။

သုစနမင်းသားနှင့် မနော်ဟာရာတို့သည် ဆင်၏ ကျောပြင် ထက်၌ လိုက်ပါစီးနင်းကာ သီဟပူရပြည်မှ ဟတ္ထိနာပူရပြည်သို့ ထွက်ခွာလာကြသည်။ မင်းကြီးသုစန္ဒြမသည် သုစနမင်းသားလေး အား ကျေးဇူးတင်လှသဖြင့် ခမ်းနားထည်ဝါသော အခမ်းအနားကို စီရင်စေလျက် ဟတ္ထိနာပူရပြည်သို့ ပြန်စေ၏။ ကိုယ်ရံတော် အခြောက်အမြားဝန်းရံကာ ချပ်ဝတ်တန်ဆာများ ဆင်ယင်ထားသော ဆင်၏ကျောပြင်ထက်တွင် ထိုင်စေလျက် ထွက်ခွာစေခြင်းဖြစ်သည်။ လက်ဆောင်ပဏ္ဏာ အခြောက်အမြားကိုလည်း ပေးလိုက်ပြန်သေး၏။

သုစန္ဒြမမင်းကြီးကို နှုတ်ဆက်ကာ သီဟပူရပြည်ကြီးမှ သူတို့နှစ်ဦး ထွက်ခွာလာခဲ့ကြပြီ။ တစ်ဦးကိုတစ်ဦး ချစ်မြတ်နိုးစွာ ပြုံးကြည့်နေလျက် အပြန်ခရီးလမ်းသည် ပျော်မွေ့ဖွယ်ရာပင် ဖြစ်ချေ တော့၏။

မနော်ဟာရာသည် ချစ်သူခေါ်ရာနောက်သို့ လိုက်ပါလာ ခဲ့ရပြီ။ သူမ၏ ချစ်စိတ်တို့သည် ကိန္နရီလောကကို မေ့လျော့သွားစေ ခဲ့ပြီဖြစ်၏။

သုစနမင်းသားလေးသည်လည်း ယဇ်ပွဲမှအပြန် တိုင်းရေး ပြည်ရာအတွက် မည်သို့လုပ်ဆောင်ရမည်ဆိုသည့် အတွေးတို့သည် လည်း ကြာရှည်နိုင်စွမ်း မရှိချေတော့။

ကႏချသည်တို့ကလည်း တညီတညာလှပစွာ ဟန်ချက်အညီ ကပြ ဖျော်ဖြေနေကြသည်။

မနော်ဟရာသည် ချစ်သူ သုစနုမင်းသား၏ မြို့တော်သို့ လိုက်ပါလာခဲ့ရသော်လည်း သူမစိတ်တွင်းဝယ် စိုးရိမ်ပူပန်မှုကို ရှိနေဆဲ ဖြစ်သည်။

'ချစ်သူ သုစနုမင်းသား၏ အမိအဖများမှာ သူမကို ချွေးမတော်အဖြစ် လက်ခံနိုင်ပါမည်လား၊ ကြည်ကြည်ဖြူဖြူ လက်ခံရင်တော့ ကောင်းပါရဲ့၊ သို့တည်းမဟုတ် အမျိုးအနွယ်မတူသဖြင့် ငြင်းဆိုလိုက်မှဖြင့် သူမ ဘယ်လိုလုပ်ရပါ့မလဲ'ဟု တွေးရင်း စိတ်တထင့်ထင့် ဖြစ်နေရ၏။

အနားတွင် ထိုင်နေသော ချစ်သူမျက်နှာကို စောင်းငဲ့ကြည့်မိသည်။ ချစ်သူကတော့ သူမရဲ့ စိုးရိမ်ပူပန်နေမှုတို့ကို ရိပ်မိပုံမရဘဲ လမ်းဘေးဝဲယာရှိ ကျွမ်းဘားကစား ဖျော်ဖြေနေသူများကို စိတ်ဝင်တစား ကြည့်ရှုနေသည်။ သူ့မျက်နှာပြင်သည် အံ့သြမှုအရိပ်အငွေ့များ ထင်ဟပ်နေလျက် ရှိသည်။

ဟုတ်ပါရဲ့။ ဟိတ္ထိနာပူရမြို့တော်သည် ဤသို့ ခမ်းနားဆန်းပြားသော အစီအရင်များ ပြုလုပ်ထားခြင်းသည် အဘယ်သို့သော အကြောင်းကြောင့်များပါလိမ့်။ အဘယ်သို့သော ပွဲလမ်းသဘင်မျိုး ရှိနေလို့ပါလိမ့်ဟု တွေးမိကာ သူမလည်း တအံ့တသြ ဖြစ်မိရသည်။

"မောင်တော် ... ဟိတ္ထိနာပူရမြို့တော်က ဘာကြောင့် ဒီလောက်စည်ကားသိုက်မြိုက်နေရတာလဲဟင်၊ ပွဲလမ်းသဘင်များ ရှိနေလို့လား"

## အခန်း(၆)

သီဟပုရမြို့တော်မှအပြန် ဟတ္ထိနာပူရ၏ မြို့တော်အဝင်လမ်းသည် ခမ်းနားဆန်းပြားလွန်းနေသည်ဟု မနော်ဟရာ ထင်မိသည်။ အဝင်လမ်းတစ်လျှောက်တွင် နေခြည်ကာများကို ဖြန့်ကျက်ထားသည်။ တောက်ပသော အထည်အသွေးတို့ရှိသော ကော်ဇောများကို ခင်းကျင်းထားသည်။ လမ်း၏ ဘေးတစ်ဖက်တစ်ချက်တွင် သစ်လွင်လှပသော အထည်အသွေးတို့ဖြင့် ပန်းဆိုင်းပန်းခက်များ အလှဆင်ယင်ထားလေသည်။ ထိုပန်းဆိုင်းပန်းခက်တုများကို ပန်းပွင့်တို့မှ ပြုလုပ်ထုတ်ယူထားသော ပန်းပေါင်းနံ့သာတို့ဖြင့် ဖျန်းဆွတ် ကြဲမွှန်းထားသေးသည်။ မွှေးကြိုင်ထုံအီသော ရနံ့များ ဝန်းကျင်တစ်ခုလုံး ပျံ့ဝဲနေတော့၏။

ဂျိမ်းခနဲ ဂျိမ်းခနဲ ထုနှက်လိုက်သော စည်သံသည် နှလုံးအိမ်ထဲထိ အုံးခနဲမြည်ဟီး၍ သွားလေသည်။ လမ်းဘေး တစ်ဖက်တစ်ချက်တွင် စည်ကြီးကို တီးခတ်နေသော စည်တီးသမားတို့သည်လည်း မမောနိုင် မပန်းနိုင်စွာ အားပါးတရ တီးထုနေသည်။

**စည်မှုချက်အလိုက် ယိမ်းနွဲ့လှုပ်ရှားနေသောသချောင်းသည်**

မနော်ဟာရာ၏အမေးကို သုစန္ဒနုမင်းသားက ခေါင်းရမ်းပြရင်း ...

"မောင်တော်လည်း မသိပါဘူးကွယ်၊ ခမည်းတော်ဘုရားဘာတွေများ စီစဉ်ထားလဲဆိုတာ မောင်တော် မတွေးတတ်အောင်ဘဲ၊ ဖခမည်းတော်နဲ့ တွေ့မှ မေးကြည့်ရမယ်"

ညင်သာပျော့ပျောင်းသော အသံတစ်ခု သူမတို့ နှစ်ဦးကြားပျံ့လွင့်လာ၏။ နှစ်ယောက်စလုံး ပြိုင်တူလိုပင် အသံလာရာဆီသို့ လှည့်ကြည့်မိကြသည်။

ညှင်းသွဲ့ပျော့ပျောင်းသော စောင်းတီးသံပင်ဖြစ်၏။ တို့ထိခတ်လိုက်သော စောင်းကြိုးများအောက်မှ ထွက်ပေါ်လာသောစောင်းသံနှင့် စည်းချက်ညီညီ သီဆိုနေသူများကလည်း သာယာချိုအေးစွာ သီဆိုနေကြ၏။

ရှေ့ခပ်လှမ်းလှမ်းတွင်တော့ တိုက်ခိုက် သတ်ဖြတ်ဟန်အလှပြနေသော နပမ်းသမားများကို တွေ့ရပြန်ပါသည်။

သုစနုမင်းသားနှင့် မနော်ဟာရာတို့သည် ကြီးကျယ်ခမ်းနားသော ဆင်ယင်မှုမျိုးဖြင့် ရှိနေကြသော အမျိုးမျိုးသော အစီအစဉ်တို့အားကြည့်ကာ အံ့သြပြီးရင်း အံ့သြနေကြရသည်။ လမ်းဘေးဝဲယာတစ်ဖက်တစ်ချက်စီတွင်လည်း ထောင်ပေါင်းများစွာသော မြို့သူမြို့သားများက သောင်းသောင်းဖြဖြ ကြိုဆိုနေကြသည်။

"လှလိုက်တာနော်"

"ဟုတ်ပါရဲ့၊ ဒီလောက်ချောမောပုံမျိုး ငါ့တစ်သက် မမြင်ဖူးပါဘူးဟယ်"

"ဟဲ့ ... အဲဒါ ကိန္နရီမလေးတဲ့"

"အို ... ဟုတ်လား၊ သုမနမင်းသားလေးက ကိန္နရီမလေးကို မိဖုရားမြှောက်မှာပေါ့"

"သုမနမင်းသားလေးနဲ့ ကိန္နရီမလေးက နေနဲ့လ ရွှေနဲ့မြပါပဲ၊ လိုက်ဖက်ညီလှပါတယ်"

စသည်ဖြင့် ချီးကျူးပြောဆိုသံများ ညံစည်ဝေလျက်ရှိနေ၏။ ဆိုင်းသံ တခြိမ့်ခြိမ့်။ စောင်းသံ တငြိမ့်ငြိမ့်နှင့် ဟိတ္ထိနာပူရ မြို့တော်တွင်းဝယ် ခြိမ့်ခြိမ့်သဲသဲ စည်စည်ဝေဝေ ရှိနေလေတော့သည်။

သုမနနှင့် မနော်ဟရာသည် ဆင်ထက်ဝယ် လိုက်ပါစီးနင်းရင်း ဟိတ္ထိနာပူရနန်းတော်ရှိရာသို့ တရွေ့ရွေ့ နီးကပ်လာချေပြီဖြစ်၏။

* * *

## အခန်း(၇)

မြင်တွေ့လိုက်ရသောမြင်ကွင်းသည် သုမနမင်းသားနှင့် မနော်ဟာရာအား ပို၍ အံ့သြမိစေရတော့သည်။ နန်းတော်၏ အဝင်ဝ မုခ်တံခါးအနီးတွင် ဖခမည်းတော်ဖြစ်သူ သုဗာဟုမင်းကြီးနှင့်အတူ မယ်တော်ရော၊ နောက်လိုက်နောက်ပါ မှူးမတ်ဗိုလ်အပေါင်းများပါ စောင့်မျှော်ကြိုဆိုနေမှုကို ကြုံတွေ့လိုက်ရ၍ပင် ဖြစ်၏။

နန်းရှေ့တွင် တုံ့ရပ်သွားသော ဆင်ထက်မှ အသာအယာ ဆင်းကာ ဖခမည်းတော်ဆီ သုမနမင်းသား အပြေးကလေး လှမ်းလာ မိသည်။ မနော်ဟာရာအား တွဲခေါ်ဖေးမ၍ပေါ့ ...။

"ဖခမည်းတော် ... သားတော် ပြန်ရောက်လာမှာကို ကြိုသိနေတာလား ဘုရား"

သုမနက အလောတကြီး ဝမ်းသာအားရ မေးသည်။ ဖခမည်းတော်က ပြုံးရယ်ကာ စကားပြန်ဆိုသည်။

"သုစန္ဒြမင်းက ဖခမည်းတော်ကိုတင်ကြို အမှာစာပို့ ထားပြီးလေပြီ သားတော်ရဲ့၊ ဒါကြောင့် ဒီနေ့ သားတော်ပြန်

ရောက်လာမယ်ဆိုတာ သိလို့ တခမ်းတနား ကြိုဆိုမှုကိုပြု ရတာပဲကွယ်"

"သြော် ... ဒါကြောင့် မြို့အဝင်လမ်းမှာ ခမ်းခမ်းနားနား စည်ကားနေတာ သားတော်တို့ကို ကြိုဆိုသမှု ပြုနေကြတာ ကိုး၊ မသိပါဘူး၊ သားတော်က ပွဲလမ်းသဘင်တွေများ ရှိတယ် အောက်မေ့လို့"

"ခုလို သိုက်သိုက်မြိုက်မြိုက် ကြိုဆိုတာကို သားတော် နှစ်သက်သဘောကျရဲ့လားကွဲ့"

မယ်တော်ကပါ ပြုံးကာ မေး၏။

"သဘောကျတာပေါ့ မယ်တော်ရယ်၊ သားတော်ဖြင့် ခုလို ခမ်းနားသိုက်မြိုက်စွာ ကြိုဆိုမှုကြောင့်လည်း ဖခမည်းတော် အပေါ် အထူးကျေးဇူးတင်ရှိမိပါတယ်၊ ဖခမည်းတော်ရဲ့ ချစ်ခင်ကြင်နာမှုကို သိခွင့်ရလို့ အံ့သြဝမ်းမြောက်မိရပါဘိ မယ်တော်ရယ်"

သုမနမင်းသား အားရဝမ်းသာစွာဖြင့် ပြုံးရယ်ကာ ဆို၏။ ဖခမည်းတော်နှင့် မယ်တော်တို့က ပြုံးရွှင်သန်းစွာဖြင့် သဘောတကျ ခေါင်းတညိတ်ညိတ်နှင့် ရှိနေရာမှ သူ၏နံဘေးတွင် ရပ်နေရှာသော မနော်ဆီသို့ အကြည့်တို့ ရောက်ရှိသွား၏။ စူးစမ်းအကဲခတ်နေပုံ ရသည်။ သုမနမင်းသားသည် ထိုအခါကျမှ မနော်နှင့် မိတ်ဆက် ပေးရဦးမည်ကို သတိရသွားကာဖြင့် -

"ဖခမည်းတော်နဲ့ မယ်တော်ဘုရား၊ သူက သားတော်ရဲ့ ကြင်ယာတော်အဖြစ် ရွေးချယ်လာသူပါ၊ မနော်ဟာရာတဲ့"

"သုစန္ဒြိမဘုရင်ရဲ့ ယဇ်ကောင်အဖြစ် ပူဇော်ခံရမယ့် ကိန္နရီမယ်လေးဆိုတာ သူလေးလား"

မယ်တော်က မေးသည်။ သုစနုမင်းသားက အံ့ဩသွားကာ-

"သုစန္ဒြိမင်းကြီးက အကြောင်းစုံ သံတော်ဦးတင်လျှောက်ထားစေပြီးပြီကိုး၊ မှန်ပါတယ် မယ်တော်၊ မနော်ဟာရာက ကိန္နရီမယ်လေးပါ"

မနော်ဟာရာသည် သူမအား မပြုံးမရယ် တည်တည်တံ့တံ့ စိုက်ကြည့်အကဲခတ်နေသော သုစနုမင်းသား၏ မယ်တော်နှင့် ဖခမည်းတော်အား စိုးရွံ့စွာကြည့်၍ မျက်လွှာအသာချမိသည်။

သူမလို ကိန္နရီမယ်တစ်ယောက်အား သားတော်ဖြစ်သူနှင့် သ[illegible]မတူ မကြည်ဖြူလေသလားဟူ၍ တွေးမိကာ စိုးထိတ်ပူပန်နေမိသည်။

"မနော်ဟာရာ၊ သင်သည် ဘယ်ပြည် ဘယ်အရပ်မှာ နေထိုင်သနည်း"

ဖခမည်းတော်၏ အမေးကြောင့် မနော်ဟာရာသည် ခေါင်းလေး ငုံ့လျှိုးနေရာမှ မရဲတရဲ မော်ကြည့်ကာ ပြောသည်။

"အကျွန်ုပ်သည် ဤတိုင်းဌာနတို့နှင့် လွန်စွာ ဝေးကွာလှသော ကိန္နရာတို့၏ နိရတိပြည်၌ နေထိုင်ပါသည်၊ အကျွန်ုပ်၏ ဖခမည်းတော်သည် ကိန္နရာတို့၏ဘုရင် ဒုမမင်းကြီးပင် ဖြစ်ပေတယ် မင်းကြီး"

"သြော် … အသင်က ဘုရင့်သမီးတော် တစ်ပါးပေကိုး"

မင်းကြီး အသိအမှတ်ပြုသလို မှတ်ချက်ချ၏။

"မောင်တော်ဘုရား၊ သားတော်တို့ ခရီးပန်းလာကြတယ် မဟုတ်လား၊ နားပါစေတော့ မောင်တော်"

မယ်တော်က ဝင်ပြောလိုက်တော့မှ -

"အင်း ... ဟုတ်ပေသားပဲ၊ ကဲ ... လာ၊ နန်းဆောင်ထဲ ဝင်ကြစို့"

✸

နန်းတော်သို့ ပြန်ရောက်ပြီး ထိုနေ့ညမှာပဲ မနော်ဟာရာသည် သူမ စိုးရိမ်ပူပန်နေခဲ့ရသည်တို့ကို သုမနမင်းသားအား ပြန်လည် ပြောပြမိလေ၏။

"မောင်တော် ... နှမတော်မှာဖြင့်လေ မောင်တော်ရဲ့ အမိအဖတွေ သဘောမတူဘူးလို့ ပြောလိုက်မှာကို ရင်တထိတ်ထိတ်နဲ့ စိုးရိမ်ပူပန်နေမိရတာ သိလား"

"ဩော် ... နှမတော်လေးရယ်၊ ဘယ်အတွက်ရယ် ကြောင့် တွေးပူနေရတာလဲကွယ်"

"နှမတော်က မောင်တော်တို့နဲ့ အမျိုးအနွယ်မတူသူ မဟုတ်လားလို့၊ ဒါကြောင့် ..."

အားငယ်စွာ ပြောနေသော မနော့် နှုတ်ခမ်းလေးများကို သုမနမင်းသားက လက်နှင့်တို့ထိကာ ပိတ်ကာရင်း စကားတို့ကို ရပ်တန့်စေလိုက်၏။

"အားငယ်စကားတွေ မပြောပါနဲ့လား နှမတော်လေးရယ်၊

အမျိုးအနွယ် မကူတော့လည်း ဘာဖြစ်လဲ၊ အခု မောင်တော်ရဲ့ ကြင်ယာတော် ဖြစ်နေပြီပဲလေ၊ ကိန္နရီဘဝကို မေ့ပစ်လိုက်ပါတော့နော်၊ မောင်တော်ရဲ့ အချစ်တွေနဲ့သာ ဒီဘဝမှာ ပျော်ရွှင်စွာ နေထိုင်သွားပါတော့ကွယ်''

ချစ်သူ၏ နှစ်သိမ့်စကားတို့ကို ကြားမိစဉ်မှာတော့ သူမစိုးရိမ်ပူပန်နေမှုတို့ အဝေးသို့ လွင့်ပြေးပျောက်ကွယ်သွားရပြီဖြစ်၏။ ချစ်သူရင်ခွင်ထဲမှာ မေးမှီရင်း သူမ ကြည်ကြည်နူးနူး ပြုံးဖြစ်ရသည်။ ချစ်သူရဲ့ အချစ်တွေနဲ့သာ သူမဘဝလေးကို တည်ဆောက်ရမည်။ ချစ်သူသည်သာ သူမရဲ့ ကမ္ဘာလေးတစ်ခု၊ ဘဝလေးတစ်ခုအဖြစ် အပြီးတိုင် မြှုပ်နှံလိုက်တော့မည် ဖြစ်၏။ နူးညံ့သိမ်မွေ့သော ချစ်ခြင်းတွေနဲ့သာ သူမဘဝလေး ပြီးပြည့်စုံစေလိမ့်မည်ဟုလည်း သူမယုံကြည်မိနေပြန်ပါတော့၏။ ဒါဟာ တုထည်ကြီးမားခိုင်ခံ့သော ချစ်ခြင်းမေတ္တာတရားတို့ဖြင့် လူမင်းသား ချစ်သူလေးအပေါ် ချစ်မြတ်နိုးမှုတို့ကြောင့်လည်း သေချာစေခဲ့ခြင်းပင် ဖြစ်လေတော့သည်။

''မောင်တော်''

''ဟင်''

''နန်းတွင်းက လူပျိုဖြူတွေက သိပ်လှ၊ သိပ်ချောကြတယ်နော်၊ ကြာရင် ဟောဒီက ကိန္နရီမလေးကို မေ့သွားမှဖြင့် နှမတော်လေး ရင်ကွဲပြီး ကိန္နရာပြည်ကို ပြန်နေရပါဦးမယ်''

''အို ... မပြန်ရပါဘူးနော်၊ မောင်တော်က နှမတော်လေးတစ်ယောက်ကိုပဲ စွဲစွဲမြဲမြဲ ချစ်ပါ့မယ်ကွယ်၊ ယုံပါနော်၊

ကိန္နရာပြည်ကို ပြန်မယ့်အကြောင်း မပြောပါနဲ့ကွယ်၊ မောင်တော် ရင်ထိတ်ရလွန်းလို့ပါ”

မောင်တော်က တကယ်ပင်ထိတ်ထိတ်ပျာပျာ ပြောနေသဖြင့် သူမ ရယ်ချင်မိလာရကာ ဟက်ဟက်ပက်ပက် ရယ်မောမိရတော့သည်။

“အင်းပါ မောင်တော်ရယ်၊ နှမတော်က မောင်တော့်ကို ခွဲပြီး ဘယ်မှမသွားပါဘူးကွယ်”

မောင်တော်က သူမစကားကို နှစ်သက်စွာ ပြုံးရင်း တင်းတင်းကျပ်ကျပ် ထပ်မံပွေ့ဖက်ထားလေ၏။ ထို့နောက် သူမ မျက်နှာပြင်ထက်ဆီသို့ မွှတ်သိပ်နူးညံ့သောအနမ်းများ တဖွဲဖွဲ ကျရောက်လာတော့၏။ သူမသည် ချိုမြိန်သော ထိုအနမ်းများကို ကြည်နူးနှစ်သက်စွာ ကျေကျေနပ်နပ်ကြီး ခံယူနေမိပြန်သည်။

ထိုအနမ်းများသည် သူမအတွက်တော့ နွေးထွေးမှုကို ပေးအပ်သော ဝတ်ရုံလွှာတစ်ခုလိုပင် လုံခြုံ နွေးထွေးသွားရစေတော့၏။

အေးမြသော လရောင်သည် စက်ရာဆောင် ခန်းတွင်းဆီသို့ ဖြန့်ကျက်ကျရောက်နေ၏။ လရောင်အောက်တွင် မြင်ရသော ချစ်သူအပြုံးများသည် မပီဝိုးတဝါး ရှိလှလေသည်။ အကြောင်းမူကား ခန်းမဆောင်တွင်း ထွန်းညှိထားသော ဆီမီးတိုင်သည် မီးစာကုန် ငြိမ်းသတ်သွားသောကြောင့်ပင် ဖြစ်သည်။ လရောင်ခြုံလွှမ်းထားသောညသည် သူမတို့နှစ်ဦး၏ ချစ်ရည်များ ဖျန်းဆွတ်ကြဲမွှန်းထားခြင်းကြောင့် သာလှပစေခဲ့ရပါတော့၏။

သည်လိုနှင့် သူမတို့နှစ်ဦးသည် ချစ်ရည်လူးသော နေ့ရက်များကို ကြည်နူးနှစ်သက်စွာ ဖြတ်ကျော်ခဲ့ကြ၏။ နေ့ရက်တို့သည် တစ်ဦးနှင့်တစ်ဦး ချစ်စိတ်တို့ဖြင့် ဖုံးလွှမ်းကာ ကုန်လွန်သွားခဲ့ကြပြန်၏။ သူမတို့၏ ချစ်ကမ္ဘာငယ်လေးအတွင်းဝယ် အရာအားလုံး မေ့လျော့ကွယ်ပျောက်သွားရလေတော့၏။ သာယာချိုမြိန်သော ချစ်နေ့ရက်များကို အစဉ်ဖန်တီးနေနိုင်မည်ဟုလည်း သူမတို့ ယုံကြည်ထားမိကြသည်။ သို့သော်လည်း အနာဂတ်သည် သူမတို့ တွေးထင်ထားသလို ဖြစ်မလာစေခဲ့ပေ။ ပျော်ရွှင်ဖွယ်ကောင်းသော နေ့ရက်တို့ကို ဖျက်ဆီးပစ်မည့် ခါးသက်သောဖြစ်ရပ်တို့သည် မကြာမီပင် ဖြစ်ပွားလာခဲ့ရတော့သည်။

* * *

## အခန်း(၈)

သုဓနုမင်းသားနှင့် မနော်ဟရာတို့၏ ချစ်ရည်လွှမ်းသော နေ့ရက်များကို ခါးသက်စေခဲ့ခြင်းမှာ သုဓနုမင်းသားသည် ခမည်းတော် သုဗာဟုမင်းကြီး၏ ခြောက်သောင်းသော မြို့ပြဆိုင်ရာတို့၏ ထောင်ပေါင်းများစွာသော ဝတ္တရားတို့သည် လစ်ဟင်းပျက်ကွက်ခဲ့ခြင်းမှ အစပြုခဲ့ခြင်းဖြစ်၏။

တစ်နေ့တွင် …

သုဗာဟုမင်းကြီးထံသို့ ခြောက်သောင်းသော မြို့ပြထဲမှ ဘုရင်ခံတို့သည် ကိုယ်စားလှယ်များ စေလွှတ်ကာ သံတော်ဦးတင်လျှောက်လာစေခဲ့၏။

"အရှင်မင်းကြီး … သုဓနုမင်းသားသည် ကိန္နရီ မနော်ဟရာကြောင့် လုံးဝ ယောင်မှားတွေဝေလျက် ရှိပါသည်၊ သူ့အား လွှဲအပ်ထားသော ဘိုင်းရေးပြည်ရာ ကိစ္စရပ်များကို စီမံအုပ်ချုပ်ခြင်းမပြုပါ၊ မြို့ပြခြောက်သောင်း၏ ထောင်ပေါင်းများစွာသော လုပ်ငန်းတို့ကို အုပ်ချုပ်

စီမံရသော သူ၏တာဝန်ဝတ္တရားတို့သည် ပျက်ကွက်
လစ်ဟင်းလျက် ရှိပါသည်"

ဤသို့သော တင်လျှောက်လာမှုမျိုးကို တစ်ယောက်မက သော ကိုယ်စားလှယ်များထံမှ ကြားရစဉ်မှာတော့ သုဗာဟုမင်းကြီး သည် သားတော် သုခနုမင်းသားအပေါ် ဒေါသစိတ်တို့ ဖြစ်မိရပြီ။

သားတော်သည် သူ၏မြို့ပြခြောက်သောင်း၏ လုပ်ငန်း ဆောင်တာများကို အာရုံဝင်စားခြင်း မရှိနိုင်လောက်အောင်ပင် ဖြစ်နေခဲ့ရပြီတဲ့လား။ တစ်ပါးသောသူတို့ ပြောဆိုလာရအောင်ပင် သားတော်သည် အုပ်ချုပ်စီမံမှုတို့ လစ်လပ်ပျက်ယွင်းနေခဲ့သည်တဲ့ လား။ အရင်က ဖျတ်လတ်နိုးကြားစွာ တာဝန်ထမ်းဆောင်ခဲ့သော သားတော်သည် ဘာမဟုတ်တဲ့ ကိန္နရီမကြောင့် အလုပ်တာဝန်တွေ လစ်ဟင်းရသည်အထိ တွေဝေမိန်းမောနေခဲ့ပြီလား။ သားတော်သည် နန်းတွင်းရှိ လှပျိုဖြူ အချောအလှများကို အာရုံဝင်စားခြင်းမရှိဘဲ ကိန္နရီမ တစ်ယောက်ကိုသာ တမ်းတမ်းစွဲနေခဲ့သည်။ ကိန္နရီမသည် သားတော်၏ စိတ်အာရုံတစ်ခုလုံးအား လွှမ်းမိုးချုပ်ကိုင်နိုင်စွမ်းတွေ ရှိနေပေသည်။

သားတော်သည် ဤပုံအတိုင်းဆိုရင်ဖြင့် တာဝန်ဝတ္တရားများ ကို ဆောင်ရွက်နိုင်သည်မရှိဘဲ အချစ်နွံဝဲဂရက်အတွင်း ကျရောက်ကာ အချစ်၏ သားကောင် ဖြစ်ရတော့မည်။ သို့ဆိုရင်ဖြင့် မိမိတိမ်းပါး သွားသည့်နောက်တွင် ဘုရင်အဖြစ် ဆက်ခံမည့် သားတော်အား ပြည်သူပြည်သားများ အကြည်ညိုပျက်ကာ ငြိုငြင်ကြပေတော့မည်။

အချစ်မူးသော ဘုရင်အဖြစ် တိုင်းသူပြည်သားတို့၏



အကဲ့ရဲ့ကို ခံရပေတော့မည်။ မင်းကြီး သုဗာဟုသည် သားတော်၏ နောင်ရေးကို တွေးမိကာ စိတ်မသက်မသာ ဖြစ်မိရတော့သည်။

"ဟင်း ... မဖြစ်ချေသေးဘူး။ သားတော်ကို ခေါ်ပြောရ ပေဦးမယ်"

သားတော် ... သားတော်၊ ဘာကြောင့်များ ကိန္နရီမကြောင့် သားတော်စိတ်တွေ ထိုင်းမှိုင်းကုန်ရတာလဲကွယ်၊ တာဝန်ဂတ္တရား အပေါ် အစဉ်သဖြင့် ကျေပွန်စွာ ထမ်းရွက်ခဲ့တဲ့ သားတော်ရဲ့ အစွမ်း သတ္တိတွေ လွင့်ပါးပျောက်ကွယ်ကုန်ရတာလဲကွယ်။ ဒါဟာ ကိန္နရီမ ကြောင့်ပဲ။ ငါ့သားတော်အပေါ် လွှမ်းမိုးချုပ်ကိုင်ထားတဲ့ မနော်ဟာရာ ကြောင့်ပဲ"

မင်းကြီးသည် သားတော်အပေါ် ဖြစ်တည်နေသော ဒေါသ စိတ်တို့သည် ရုတ်ခြည်း မနော်ဟာရာအပေါ်သို့ ပုံကျသွားလေ တော့သည်။

"မနော်ဟာရာ ... သင် မရှိမှဘဲ အေးမယ်၊ ဒါမှ ငါ့
သားတော်လေး သင့်ရဲ့ကြော့ကွင်းထဲက လွတ်မြောက်နိုင်
မယ်"

မင်းကြီးသည် တစ်ကိုယ်တည်း အံကြိတ်ကြုံးဝါးနေမိ သည်။

အမျိုးအနွယ်မတူသော ကိန္နရီမကြောင့် သားတော်လေး လက်အောက်ခံမြို့များအတွင်းဝယ် ဤသို့ ဤပုံ ပြောဆိုခံနေရမှုသည် ဆင်အမြင် ခံနေရမှုသည် ရာဇဝင်ရိုင်းလှသည်ဟု တွေးမိကာ မနော်ဟာရာအပေါ် ပို၍ပင် အမျက်သိုလာမိခဲ့တော့၏။

အကဲ့ရဲ့ကို ခံရပေတော့မည်။ မင်းကြီး သုဗာဟုသည် သားတော်၏ နောင်ရေးကို တွေးမိကာ စိတ်မသက်မသာ ဖြစ်မိရတော့သည်။

"ဟင်း … မဖြစ်ချေသေးဘူး။ သားတော်ကို ခေါ်ပြောရဦးမယ်"

သားတော် … သားတော်၊ ဘာကြောင့်များ ကိန္နရီမကြောင့် သားတော်စိတ်တွေ ထိုင်းမှိုင်းကုန်ရတာလဲကွယ်၊ တာဝန်ဂတ္တရား အပေါ် အစဉ်သဖြင့် ကျေပွန်စွာ ထမ်းရွက်ခဲ့တဲ့ သားတော်ရဲ့ အစွမ်းသတ္တိတွေ လွင့်ပါးပျောက်ကွယ်ကုန်ရတာလဲကွယ်။ ဒါဟာ ကိန္နရီမကြောင့်ပဲ။ ငါ့သားတော်အပေါ် လွှမ်းမိုးချုပ်ကိုင်ထားတဲ့ မနော်ဟရာကြောင့်ပဲ"

မင်းကြီးသည် သားတော်အပေါ် ဖြစ်တည်နေသော ဒေါသစိတ်တို့သည် ရုတ်ခြည်း မနော်ဟရာအပေါ်သို့ ပုံကျသွားလေတော့သည်။

"မနော်ဟရာ … သင် မရှိမှဘဲ အေးမယ်၊ ဒါမှ ငါ့သားတော်လေး သင့်ရဲ့ကြော့ကွင်းထဲက လွတ်မြောက်နိုင်မယ်"

မင်းကြီးသည် တစ်ကိုယ်တည်း အံကြိတ်ကြုံးဝါးနေမိသည်။

အမျိုးအနွယ်မတူသော ကိန္နရီမကြောင့် သားတော်လေး ထက်အောက်ခံမြို့များအတွင်းဝယ် ဤသို့ ဤပုံ ပြောဆိုခံနေရမှုသည် အောင်အမြင် ခံနေရမှုသည် ရာဇဝင်ရိုင်းလှသည်ဟု တွေးမိကာ မနော်ဟရာအပေါ် ပို၍ပင် အမျက်သိုလာမိခဲ့တော့၏။

ထို့နောက် မင်းကြီးသုဗာဟုသည် တောက်တစ်ချက် ပြင်းပြင်းခေါက်သည်။ မျက်ဝန်းတို့သည် ရှက်စိတ်နှင့် ဒေါသစိတ် တို့ကြောင့် ရူးရူးရဲရဲ ရှိနေလေ၏။

လေသာဆောင်ပြတင်းဝယ် တစ်ကိုယ်တည်း တွေးငေး သော မင်းကြီးသည် တောက်ပစွာ ကျရောက်နေသော နေရောင်ကဲ့သို့ ဒေါသစိတ်တို့သည် တရှိန်ထိုး ပူလောင်ပြင်းပြလာရတော့သည်။ ထို့ကြောင့် မင်းချင်းတစ်ဦးအား သားတော်ကို ရှေ့တော်မှောက် ရောက်လာစေရန် အခေါ်တော် လွှတ်လိုက်လေတော့၏။

"သားတော်ကို ခုချက်ချင်း ရှေ့တော်မှောက် ခစားရန် သွားခေါ်ချေလော့"

* * *

## အခန်း(၉)

ထိုစဉ်တွင် သုမနမင်းသားသည် ကြင်ယာတော် မနော်ဟရာနှင့်အတူ ဥယျာဉ်တော်အတွင်း နှစ်ဦးသား ကြည်နူးနေမိကြသည်။

ဟတ္ထိနာပူရ နန်းတော်တွင်းရှိ ဥယျာဉ်တော်သည် ပန်းပေါင်းစုံများ ဖူးပွင့်ဝေဆာလျက်ရှိနေပြီး ပန်းရနံ့များဖြင့် ထုံကြိုင်သင်းပျံ့နေသည်။ ရောင်စုံပိတုန်း၊ လိပ်ပြာလေးများကလည်း စွဲမက်ဖွယ် ညှို့ယူနေသော ပန်းတို့၏ အလှများကြားဝယ် ဝတ်ရည်သောက်သုံးရင်း ပျော်ရွှင်မြူးတူးနေကြသည်။ အလှအပများ ဆင်ယင်ခြယ်သထားသော စမ်းရေအိုင်ငယ်သည် စိမ်းအေးမြသောရေအလျှင်တွင် တသွင်သွင် စီးဆင်းနေသည်။ အမျိုးအစားစုံလင်လှသော သီးနှံပင်များမှာလည်း ပြွတ်ခဲစုသိပ်နေသော အသီးအနှံများဖြင့် ကြွားကြွားရားရား ပေါက်ရောက်နေကြ၏။ အချို့မှာ ဝင်းမှည့်နေလျက်ပင်ရှိနေသေးသည်။ သရက်၊ မင်းကွတ်၊ ကြက်မောက်၊ ဒူးရင်း၊ ဩဇာ၊ ငှက်ပျော စသည်ဖြင့် စုံစုံလင်လင် စိုက်ပျိုးထားသည်။ ထို ဝင်းမှည့်သော အသီးအနှံများမှ ထွက်ပေါ်နေသော အနံ့တို့သည်လည်း မွှေးပျံ့

ကြိုင်လှိုင်နေတော့၏။ သူတို့နှစ်ဦးသည် ဥယျာဉ်တော်အတွင်း လှည့်ပတ်လျှောက်ကြည့်နေရင်း စိတ်နှလုံးတို့သည် ညွတ်နူး ပျော့ပျောင်းလျက် ရှိနေတော့၏။

"နှမတော် မောနေပြီလားဟင်"

"မမောပါဘူး မောင်တော်ရဲ့၊ နှမတော်ဖြင့်လေ ဟောဒီ ဥယျာဉ်တော်အတွင်း အလှအပတွေကို ခံစားနေရင်းနဲ့ မောရမှန်းတောင် သတိမရမိပါဘူးကွယ်"

"ကဲ ... မမောသေးရင်လည်း ဟောဟို ခုံတန်းလေး ပေါ်မှာ ခဏထိုင်နားကြစို့နော်၊ လာ ..."

မောင်တော် ညွှန်ပြသော သစ်ဝိုင်းခုံလေးပေါ်တွင် ထိုင်နား၍ အပန်းဖြေနေမိသည်။ လေညှင်းသည် သွဲ့သွဲ့ တိုးဝှေ့တိုက်ခတ် သွားသဖြင့် အရေပြားလွှာတို့ အေးမြသွားမှုကို နှစ်သက်စွာ ခံစား နေမိသည်။ သူတို့နှစ်ဦးသည် ချစ်ရိပ်စွန်းသော မျက်ဝန်းများဖြင့် တစ်ဦးနှင့်တစ်ဦး မြတ်နိုးစွာ ကြည့်မိကြသည်။ ချစ်ရည်လွှမ်းသော အပြုံးနုနုများ ဆင်မြန်းမိကြသည်။ အချစ်ရနံ့များပါသော ချစ်စကား လှလှများ ခွန်းသီမိကြသည်။ အချစ်တို့သည် သူတို့နှစ်ဦးကြား ပြည့်နှက်ပျော်ဝင်လျက် ရှိနေလေတော့၏။

ထိုစဉ်မှာပင် ...

"အရှင့်သား"

ခေါ်သံနှင့်အတူ ရဲမက်တစ်ဦး ဒူးတုပ်ခစားလာ၏။

"ဘုရင်မင်းမြတ်က ယခုချက်ချင်း အခစား ဝင်ရောက် တော်မူရန် အခေါ်ခိုင်းလိုက်ပါတယ် ဘုရား"

"ဟော ... ငါကိုယ်တော်ကို ဖခမည်းတော်က ဆင့်ခေါ်
ခိုင်းလိုက်တယ်၊ ဘယ်အတွက်ရယ်ကြောင့်လဲ"

"ကျွန်တော်မျိုးလည်း မသိရကြောင်းပါ အရှင့်သား"

သုစနုမင်းသားလေး မျက်မှောင်ကြုတ်ကာ စဉ်းစား၏။ ဘာကြောင့် ဖခမည်းတော်က အခေါ်လွှတ်လိုက်ပါလိမ့်။ အဖြေသည် စဉ်းစား၍ လက်လှမ်းမမီနိုင်ပင် ဖြစ်နေသည်။

"အေး ... အေး ... ကောင်းပြီ၊ ခုချက်ချင်း လိုက်လာခဲ့
မယ်၊ သွားနှင့်ချေ ... သွား"

အပါးတော်က ရဲမက်ထွက်ခွာသွားတော့မှ မနော်အား သုစနုမင်းသားက မှာသည်။

"နှမတော် ... ရုံရွှေတော်တွေနဲ့အတူ ဒီမှာပဲ အနားယူ
အပန်းဖြေနှင့်နော်၊ မောင်တော် ဖခမည်းတော်ဘုရားဆီ
အခစားဝင်ချေဦးမယ်၊ နှမတော် အဝေးကြီးလည်း လျှောက်
မသွားနေနဲ့ဦးနော်"

"စိတ်ချပါ မောင်တော်ရဲ့၊ နှမတော် ဘယ်မှ လျှောက်
မသွားဘူး၊ ဒီနားမှာပဲ ငြိမ်ငြိမ်လေး ထိုင်နေပါ့မယ်"

"ကဲ ... မောင်တော် သွားပြီနော်"

ပြုံးရယ်ကာ နှုတ်ဆက်ထွက်ခွာသွားသော မောင်တော့်ကို ကြည့်ရင်း မနော်ဟရာ ကျေကျေနပ်နပ်ကြီး ပြုံးသည်။ မောင်တော့် အချစ်တွေသည် သူမအပေါ် ချမ်းမြေ့ပျော်ရွှင်မှုတွေ ရရှိစေခဲ့သည် မဟုတ်လား။ ထို့အတွက် သူမ ကြည်နူးနှစ်သက်မိရ၏။ သူမအတွက် မောင်တော်၏ အချစ်များဖြင့် ထုံမွှန်းထားသော အချစ် ကမ္ဘာလေး

သည် ပျော်ရွှင်မှုများဖြင့် ခသောင်းစေတော့မည်ပင် ဖြစ်ပေတော့သည်။

✸

သုစနေမင်းသားသည် အရေးတကြီး ခမည်းတော် အခေါ်ရှိ
သည့်အကြောင်းကို ဟစ်လမ်းလုံး စဉ်းစားလာခဲ့လေ၏။

"ဘာကြောင့်များ ဖြစ်မလဲ၊ ဘယ်အတွက်ကြောင့်လဲ"
ဟူသော အမေးတို့ မိမိကိုယ်ကို အစဉ်မပြတ်မေး၍ လိုက်ပါလာခဲ့ခြင်း
လည်း ဖြစ်သည်။

သူသည် စိုးထိတ်စွာ၊ ပူပန်စွာ၊ အံ့သြစွာ၊ ထူးဆန်းနေရစွာ
နှင့်ပင် ခမည်းတော်ဆီသို့ အခစား ဝင်ရောက်လာမိပါတော့၏။

"ခမည်းတော်ဘုရား၊ သားတော်ကို ဘာအတွက်ရယ်
ကြောင့် အရေးတကြီး ဆင့်ခေါ်ရပါသနည်း"

မင်းကြီး သုဗာဟုသည် ရှေ့တော်မှောက်သို့ အခစား
ရောက်ရှိလာသော သားတော်ကို စိတ်ပျက်စွာ ကြည့်၍-

"သားတော်၊ ဖခမည်းတော်၏ လုပ်ငန်းဆောင်တာ
အားလုံးမှာ အကြီးအကျယ် ကန့်ကွက်ခြင်းခံနေရပေပြီ
မြို့ပြခြောက်သောင်းရှိ ဘုရင်ခံတို့ကလည်း သားတော်သည်
တိုင်းရေးပြည်မှုများကို ရှေးယခင်ကကဲ့သို့ အာရုံဝင်စားခြင်း
မရှိဘဲ သားတော်ဟာ အချိန်ရှိသမျှ မနော်ဟရာနှင့်
တွေဝေယောင်မှားလျက်သာ အချိန်ဖြုန်းနေတယ်လို့
ခမည်းတော်ကို တင်လျှောက်လာကြကုန်တယ်၊ သားတော်

... ဤကိန္နရီမကို တစ်ပါးသို့ ပြန်လွှတ်လိုက်တော့၊ သူ့ကို သွားစေပါလော့"

အမိန့်ဆန်ဆန်ပြောသော ခမည်းတော်၏ စကားတို့ကို ကြားရမိစဉ်တွင် သုဓနုမင်းသားသည် အကြီးအကျယ် တုန်လှုပ်မိရလေသည်။

အို ... ဘာကြောင့် သူချစ်သူ မနော်ကို သူနှင့် ခွဲခွာစေဖို့ ခမည်းတော် ပြောနေရတာလဲ။ သူတို့နှစ်ဦး ချစ်ခြင်းကို ကွေကွင်းစေဖို့ ခမည်းတော် ရည်ရွယ်သတဲ့လား။ ကြင်ယာတော် မနော်ကို၊ သူချစ်သော မနော်ကို ဘာကြောင့် ပြန်လွှတ်ရမှာတဲ့လား။

"ခမည်းတော်ဘုရား ဘယ်လိုပြောလိုက်တာလဲဟင်၊ သားတော်ရဲ့ ကြင်ယာတော် မနော်ဟာရာကို ခွဲခွာဖို့ အကြောင်း သားတော် တစိုးတစိမျှပင် မစဉ်းစားခဲ့ဖူးပါ၊ သူ နေထိုင်ရာအရပ်သို့ ပြန်လွှတ်ရမည်ဆိုသည်မှာ မဖြစ်နိုင်သော ကိစ္စပင် ဖြစ်ပါတယ်"

ဖခမည်းတော်အား အပြင်းအထန် ငြင်းဆိုလိုက်မိပြီ။ ဒီအရေးကိစ္စသည် ဘယ်လိုမှ လက်ခံနိုင်ဖွယ် မရှိသောအရေး။ သူချစ်ရသော မနော်ကို သူမ နေထိုင်ရာအရပ်သို့ ပြန်လွှတ်စေဖို့ဆိုသည်မှာ သူ့အသည်းကို ထိုးနှက်ခွဲခြေလိုက်တာနှင့် ဘာထူးသေးလို့လဲ။ မနော်နှင့် ခွဲရလျှင်ဖြင့် နှလုံးသည်းဆိုင်တို့သည် ကွဲအက်ကြေမွရတော့မည် ဖြစ်သည်။

"သားတော် ... သားတော်ဟာ လူအများကြားမှာ ကိန္နရီမကြောင့် တွေဝေမိန်းမောနေသူတစ်ယောက်၊ တာဝန်

လစ်လပ် ပျက်ယွင်းနေသူတစ်ယောက်အဖြစ် အတင်းဖျင်း ပြောဆိုခံနေရပြီ၊ ဒီအတွက် ကိန္နရီမကို သူ့အရပ်သို့ ပြန်လွှတ် စေလိုက်မှသာ သားတော်ရဲ့ ဂုဏ်သိက္ခာကို ပြန်လည် အဖတ်ဆည်နိုင်ပေလိမ့်မယ်ကွယ်''

''သားတော်ရဲ့ တာဝန်ဝတ္တရားတွေ လစ်ဟင်းကုန်စေရတာ သားတော်ရဲ့ ပေါ့ဆမှုကြောင့်ပါ၊ မနော်ဟရာနဲ့ မည်သို့မျှ မသက်ဆိုင်ပါ ခမည်းတော်''

''သားတော်က မည်သို့ပင် ငြင်းဆိုနေပါသော်လည်း ဤကိစ္စသည် မနော်ဟရာကြောင့်သာ ဖြစ်ရတယ်ဆိုတာ တော့ ဘေးလူအမြင်အားဖြင့် သိသာစေပါတယ်ကွယ်၊ ဒီမယ် သားတော်၊ ဤကိန္နရီမကို ပြန်လွှတ်လော့၊ ကိန္နရီမ ကိုယ်စား နန်းတွင်းသူ ပျိုဖြူချောများကို သားတော် တောင်းသည်နှင့်အညီ ခမည်းတော် ပေးချေမယ်ကွယ်''

မင်းကြီးက တစ်မျိုး လှည့်ဆွယ်သည်။ သားတော်အပေါ် အကြမ်းနည်းနဲ့ မရလျှင် အနုနည်းသုံးကာ ချော့မော့ဖျောင်းဖျရမည်။

''ခွင့်လွှတ်ပါ ဖခမည်းတော်၊ သားတော် စိတ်အာရုံ အတွင်းဝယ် မနော်ဟရာမှလွဲ၍ အခြားသူများအား စိတ် လှုပ်ရှားနိုင်စွမ်း မရှိသေးပါ၊ ဒါကြောင့် ဖခမည်းတော်၏ လိုက်လျောမှုကို သားတော်ငြင်းဆိုပါတယ်''

မင်းကြီး သုဗာဟုမျက်နှာသည် ကွက်ခနဲ ပျက်ယွင်း သွား၏။ သားတော်သည် တွင်တွင်သာ ငြင်းနေတော့ပြီဖြစ်၏။

မင်းကြီးသည် သားတော်အား မည်သို့မျှ ပြောဆို၍ မရတော့မည်ကို ကောင်းစွာ သဘောပေါက်လေမိသည်။

မတတ်နိုင်ဘူး။ သားတော် သဘောပေါက်လာအောင် တဖြည်းဖြည်းခြင်း သိမ်းသွင်းရတော့မှာပဲ။

"သားတော် … အသေအချာ စဉ်းစားစေချင်တယ်"

"ဘာအတွက်လဲ ဖခမည်းတော်"

"သားတော်ရဲ့ ဂုဏ်သိက္ခာအတွက်၊ တွေဝေမိန်းမောနေတဲ့ အချစ်နွံထဲမှ လွတ်မြောက်ရန်အတွက်"

ဟု ပြောပြီးပြီးချင်းမှာပဲ မင်းကြီးသည် သုဓနုမင်းသားအား ကျောခိုင်းကာ စက်ရာခန်းဆောင်ပြင်ဘက်ဆီသို့ ထွက်ခွာသွားချေပြီ။

သုဓနုမင်းသား စိတ်မသက်သာစွာဖြင့် သက် ပြင်းချလိုက် ရင်း ခေါင်းငိုက်စိုက်ကျမိရလေတော့၏။

* * *

## အခန်း(၁၀)

နန်းဆောင်အတွင်းသို့ ကြွရောက်လာသော မောင်တော် မင်းကြီးကို မြင်လိုက်၍ မိဖုရားခေါင်ကြီး အံ့သြသွားမိသည်။

"အို ... မောင်တော် အရှင်မင်းကြီး၊ မျက်နှာတော်လည်း မရွှင်မပျနဲ့ပါလား၊ အဘယ်ကဲ့သို့သော စိတ်မချမ်းသာစရာ တွေ တွေ့ကြုံလာရလေပြီလဲဟင်၊ နှမတော်ကို မိန့်တော်မူပါ ဦးဘုရား"

မင်းကြီးသည် သလွန်ထက်ဆီသို့ စိတ်ပျက်လက်ပျက် ဝင်ထိုင်လိုက်ကာ သက်ပြင်းတွဲတွဲကို ခပ်လေးလေး ချမိ၏။

"နှမတော် ရင်ထိတ်လိုက်တာ၊ ဘာတွေဖြစ်လာလို့လဲ ဘုရား၊ ဘာကြောင့် သက်ပြင်းတွေတောင် ချနေရတာလဲ ဟင်"

"သားတော် သုမနကြောင့်ပဲ မိဖုရားခေါင်ကြီးရယ်"

မင်းကြီးက ခပ်လေးလေးဆိုသည်။ မိဖုရားကြီးက အံ့သြစွာ ရေရွတ်၏။

"အို ... သားတော်ကြောင့် ဟုတ်လား၊ သားတော်က ဘာဖြစ်လို့လဲဟင်"

"သားတော် သုမနဟာ ခုဆိုရင် တိုင်းရေးပြည်ရာ အရေးကိစ္စတွေကို စိတ်ဝင်စားခြင်း မရှိပေတော့ဘူး၊ အချိန်ရှိတိုင်း ကိန္နရီမယ် မနော်ဟာရာနဲ့သာ ပျော်ပါးနေတော့တယ်လေ၊ ဒါကြောင့် မြို့ပြခြောက်သောင်းက ဘုရင်ခံတွေကလည်း ပြောဆိုလာကြပြီ၊ ကြာရင် သားတော်ဟာ ပြည်သူပြည်သားတို့ရဲ့ အကြည်အညိုမဲ့ကုန်တဲ့ အဖြစ်ကို ရောက်ရှိတော့မယ် နှမတော်"

"အို ... သားတော်လေးဟာ အဲသည်လောက်တောင် တွေဝေထုံထိုင်းနေစေခဲ့ပြီလား၊ ဘုရင့်သားတော်တစ်ပါးကို အခြားသူတွေက လက်ညှိုးထိုး ပြောဆိုလာကြတာဟာ ရှက်စရာကောင်းလိုက်ပါဘိ၊ သားတော်ဟာ ဒီလောက် အဆင်အခြင်မဲ့ရလေသလားကွယ်"

မိဖုရားခေါင်ကြီးက ကြိတ်မနိုင်ခဲမရနိုင်စွာ ရေရွတ်ပြောဆို၏။

"ဟုတ်ပေတယ် နှမတော်၊ သားတော် သုမနဟာ အဆင်အခြင်မဲ့နေခဲ့ပြီ၊ ငါကိုယ်တော် နှစ်သိမ့်ဖျောင်းဖျမှုကိုလည်း မခံယူတော့ဘူး၊ ကိန္နရီမယ်ကို သူ့အရပ်ဌာနေသို့ ပြန်လွှတ်ရန် ပြောတာကိုလည်း မနာခံဘူး၊ ကိန္နရီက လွှဲပြီး နန်းတွင်းလုပ်ပျိုဖြူတွေ ပေးအပ်မယ်လို့ ပြောတာလည်း ငြင်းဆိုခဲ့တယ်၊ သားတော်ဟာ ဘယ်လိုပြောပြော နားမဝင်တော့ဘူး ထင်ပါ

တယ်ကွယ်”

စိတ်ပျက်လက်ပျက် ပြောဆိုနေသော ဘုရင်မင်းမြတ်ကို ကြည့်ရင်း မိဖုရားခေါင်ကြီးက -

“မောင်တော်ရယ် … ဒီလောက်လည်း စိတ်ပျက်မနေပါနဲ့၊ သားတော်ကို နှမတော် ပြောကြည့်ပါဦးမယ်၊ သားတော်လေး နားလည်လာရင် နားလည်လာမှာပါ၊ သားတော်ဟာ ဒီလောက် မမိုက်မဲလောက်ပါဘူး”

“အင်း … ဒင်းဟာ ဘယ်လိုပြောပြော နားမဝင်တော့ဘူးဆိုရင်တော့ ငါကိုယ်တော် ပြတ်ပြတ်သားသား ဆောင်ရွက်ရတော့မယ်”

“အို … ဒီလောက်လည်း စိတ်မလောပါနဲ့ဦးလေ၊ နှမတော် သားတော်အပေါ် သေချာဖျောင်းဖျ ပြောဆိုကြည့်ပါဦးမယ်”

မင်းကြီး သုဗာဟု၏ စိတ်ကို သိနှင့်နေသော မိဖုရားကြီးက ဖာဖာထေးထေး ပြောရတော့သည်။ ပြောတဲ့အတိုင်း လုပ်မည့်အရေးမှို့ သူမ ထိတ်ပျာသွားမိရတော့၏။ သားတော် ဘာကြောင့် ဒီလောက် မိုက်မဲရတာလဲကွယ်။ ကိန္နရီမတစ်ပါးကြောင့်များ သားတော် ဆင်ခြင်တုံတရားတွေ ကွယ်ပျောက်ကာ မိန်းမောတွေဝေနေခဲ့သည်တဲ့လား ကွယ်။ မယ်တော့်သားတော်လေးဟာ မယ်တော့်စကားကို နားထောင်တဲ့သူလေးပါ။ အရာရာဟာ အဆင်ပြေ ချောမွေ့တန်ကောင်းပါရဲ့ ကွယ်။

မိဖုရားသည် စိုးထိတ်စွာ တွေးပူနေရင်း သားတော် သုဓနု

အား ဖျောင်းဖျပြောဆိုရန် စဉ်းစားနေမိလေ၏။

ဘုရင်မင်းမြတ်သည် စိတ်နှလုံး မသက်သာမှုကြောင့် သလွန်ထက်ဝယ် အိပ်စက်မိန်းမောနေရှာပေတော့သည်။

မိဖုရားခေါင်ကြီးမှာတော့ သားဖြစ်သူအတွက် စိုးထိတ်ပူပန်စွာဖြင့် စိတ်နှလုံး ငြိမ်သက်မှုမရှိဘဲ တွေးပူနေမိရတော့၏။

✸

မယ်တော်ဘုရားက အခေါ်ခိုင်းလိုက်တော်မူပြန်ပြီဟူသော စကားကြောင့် သုမနမင်းသားလေး စိုးထိတ်မိပြန်သည်။

ခမည်းတော်လိုပင် မယ်တော်သည်လည်း မနော်ကို ပြန်လွှတ်ဖို့အရေးကို ပြောဦးမည်ဟု တင်ကြိုသိနေသောစိတ်ကြောင့် စိတ်ရှုပ်ထွေးစွာဖြင့်ပင် မယ်တော့်အပါးခစားရန် လျှောက်လာမိသည်။ ထိုကိစ္စ မဟုတ်ပါစေနဲ့ဟူ၍ပင် ဆုတောင်းနေမိရတော့၏။

ဖခမည်းတော်ဘုရား အခေါ်တော်ရှိသည့်အကြောင်းကို မနော်က မေး၍ သူပွင့်ပွင့်လင်းလင်း ပြန်လည်ပြောမိလိုက်သည်။ သူ့စကားဆုံးသည်နှင့် မနော် ငိုပါတော့သည်။ 'နှမတော်ကြောင့် မောင်တော် ဤသို့ပြောခံရသည်'ဟု ပြောပြောပြီး ငိုကြွေးသည်။ မနော့်မျက်ရည်များကို မြင်ရစဉ်မှာတော့ သူ စိတ်မကောင်းကြီးစွာဖြစ်ခဲ့ရသေးသည်။ သူ ဘယ်လိုပင် နှစ်သိမ့်ဖျောင်းဖျသော်လည်း မနော်သည် တော်တော်နှင့် အငိုမရပ်ခဲ့။ သူမလေး ပြင်းပြင်းထန်ထန် ထိခိုက်ခံစားနေရသည် မြင်မိရတော့ ဖွင့်ဟပြောမိသည့်အတွက် သူ နောင်တရချင်မိတော့သည်။ ခုဂ‌ာည်း မယ်တော်က အခေါ်လွှတ်သည်

ဆိုသည်နှင့် မနော့်မျက်နှာသည် အပျက်ပျက်အယွင်းယွင်း ဖြစ်နေချေ တော့သည်။ မနော့်အား စိတ်မပူရန် နှစ်သိမ့်ခဲ့ရသော်လည်း သူ ကိုယ်တိုင်သော်မှ ဒီကိစ္စအား ထိတ်ထိတ်ပျာပျာ ဖြစ်နေခဲ့သည် မဟုတ်လား။

မယ်တော် ဘာပြောမှာပါလိမ့်။

မယ်တော်ထံသို့ ရောက်သောအခါ မယ်တော်က အပြုံးဖြင့် ဆီးကြိုပါသည်။ သို့သော် မယ်တော့်မျက်ဝန်းများသည် ကြေကွဲရိပ်တို့ စွန်းထင်နေသည်ကိုဖြင့် သူ ခဏတွင်းချင်းမှာပင် သတိထားမိလိုက် သည်။

သူ စိတ် မသက်သာစွာပင် မယ်တော်ပြောမည့် စကားအား အသာအယာ နားစွင့်နေမိတော့သည်။

"သားတော် ... သားတော်ဟာ တာဝန်ဝတ္တရားတို့ ပျက်ယွင်းနေခဲ့တယ်ဆို၊ အဲဒါ အမှန်ပဲလားဟင်"

တကယ်ပင် မယ်တော်သည် သူ မကြားချင်သည့် အကြောင်းအရာကို ပြောလာခဲ့ပေပြီ။

"သားတော် ဘာဖြစ်လို့ ဒီလောက် ဆင်ခြင်တုံတရားတွေ ပျောက်ကွယ်နေခဲ့ရတာလဲဆိုတာ မယ်တော်ဖြင့် မတွေး တတ်အောင်ပဲကွယ်၊ သားတော် ဒီလောက် မိုက်မဲလိမ့်မယ် လို့ မယ်တော် မထင်ခဲ့မိဘူး"

မယ်တော်က စိတ်ပျက်လက်ပျက် ပြောနေပေပြီ။ သူသည် မယ်တော့်စကားများကို ခွန်းတုံ့မပြန်ဘဲ ငြိမ်သက်စွာ ခံယူနေလိုက်၏။ မယ်တော်သည် သူ့မစကားကို နားမထောင်မိ၍ထင့် ဒေါ်...ပွက်လာ

ဟန်ဖြင့် ရှုံ့ရှုံ့ရှားရှား ကြည့်သည်။ ထို့နောက် မယ်တော်သည် သူ့အား မျက်ရည်များ ရစ်ဝဲနေလျက်က ငိုသံပါကြီးဖြင့် ပြောလေ၏။

"သားတော် ... မယ်တော့်စကားကို နားထောင်ပါကွယ်၊ မနော်ဟာရာကို ပြန်လွှတ်လိုက်ချေတော့၊ ဒီလိုမှ မဟုတ်ရင် သားတော်ရဲ့ ဖခမည်းတော်က သားတော်ကို တစ်ခုခု ပြုလုပ်တော့မယ်၊ အဲဒီတော့မှ အားလုံးကိုယ်ကျိုးနည်း ရကုန်လိမ့်မယ် သားတော်ရဲ့၊ မယ်တော်ပြောတာ နားလည်ရဲ့လား"

သူ ခေါင်းကိုသာ တွင်တွင်ခါယမ်းနေမိ၏။ မနော်ကို ပြန်ပို့ရန်ဆိုသည်မှာ သူ့အတွက်တော့ အကြီးမားဆုံးသော ရက်စက်မှုကြီးပင် ဖြစ်စေလိမ့်မည်။ ဒီလိုအဖြစ်မျိုး သူ လုံးဝ အဖြစ်မခံလိုပေ။ မနော်နှင့် ဝေးရာတွင်လည်း မနေလို။ အချစ်နှင့် ခွဲခြားခြင်းဒုက္ခကို လည်း မခံစားလိုပေ။

သူ့ဘဝသည် မနော်။ သူ့ကမ္ဘာသည် မနော်။ သူ့စိတ်အာရုံ သည် မနော်။ သူ့နှလုံးသည်းပွတ်သည် မနော်သာ ဖြစ်ရချိမ့်မည်။

မနော်ကို ချစ်မိသည့်အတွက် အပြစ်ဒဏ် ပေးအပ်မည် ဆိုလျှင်လည်း သူ ခါးစည်းရင်ကော့ကာ ခံလိုက်တော့မည်။ မနော်နှင့် ခွဲရဖို့ ရေးရေးပင် မတွေးတောချင်ခဲ့ပေ။ သူ့ဘဝသည် ချစ်သော မနော်ဟာရာရှိမှသာ ပြည့်စုံရပေလိမ့်မည်။

"သားတော်ကို ခွင့်လွှတ်ပါတော့ မယ်တော်ရယ်၊ မနော် ဟာရာကို သားတော် ပြန်မလွှတ်နိုင်ပါဘူး၊ မယ်တော့်စကား ကို သားတော် မနာခံနိုင်တဲ့အတွက် သားတော်ကို အပြစ်

ဆိုချင် ဆိုပါတော့ မယ်တော်ရယ်''

''သားတော်လေးရယ်၊ ဒီလိုဆိုရင်တော့ သားတော်ရဲ့ ဖခမည်းတော်ဟာ သားတော်အပေါ် ဒေါသအမျက်တော် ရှပေတော့မှာပေါ့ကွယ်၊ ဒါကို သားတော် သိရဲ့မဟုတ်လား''

''မတတ်နိုင်ပါဘူးလေ၊ ဖခမည်းတော်ဘုရား အမျက်တော် ရှချင်လည်း ရှပါစေတော့၊ သားထိုက်နဲ့ သားကံသာ ရှိပါစေတော့ မယ်တော်ရယ်''

''အို ··· သားတော်ရယ်၊ မယ်တော် ဘယ်လို ပြောရတော့ မှာလဲကွယ်''

မယ်တော်သည် စိတ်မသက်သာစွာပြောရင်း သူ့ကို ငေးကြည့်နေသည်။ သူသည် မယ်တော်အား-

''ခွင့်လွှတ်တော်မူပါ''

ဟု အကြိမ်ကြိမ်ပြောရင်း မယ်တော့်အပါးမှ ထွက်ခွာခဲ့မိတော့သည်။ စိတ်အားအင်သည် နုံးချိနွမ်းနယ်နေရသဖြင့် လှုပ်စံသည်လည်း နွမ်းလျ လေးကန်နေ၏။ ဖခမည်းတော်ရော မယ်တော်ပါ ဘာအတွက်ကြောင့် မနော်ကို ပြန်လွှတ်စေချင်ရတာလဲ။ ဘာကြောင့် သူတို့ချစ်ခြင်းကို ခွဲချင်နေကြတာတဲ့လဲ။ မနော်သည် လူသာမန် မဟုတ်ပေလို့လား။ မနော်ကို ခေါ်ဆောင်လာမိသည့်နေ့ကို ပြန်လည်အမှတ်ရမိလာသည်။ ထိုစဉ်က ဖခမည်းတော်ရော၊ မယ်တော်ပါ ရွှင်ရွှင်ပျပျ ကျေနပ်လက်ခံကြခြင်း မရှိသည်ကို သူ မရိပ်မိခဲ့။ မနော်ကတော့ သိရှိခဲ့သည်။ သူ့ကိုတောင် ဖွင့်ဟပြောဆိုခဲ့သေးသည်။ ဒါတွေဟာ လူသား

စင်စစ်မဟုတ်သော ကိန္နရီမလေးမို့ သဘောမတူ မကြည်ဖြူခဲ့ကြခြင်းလေလား။ ဘယ်သူတွေ ဘာတွေပဲပြောပါစေ။ မနော်ကို သူချစ်သည်။ သူချစ်သော မနော်ကို သူ့အပါးမှ အဝေးသို့ ထွက်ခွာသွားစေခြင်း မပြုနိုင်ပေ။ မနော်သည် သူ့ရင်ခွင်ထဲ၌သာ ထာဝရခိုလှုံစေရမည်။

သုဓနုမင်းသားသည် အတွေးဝဲဂယက်ဝယ် မျောပါနေရာမှ ကြင်ယာတော် မနော်ဟာရာဆီသို့ လှမ်းလာနေမိသည်။

မနော်ဟာရာသည် သူ့အား စိုးထိတ်ပူပန်စွာဖြင့် စောင့်မျှော်နေပေတော့မည်။ ရိပ်မိသိရှိနေသော မျက်ဝန်းများဖြင့် မနော်သည် အားငယ်ကာ ငိုနေရှာလေမလားဟူ၍ တွေးမိကာ သူ့ခြေလှမ်းတို့ ခပ်သွက်သွက် လှမ်းလိုက်မိတော့သည်။

မနော်ရေ ... မောင်တော်တို့နှစ်ယောက် ဘယ်တော့မှ မခွဲစေရဘူး။ လုံးဝမဝေးကွာစေရဘူးဆိုတာ ယုံကြည်ထားပါတော့ မနော်ရယ်။

* * *

## အခန်း(၁၁)

"အရှင်မင်းကြီး၊ သုမနမင်းသားသည် မနော်ဟာရာနှင့် တွေ့ဝေမိန်းမောနေသည်ဖြစ်၍ သူ၏ ဘုရင့်တာဝန်ဝတ္တရားများကို ဆောင်ရွက်နိုင်သည် မရှိကုန်၊ များလှစွာသော နန်းရေးနန်းရာ ဝတ္တရားတို့မှာ လစ်ဟင်းလျက်ရှိပေသည်"

ဟူသော မှူးမတ်ဝန်ကြီးတို့၏ ကြိမ်ဖန်များစွာသော သံတော်ဦး တင်လျှောက်မှုကို ကြားရစဉ်မှာတော့ မင်းကြီးသုဗာဟု၏ ဒေါသအမျက်တော်တို့သည် သုမနမင်းသားအပေါ် လွင့်စင်အုံကျလာတော့၏။

ထို့ကြောင့် သားတော်အား ရှေ့တော်သွင်းခေါ်စေ၍ ပြတ်ပြတ်သားသားပင် မေးရတော့သည်။

"သားတော် … နန်းတော်ရှိ မှူးမတ်ဝန်ကြီး ဗိုလ်ပါကအစ ခမည်းတော်ကို လျှောက်တင် လာကုန်ကြပြီ၊ မနော်ဟာရာကြောင့် သားတော် နန်းရေးနန်းရာတာဝန်တွေကိုပါ လစ်ဟင်းနေပြီတဲ့လေ၊ ကဲ … ဘယ့်နှယ့်ရှိစ၊ ဘာမဟုတ်

တဲ့ ကိန္နရီမကြောင့် အသုံးမကျတဲ့ ဘုရင်လုံးလုံး ဖြစ်ရချေပြီပေါ့၊ ရှက်ဖွယ်ကောင်းလိုက်ပါဘိ''

မင်းကြီးက ပြစ်တင်မာန်မဲနေသည်။ သုဓနုမင်းသားသည် ...း တုံ့ပြန်မပြောဘဲ ဆိတ်ဆိတ်ငြိမ်သက်ကာ နေသည်။ သူ့ပုံစံသည် ဘယ်သူတွေ ဘာပြောပြော ခေါင်းငုံ့ခံနေတော့မည့်အသွင်မျိုး။ ပြန်မပြော နားမထောင်သည့် အသွင်မျိုးဖြင့် မထုံတတ်သေးနိုင် ...သည်။

''ကဲ ... သားတော်သုဓနု၊ ခမည်းတော် ပြတ်ပြတ်သားသားပင် မေးချေတော့မည်၊ အသင်သည် ကိန္နရီမ မနော်ဟရာကို ပြန်လွှတ်မည်လား၊ မလွှတ်ချေဘူးလား''

ခမည်းတော်က ပြတ်သားစွာ မေးလာမှတော့ သူသည် ဆုံးဖြတ်ထားပြီးသော စကားကိုသာ ပြန်လည်ဖြေကြားမိ၏။

''သားတော် သူ့ကို မပြတ်နိုင်ပါ၊ ဒါကြောင့် မနော်ဟရာကို အဝေးသို့ ထွက်ခွာသွားခွင့် မပြုနိုင်ပါ''

မင်းကြီး သုဗာဟုသည် တွင်တွင်သာ ငြင်းဆိုနေသော သုဓနုမင်းသားအား စူးစူးခဲခဲ ကြည့်သည်။ သားတော်သည် ဘယ်လို ... ဖျောင်းဖျ၍ ရတော့မည်ပုံ မပေါ်တော့။ ထို့ကြောင့် မင်းကြီးသည် ပြတ်သားလှစွာသော၊ ရက်စက်လှစွာသော အမိန့်တစ်ရပ် ချက်ချင်း ချမှတ်လိုက်လေ၏။

''သားတော် သုဓနု မနော်ဟရာကို ပြန်လွှတ်စေဖို့ ငါမိန့်ဆိုတယ်၊ အကယ်၍ သင်က ငါ၏အမိန့်ကို ဖီဆန်ပါက ထောင်သွင်းချခံစေလော့''

ခမည်းတော်မင်းကြီး၏ ပြတ်သားလှစွာသော အမိန့်ကြောင့် သုမနမင်းသားသည် ဖခမည်းတော်အား မယုံနိုင်သလို တအံ့တသြ ကြည့်မိရသည်။ ဖခမည်းတော်သည် ရက်စက်လေပြီ။ သူသည် ဒီလောက် အတန်တန်ပြောနေတာတောင် ဖခမည်းတော်သည် သူ့အား မလှုပ်သာ မပှက်သာအောင် ချောင်ပိတ်စေခဲ့ပြီ။ ရက်စက်လိုက်တာ ဖခမည်းတော်ရယ်။ ချစ်ခြင်းတစ်ခုကို ဘာကြောင့် ခွဲရက်စေရတာလဲ။ မနော်ဟာရာ သူချစ်သော မနော်ဟာရာကို သူနှင့် ခွဲခွာစေဖို့အတွက် ဖခမည်းတော် လုပ်ရက်လေပြီ။

သုမနမင်းသားသည် ဝမ်းပန်းတနည်းစွာဖြင့် ရင်ထဲ လှိုက်ဆို့ လာရသည်။ ဆို့ဆို့နှစ်နှစ် ကြေကြေကွဲကွဲ ခံစားရမှုကြောင့် သူသည် မျက်ရည်များပင် တသွင်သွင် စီးကျလာလေတော့၏။ တုန်လှိုက် အက်ကွဲသောအသံဖြင့် ဖခမည်းတော်အား ပြန်လည်လျှောက်တင်မိ သည်။

"သားတော် မနော်ဟာရာကို ပြန်မလွှတ်ပါရစေနဲ့"

သုမနမင်းသား၏ တိုးလျှိုးတောင်းပန်သော စကားတို့ကို ကြားရစဉ်မှာပဲ မင်းကြီး၏ ဒေါသအဟုန်တို့ ပေါက်ကွဲလာရပေပြီ။

"သယ် ... သင်က ငါ၏အမိန့်ကို ဖီဆန်တာပဲ၊ ဟေ့ ... မှူးကြီးမတ်ရာများ အမိန့်တော် ချမှတ်မယ်၊ သားတော် သုမနကို ထောင်သွင်းအကျဉ်းချထားစေ"

ဘုရင်၏ အမိန့်တော်ကြောင့် ရဲမက်စစ်သည်များသည် သုမနမင်းသားအား တစ်ဖက်တစ်ချက်ဆီမှ ဆွဲကင်ခေါ်ဆောင် သွားလေတော့၏။

သုဓနုမင်းသားသည် ရစ်ဝဲနေသော မျက်ရည်စများဖြင့် ခြေရာများ ခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့လေ၏။

ဖခမည်းတော်၏ လုပ်ရက်ခြင်းအပေါ်၌ မယုံကြည်နိုင်သလို မျက်ဝန်းများသည်လည်း အံ့ဩထိတ် လန့်နေလျက် ရှိနေပေတော့၏။

✸

သုဗာဟုမင်းကြီးသည် သုဓနုမင်းသားအား ထောင်သွင်းချထားစေပြီးနောက် မနော်ဟာရာကိုလည်း အမိန့်ပေးပြန်တော့သည်။

"မနော်ဟာရာ … သင်၏ ဌာနေ နိရတိပြည်သို့ ပြန်ပေတော့၊ သင်၏ မိခင်နှင့် ဖခင်တို့ ရှေ့မှောက်သို့ ပြန်သွားလော့၊ သာယာနှစ်လိုဖွယ်ကောင်းသော အေးမြသော သစ်ပင်ပိတ် ပေါင်းတို့ဖြင့် ပြီးသော ထိုအရပ်သို့ ပြန်သွားရန် ငါမိန့်၏"

မနော်ဟာရာသည် စူးရှစွာ သက်ရောက်လာသော အာဏာတော်ကြောင့် နှလုံးသည်းဆိုင်ကို မီးစနှင့် ထိုးလိုက်သည့်နှယ် စူးအောင့်နာကျင်သွားရတော့၏။

အို … ရက်စက်ပါပေ့ ဘုရင်မင်းမြတ်ရယ်။ မောင်တော်သုဓနုအား ထောင်သွင်းအကျဉ်းချထားလေပြီဟု ကြားရမိစဉ် ခမ်းနည်းပူဆွေးမှုတို့ အတောမသတ်နိုင်သေးခင်မှာဘဲ မိမိအား

နိရတိပြည်သို့ ပြန်ရန် မိန့်ဆိုလာခဲ့ချေပြီ။ မောင်တော်နှင့် ဝေးကွာစေဖို့ အကြောင်း ဖန်တီးနေပေပြီ။ ပြင်းထန်ဆိုးရွားလှစွာသော အခြေ အနေတစ်ရပ် သူမတို့ချစ်သူနှစ်ဦးအပေါ်၌ သက်ရောက်လာစေခဲ့ပြီ။ ချစ်သော မောင်တော်သုမနနှင့် သူမ အပြီးတိုင် ခွဲခွာရတော့မည်။ အိမ်ရှင်က မနေလို၍ နှင်ပြီဆိုမှတော့ သူမ ပြန်ရုံကလွဲပြီး ဘာများ တတ်နိုင်ပါဦးမည်လဲလေ။

မနော်ဟရာသည် ပူဆွေးဝမ်းနည်းမှုတို့ကြောင့် အရုက်ကို မငဲ့နိုင်ဘဲ သည်းသည်းထန်ထန် ငိုကြွေးနေမိ၏။

သူမကို မောင်တော်နဲ့ မခွဲခွာစေရေးတွက် သုဗာဟုမင်းကြီး အား တောင်းပန်ရန် ကြိုးစားလိုက်မိသေးသည်။ သို့သော် တင်းမာ ခက်ထန်သော မျက်နှာတော်နှင့် ရက်စက်ပြတ်သားသော စူးရှ မျက်ဝန်းများကြောင့် တောင်းပန်ရန် စကားတို့ကို ကြိတ်မှိတ်မျိုသိပ် လိုက်ရတော့၏။

သူမ စက်ဆောင်ခန်းဆီသို့ ပြန်လာပြီးနောက် ကိန္နရီ အဆောင် တန်ဆာတို့ကို ဝတ်ဆင်တော့သည်။

မောင်ကော်၏ အငွေ့အသက်တွေ ဖုံးလွှမ်းနေသော ဤ စက်ရာခန်းဆောင်အတွင်းဝယ် ချစ်သောမောင်တော်အား သတိ တမ်းတစိတ်တွေ ပြင်းပြင်းပြပြ ခံစားနေရင်းက အဆောင်တန်ဆာတို့ကို တစ်ခုချင်း ဝတ်ဆင်ကာ ဆီနှံ့သာများ လိမ်းကျံနေမိသည်။

မျက်ရည်များသည် ပါးပြင်ထက်ဝယ် တလိမ့်လိမ့် အဆ အယက် ကျဆင်းနေသည်။ အဆုံးစွန်သော နာကျင်ကြေကွဲမှုကို ခံစားရပြီးနောက် စိတ်သည် ထုံထိုင်းသွားသလို တုန်လှုပ်မှု

အလျဉ်းကင်းမဲ့သွားရပြီ။ အေးစက်မာကျောသော မျက်ဝန်းတို့သည် နာကြည်းကြေကွဲရိပ်တို့ဖြင့် စွန်းထင်းလျက် ရှိနေသည်။ ကြေးမုံပြင်ထက်၌ မြင်နေရသော သူမမျက်နှာပြင်သည် ဝမ်းနည်းပူဆွေးမှုတို့ဖြင့် နွမ်းနယ်ဖျော့တော့နေသော်လည်း မျက်ဝန်းတို့သည် စူးရှအေးခဲနေလျက် ရှိသည်။

ကိန္နရီအတောင်ပံများကို တပ်ဆင်ပြီးလိုက်သည်နှင့် သူမ စက်ခန်းဆောင်မှ လှမ်းထွက်လာခဲ့သည်။ မနော်ဟရာအား သနားကရုဏာသက်မိကြသော ရံရွေတော်များနှင့် မောင်းမမိဿံတို့သည် ကြေကွဲဝမ်းနည်းစွာဖြင့် ကြိတ်မှိတ်ငိုကြွေးကြကုန်သည်။ နန်းတော်တွင်းဝယ် ရှိုက်သံသဲ့သဲ့များ ဟိုတစ်စု သည်တစ်စု ပျံ့လွင့် ပေါ်ထွက်နေသည်။ မောင်းမမိဿံတို့သည် မနော်ဟရာကို ကရုဏာသက်သော မျက်ဝန်းတို့ဖြင့် ကြည့်ရှုနေရင်းက ဆို့ဆို့နစ်နစ် ခံစားနေကြ၏။ ချစ်သူနှစ်ဦး၏ ကွေကွင်းမှုကို မျက်မြင်ဒိဋ္ဌတွေ့မြင်ရသူများအဖို့ ဖြေမဆည်နိုင်အောင်ပင် မျက်ရည်ချောင်းစီး ဖြစ်ခဲ့ရပြီ။ ကိန္နရီမယ်လေးအပေါ် သနားကရုဏာပိုကာ စုတ်သပ်မိကြတော့သည်။

မနော်ဟရာသည် ချစ်သူ သုဓနုမင်းသား၏ အသံနှင့် ကြည်နူးခဲ့ရသော ချစ်ရက်များကို မြင်ယောင်ကြားယောင်ရင်း သူမ အလွန်အမင်း လွမ်းဆွတ်လာရသည်။ မောင်တော့်ကို နောက်ဆုံးအနေဖြင့် ကြည့်မြင်ခွင့်လေးတောင် သူမ မရရှိခဲ့ပေ။ မောင်တော်ကို နှုတ်ဆက်ခွင့်လေးတောင် မရနိုင်ဘဲ ချစ်သူနှင့်ဝေးရာသို့ သူမ ထွက်ခွာသွားရတော့မည်။

သူမတို့နှစ်ဦးကြား ကောင်းမြတ်သော ကုသိုလ်ကံတို့ ဆုံးရှုံး

ပျောက်ကွယ်သွားရချေပြီ။ ဆိုးရွားရက်စက်သော ကံကြမ္မာသည် သူမတို့၏ ချစ်ကမ္ဘာငယ်လေးအား ထိုးခြေ ဖျက်ဆီးလိုက်ပြီဖြစ်ပေတော့၏။

* * *

## အခန်း(၁၂)

ကြီးမားသော အတောင်ပံများကို ဖြန့်ကျက်ကာ သူမ၏ အဆင်တန်ဆာအပြည့်အစုံကို ဝတ်ဆင်ထားသော မနော်ဟရာသည် ကိန္နရီမလေးတစ်ဦး အသွင်ဖြင့် လှပကြွရွနေသည်။ သူမသည် နန်းတော်အပြင်ဘက်ဆီသို့ တရွေ့ရွေ့ လှမ်းလာနေသည်။ သူမအဖြစ်ကို သနားကရုဏာ ဖြစ်မိသော နန်းတွင်းသူတို့သည် မျက်ရည်များ စီးဝဲကာ ကြိတ်၍ ငိုကြွေးကြကုန်၏။

ဟတ္ထိရာပူရနန်းတော်အတွင်းမှ ထွက်ခွာလာပြီးနောက် မြို့တွင်းသို့ ရောက်ရှိလာခဲ့သည်။ ကိန္နရီမယ် မနော်ဟရာကို တွေ့ရှိရသည့် မြို့သူမြို့သားတို့သည် တစ်ဦးစ နှစ်ဦးစမှနေ၍ အချင်းချင်း သတင်းပျံ့နှံ့သွားပြီးနောက် လူစုလူဝေးကြီး ဖြစ်လာကာ သူမအား ဝိုင်းဝန်း ကြည့်ရှုကြသည်။ မနော်ဟရာအဖြစ်အား သနားကရုဏာ သက်ကာ ကြေကွဲဝမ်းနည်းကြသူတို့သည် ကြိတ်၍ ရှိုက်ငိုကြသည်။ ငိုသည်းရှိုက်သံများသည် ဟတ္ထိနာပူရမြို့တော်တွင်း ပျံ့ဝဲလွင့်ပျံ့နေသည်။ ကြေကွဲရီဝေသော မျက်ဝန်းတို့သည် ကိန္နရီမယ်လေးအပေါ်

စာနာ နားလည်စွာ ကြည့်ရှုနေကြလျက်။

မနော်ဟာရာသည် ရက်စက်တတ်သော လူသားတို့၏ အပြုအမူမျိုးကို ကြုံတွေ့ခဲ့ရပြီးနောက် ကြင်နာနွေးထွေးသော လူသား တို့၏ အပြုအမူများကို ထပ်မံကြုံတွေ့ရသည့်အခါတွင် တုန်တု လှုပ်လှုပ် ကြည်နူးမိရပြန်ပြီ။ လူသားတို့သည် ရက်စက်ကြမ်းကြု တတ်သလို ကြင်နာနွေးထွေးကြသူများလည်း ဖြစ်သည်ဟု သူ တအံ့တသြ မှတ်ချက်ချမိရ၏။

သူမ၏ လက်ဝဲဘက်၌ လည်းကောင်း၊ လက်ယာဘက် လည်းကောင်း ပုစုလုဝေးကြီးသည် ရှိနေသည်။ ထောင်ပေါင်းများစွာ သော မြို့သူမြို့သားတို့သည် လက်တို့ မြှောက်ကာ မနော်ဟာရာ အရိုအသေ ပြုကြလေသည်။ အမျိုးသမီးတို့သည် မနော်ဟာရာ ရနံ့ထုံကြိုင်သော ပန်းကုံးများ စွပ်ကာ ချီးမြှောက်ကြသည်။ ပြည်သူ လူထု အစုအဝေးကြီးက မနော်ဟာရာကို ပတ်ပတ်လည် ဝန်းရံထာ လေသည်။

မနော်ဟာရာသည် မိမိအား ချစ်ခင်မြတ်နိုးသော ဟတ္ထိနာပူ မြို့သူမြို့သားများ၏ အပြုအမူကြောင့်လည်း အံ့သြဝမ်းသာမိရသည်

သို့သော် သူမချစ်သော မောင်တော်နှင့်အတူ ဟတ္ထိနာပူ မြို့တော်ကြီးကို စွန့်ခွာသွားရတော့မည်။ သူမသည် မြို့ပြင်သို့ ထွက် တရွေ့ရွေ့ လှမ်းလာခဲ့သည်။ လူစုလူဝေးကြီးသည် သူမ သွားနိုင် လမ်းဖယ်ပေးကြလေ၏။ မြို့ပြင်သို့ ရောက်လာခဲ့ပေပြီ။

မနော်ဟာရာသည် ဟတ္ထိနာပူရမြို့တော်ကြီးနှင့် မြို့သူမြို့သာ များကို နောက်ဆုံးအကြိမ်ဖြင့် ဝေ့ကြည့်လိုက်မိသည်။ ထို့နော

ောင်တို့၏ အရှင်ဖြစ်သော ဟိမဝန္တာရှိရာ မြောက်ဘက်အရပ်သို့ ကြ်နှာမူလိုက်လေသည်။ ဟတ္ထိနာပူရကို ကျောခိုင်းထားလျက် မြို့သူ ြို့သား လူစုလူဝေးကြီးကို စိတ်တွင်းမှ ဖယ်ထုတ် ဖျောက်ပစ်လိုက်ပြီး နောက် ဟိမဝန္တာတောင်တန်းများဆီသို့ ပျံတက်သွားလေတော့သည်။ ည်ဝေစည်သွားသော ရှိုက်သံတို့နှင့် ဟတ္ထိနာပူရသည် တဖြည်းဖြည်း ေး၍ ဝေး၍ သွားရလေပြီ ဖြစ်လေတော့၏။

ဟိမဝန္တာ တောင်တန်းများဆီသို့ ရောက်ရှိလာခဲ့ပေပြီ။

မနော်ဟရာသည် ရှေ့တွင် ကမ်းယံနှစ်ခုကြား၌ စီးဆင်းနေ သော သုတလိမြစ်ကို လှမ်းတွေ့လိုက်ရသည်။ ထိုမြစ်ကို ဖြတ်၍ မြေပြည်သို့ သွားရမည်ဖြစ်သည်။ သို့သော်လည်း နောက်ဆံတင်းမိ သော စိတ်ကြောင့် ခရီးလမ်းဝယ် ရှေ့ဆက်မရဘဲ နောက်သို့ ပြန် ြန်လှည့်လာကာ ဟတ္ထိနာပူရပြည်သို့ မျှော်ကြည့်မိပြန်သည်။

မောင်တော် သုဓနုရှိရာသို့ ငေးမျှော်ရင်း သူမ မျက်ရည်တို့ ြင်တွင်ကျလာမိရသည်။ 'မောင်တော်ရယ် ... နှမတော်တို့ ပြီးတိုင် ဝေးကြပြီပေါ့နော်'

အားရအောင် ငိုကြွေးငေးမျှော်ပြီးမှ ခရီးကို ဆက်ရန် ှမ်းလိုက်တော့၏။

သုတလိမြစ်ကမ်းထိပ်တွင် သမင်လိုက်နေကြသော မုဆိုး ဦးသည် သုတလိမြစ်ရှိရာသို့ တရွေ့ရွေ့ လှမ်းလာနေသော မိန်းမပျို ယ်တစ်ယောက်ကို လှမ်းတွေ့လိုက်ရလေ၏။

"ဟေ့ ... မာလက၊ ဟောဟိုက လှမ်းလာနေသော မိန်းမပျိုငယ်သည် ကိန္နရီပျိုမတစ်ပါး မဟုတ်လား"

မုဆိုးတစ်ဦးက ပြောဆိုသည်။ မာလကဟူသော မုဆိုးက လှမ်းကြည့်လိုက်ပြီးနောက် -

"ဟုတ်ပါရဲ့၊ ကိန္နရီပျိုမတစ်ပါးပဲ၊ အဘယ်ကြောင့် ဤအရပ်သို့ ရောက်ရှိလာလေသလဲ မသိဘူးနော်၊ သူ့မျက်နှာကို အသေအချာ ကြည့်စမ်းပါဦး ဥပ္ပလကရယ်၊ ဝမ်းနည်းပူဆွေး နေပုံရတယ်"

"အေးဟ၊ မျက်နှာညှိုးနွမ်းနွမ်းနဲ့ မကြခဏလည်း နောက်သို့ လှည့်ကြည့်နေသေးတယ်၊ ကေန် ကိန္နရီပျိုဟာ ကြေကွဲဝမ်းနည်းဖွယ်တို့ ဖြစ်ပျက်လာပုံရတယ်၊ တို့တွေ သွားမေးကြစို့ မာလက"

ဥပ္ပလကဟူသော မုဆိုးကြီး၏ စကားကို မာလက မုဆိုးက ထောက်ခံလိုက်ကာ ကိန္နရီပျိုရှိရာသို့ လျှောက်လာကြ၏။

ကိန္နရီပျိုသည် ချောမောလှပလွန်းသည်။ လက်ဝတ်တန်ဆာအားလုံးကို ဆင်ယင်ထားကာ ဆီလိမ်းကျံထားသည်ကို တွေ့ရ၏။ မညှိုးမနွမ်းသော မွေးမြထုံကြိုင်သော ရနံ့ရှိသည်။ ပန်းကုံးတို့ကိုလည်း ကိုင်ဆောင်ထားသည်။ ရွှန်းလဲ့တောက်ပဝိုင်းစက်သော မျက်ဝန်းများသည် သောကရိပ်တို့ စွန်းထင်းနေ၏။ ကိန္နရီပျိုသည် သူတို့နှစ်ဦးကို တွေ့ရှိသွားလေသည်။ ကိန္နရီပျိုရှေ့ ရောက်သည်နှင့် မုဆိုးနှစ်ဦးသည် လက်များ ပေါင်းဆက်တင်မြှောက်ကာ အရိုအသေပေးလိုက် ကြသည်။ ထို့နောက် ဥပ္ပလကမုဆိုးက -

"သင်သည် အဘယ်သူနည်း၊ သင်သည် သွားလည်းသွား၏၊ အဖက်ဖက်သို့လည်း ကြည့်၏၊ သင်သည် အဖက်ဖက်

သို့လည်း ကြည့်၏၊ သွားလည်း သွား၏၊ အဘယ်ကြောင့် နည်း။ အသင်ကိန္နရီပျို့ အဘယ့်ကြောင့် အဖက်ဖက်သို့ သင်ကြည့်ပါသနည်း၊ ထို့ပြင် ဤမှ အဘယ်အရပ်သို့ သင်သွားနေပါသနည်း"

မနော်ဟရာသည် ရှုးစမ်းမေးလာသော မုဆိုးတို့အား ပြန်လည်ဖြေကြားလိုက်သည်။

"ကျွန်ုပ်သည် မနော်ဟရာဖြစ်ပေ၏၊ ကျွန်ုပ်သည် နှစ်ခု သော အကြောင်းကြောင့် ပူဆွေးခြင်း ဖြစ်ရ၏၊ ကျွန်ုပ်၏ သခင်နှင့် လူရိုင်းတို့၏ အရပ်ကြောင့် ဖြစ်၏။ နိရတိပြည်သို့ ဝမ်းမြောက်ဝမ်းသာစွာနှင့် ကျွန်ုပ် သွားရမည်ဖြစ်သော် လည်း သုဓနုမင်းသားရှိရာသို့ ငေးမျှော်ကြည့်မိခြင်းသာ ဖြစ်ပါသည်"

"သြော် … သင်က ဟတ္ထိနာပူရဘုရင် သုဓနုမင်း၏ ကြင်ယာတော် မနော်ဟရာပေပဲကိုး"

မာလကမုဆိုးသည် ကြားဖူးထားပြီးသော သုဓနုမင်းသား၏ ကြင်ယာတော် ကိန္နရီမယ်ကို မျက်မြင်တွေ့လိုက်ရတော့မှ အချော အလှသတင်းသည် ဟုတ်မှန်ကြောင်း အတည်ပြုမိရတော့သည်။

"သုဓနုမင်းသားထံတွင် ပြည်သူတို့အထဲမှ ရွေးကောက် ထားသော မောင်းမအခြွေအရံတို့ မြောက်မြားစွာ ရှိကုန်၏၊ သူသည် ထိုမိန်းမတို့နှင့်သာ သူ၏ ပျော်ရွှင်မှုကို ယူလိမ့် မည်၊ သင့်ကို သုဓနုသည် သတိရလိမ့်မည်မဟုတ်ချေ"

ဥပ္ပလကမုဆိုးကြီးက ထိုသို့ပြောလေသောအခါ မနော်ဟရာ

သည့် ညင်ညင်သာသာ ခေါင်းခါယမ်းလိုက်ရင်းက မျက်ဝန်းတို့သည် ငြင်သနဲ လင်းလက်တောက်ပြောင်သွား၏။

"ကျွန်ုပ်သည် အကြည့်တစ်ချက်၊ အပြုံးတစ်ခုဖြင့် သုခနေကို ဆွဲငင်နိုင်စွမ်းရှိသည်၊ အကြင်သူတစ်ဦးသည် ဆင်တမျှ ကြီးမားနေလင့်ကစား၊ ထိုသူအား ချုပ်ကိုင်ထားနိုင်သော အစွမ်းသည် ကျွန်ုပ်ထံ၌ ရှိနေပါသေးသည်"

ဟု မနော်ဟာရာသည် ပြန်လည်ပြောဆိုလိုက်၏။ ထို့နောက် မနော်ဟာရာသည် သူမ၏လက်ဘွင် ဝတ်ဆင်ထားသော လက်စွပ် တစ်ကွင်းကို ချွတ်ယူလိုက်ကာ မုဆိုးတို့အား ပေးလေသည်။ ပတ္တမြား ရည် လဲ့နေသော လက်စွပ်သည် နေရောင်အောက်တွင် ဝင်းခနဲ တဖျတ်ဖျတ် လက်သွားလေ၏။ ထိုလက်စွပ်သည် ဒင်္ဂါးအရာ အထောင်များစွာတန်လေ၏။ မနော်ဟာရာသည် လက်တွင်ကိုင်ဆောင် ထားသော ပန်းကုံးတစ်ခုကို ဖြုတ်ယူလိုက်ကာ မုဆိုးဘို့အား ပေးပြန် လေသည်။ ပန်းကုံးသည် အညိုရောင်ပန်းများဖြင့် သီကုံးထားသော ပန်းညိုကုံးပင် ဖြစ်သည်။ ပန်းရနံ့သည် မွှေးကြိုင်လတ်ဆတ်နေဆဲပင် ရှိ၏။

"ကျွန်ုပ်အား တွေ့လို၍ ကျွန်ုပ်၏နောက်သို့ သုခနေမင်းသား လိုက်လာသည်ရှိသော် ဤနှုတ်ဆက်ခြင်း အထိမ်းအမှတ် ပစ္စည်းတို့ကို ကျွန်ုပ်အမည်ပြောကြား၍ ပေးဆက်လိုက်ကြ ပါလော့"

မနော်ဟာရာသည် ဝမ်းနည်းကြေကွဲသော အသံဖြင့် မုဆိုးတို့ အား မှာကြားလေသည်။ နှုတ်ဆက်ခြင်း အထိမ်းအမှတ်ဟု ပြောစဉ်

တွင် သူမအသံသည် တိုးတိတ်အက်ကွဲသွားကြောင်း မုဆိုးနှစ်ဦး
သတိထားမိလိုက်ကြသည်။ သနားစရာကောင်းသော ကိန္နရီမယ်
လေးကိုကြည့်ကာ မုဆိုးကြီးနှစ်ဦးသည် ကရုဏာသက်မိကြတော့၏။

မနော်ဟရာသည် ပူဆွေးမှုကြောင့် တိုးတိမ်သွားသော
အသံကို အားယူကာ စကားပြန်ဆက်လေ၏။

"ထိုမှတစ်ပါး လူတို့၏ သတ္တဝါဗြမ်းရည်တို့ မမီမစွမ်းသည့်
ဤနေရာမှပြန်လှည့်သွားရန်နှင့် ခက်ခဲသောခရီးသို့ ရောက်ရှိ
နေကြောင်းတို့ကို သုဓနုမင်းသားအား သင်တို့ ပြောပြကြ
လော့၊ ဤသည်မှာလည်း ကျွန်ုပ်၏ကံကြမ္မာက လူတို့နှင့်
သီးသန့်ခွဲခြားနေထိုင်ရန် စီမံလာသောကြောင့် ဖြစ်ပါသည်"

မုဆိုးနှစ်ဦးသည် မနော်ဟရာ မှာကြားသည်တို့ကို ဂရု
စိုက် မှတ်သားနားထောင်သည်။ ထို့နောက် -

"စိတ်ချပါ ကိန္နရီမယ် မနော်ဟရာ၊ သုဓနုမင်းသား
ရောက်ရှိလာသည်ရှိသော် အသင်မှာကြားခဲ့သည်တို့ကို
ပြန်လည်ပြောကြားပေးပါ့မယ်"

"ကောင်းပေပြီ မုဆိုးတို့၊ အသင်တို့၏ အမည်နာမများကို
လည်း အကျွန်ုပ်အား ပြောကြားကြပါလော့"

"ကျွန်ုပ်၏ အမည်မှာ ဥပ္ပလက"

"ကျွန်ုပ်ကတော့ မာလကပါ ကိန္နရီမယ်"

မနော်ဟရာက အသိအမှတ်ပြုသလို ခေါင်းညိတ်၏။ ထို့
နောက် သုတာလိမြစ်ရှိရာသို့ မျှော်ကြည့်လိုက်သည်။ မျက်ဝန်းများသည်
ရီဝေတော့သွားပြန်၏။

"ကျွန်ုပ်၏ နိရတိပြည်သို့ ကျွန်ုပ် ပြန်ရတော့မည် မုဆိုးတို့ အကျွန်ုပ် မှာကြားခဲ့သည်တို့ မမေ့မလျော့ပါစေနှင့်၊ သုမနေ မင်းသားသည် ဤနေရာသို့ ရောက်ရှိလာခဲ့လေလျှင် အသင် တို့သည် ဤနေရာမှ ပြန်လှည့်သွားရန် အသင်တို့ ပြောကြားကြကုန်လော့"

မနော်ဟရာသည် စိတ်မချခြင်းကြီးစွာဖြင့် ထပ်မံမှာကြား ပြန်၏။ မောင်တော် သုမနေသည် သူမ မရှိတော့သည်နှင့် သူမအား လိုက်လံရှာဖွေရန် ရောက်ရှိလာချေတော့မည်ကိုလည်း သူမ ကြိုတင် သိနေခဲ့သည်။ မောင်တော်အား ခရီးကြမ်းကို မဖြတ်သန်းစေလိုပေ။ လူသာမန်တို့အတွက် အလွန်အန္တရာယ်ရှိသော ဤခရီးလမ်းတို့ မောင်တော်အား မလာစေချင်ပေ။ ထို့ကြောင့် သူမ အတန်တ မှာနေခဲ့ရခြင်းဖြစ်၏။

"စိတ်ချတော်မူပါ ကိန္နရီမယ်၊ အကျွန်ုပ်တို့ အသင်ပြော သည့်အတိုင်း လိုက်နာပြောကြားပေးပါ့မယ်၊ စိတ်ချလက်ချ သာ နိရတိပြည်သို့ ပြန်ပါလော့"

မနော်ဟရာသည် အသေအချာပြောနေသော မုဆိုးတို့စကား ကို ကြားမှ ယုံကြည်စိတ်ချသွားဟန်ဖြင့် သုတလိမြစ်ကို ဖြတ်ကူးရန် ပြင်လိုက်လေ၏။

သုတလိမြစ်ရေသည် စိမ်းမြနေလျက် ဖန်ကြည်တုံးသကဲ့သို့ ကြည်လင်သန့်စင်နေ၏။ တငြိမ့်ငြိမ့် စီးဆင်းနေသော သုတလိမြစ် သည် စိမ်းမြတောက်ပသော ကမ်းပါးနှစ်ဖက်ကြား၌ ကျက်သရေရှိစွာ ဖြင့် တင့်တယ်နေလေသည်။ အေးမြသန့်ရှင်းသော ရေအလျင်သည်

မြစ်ရေကြောအတိုင်း ညင်ညင်သာသာ လိမ့်လျှောစီးဆင်းနေခြင်း လည်း ဖြစ်သည်။ မြစ်ရေ၏ အေးမြသန့်စင်မှုသည် နှလုံးအိမ်ထဲထိ တိုင်အောင် လတ်ဆတ်သွားစေတော့၏။ မနော်ဟာရာသည် သုတလိ မြစ်ရေကို ကြည့်ရှုမိနေရင်း သောကအပူတို့ အနည်းငယ် ပြေပျောက် သွားစေတော့၏။ ထိုပြေပျောက်မှုသည် ခဏတွင်းချင်းမှာပင် ပြန်လည် ပေါ်ထွက်လာပြန်သည်။ ချစ်သူမောင် မျက်နှာကို မြစ်ရေပြင်ထက်တွင် မြင်ယောင်လာမိ၍ ဖြစ်သည်။ သူမ မျက်ဝန်းတို့ကို တအားမှိတ်ပစ် လိုက်မိ၏။ လတ်ဆတ်သော လေတို့ကို ခပ်ပြင်းပြင်း ရှုရှိုက်လိုက်ကာ မြစ်ကို ဖြတ်ကူးရန် အားယူလိုက်လေ၏။

ကြီးမားသော တောင်ပံများကို ခတ်ကာဖြင့် သုတလိမြစ်ကို ဖြတ်ကူးလိုက်လေသည်။ ရေပြင်သည် တောင်ပံခတ်လိုက်သော လေ၏အဟုန်ကြောင့် ဝဲထလှုပ်ခတ်သွားလေသည်။ လေအဟုန်သည် ရေပ်တန့် ကြည့်ရှုနေသော မုဆိုးနှစ်ဦးဆီသို့ အရှိန်အဟုန်ပြင်းစွာဖြင့် သာရောက် ရိုက်ခတ်လေသည်။ မုဆိုးနှစ်ဦးသည် လွင့်စင်လာသော မှုန်သဲများကြောင့် မျက်တောင်များ ဖျတ်ခနဲ မှိတ်ပစ်လိုက်ရလေသည်။

လေရှိန်ကုန်တော့မှ မျက်ဝန်းများကို ပြန်လည် ဖွင့်ကြည့်မိကြ လေသည်။ မနော်ဟာရာသည် မြစ်ရေပြင်ကို သူမ၏ ခြေဖဝါးနှင့်ပင် ထိတွေ့စေဘဲ ဖြတ်ကူးသွားလေပြီ။ ဟိုမှာဘက်ကမ်းပါးထက် ဆီသို့ပင် ရောက်ရှိသွားလေတော့၏။

ထို့နောက် သူမသည် ကမ်းယံထက်ဆီမှ သူတို့ရှိရာသို့ မျှော်ကြည့်နေလိုက်ပြီးမှ ဝေးရာသို့ ထွက်ခွာသွားလေတော့သည်။

မနော်ဟာရာသည် ချစ်သူနှင့် ကွေကွင်းရခြင်းဟူသော

ကြေကွဲဝမ်းနည်းမှုတို့ကို သယ်ဆောင်ကာဖြင့် နိရတိပြည်ရှိရာသို့ မှန်းမျှော်ပျံသန်းသွားပြီ ဖြစ်လေတော့သည်။

* * *

## အခန်း(၁၃)

ဟတ္ထိနာပူရ နန်းတော်တွင်းဝယ် သုဗာဟုမင်းကြီးသည် မနော်ဟရာ ပြန်သွားကြောင်း ကြားသိရသည်နှင့် သားတော် သုမနမင်းသားအား ဆင့်ခေါ်လိုက်လေသည်။ သားတော် သုမနမင်းသား ရောက်လာသောအခါ -

"အို ... သားတော်ရယ်၊ ဖခမည်းတော်အပေါ် ခွင့်လွှတ်ပါလော့၊ ဤသို့ လုပ်ဆောင်ရသည်မှာလည်း သားတော်၏ ရှေ့ရေးအတွက်သာ ဖြစ်ပေတယ်ကွယ်"

ဖခမည်းတော်မင်းကြီးက တောင်းပန်စကားကို ဆိုလေသည်။ ထို့နောက် ခမည်းတော်နှင့် မယ်တော်တို့သည် သူ့အား ပွေ့ပိုက်နမ်းရှုပ်ကြလေ၏။

"သားတော်၊ ကိန္နရီမကို စိုးစဉ်းမျှ မတွေးပါနှင့်တော့၊ သားတော်၌ မြောက်မြားလှစွာသော မောင်းမမိဿံဆောင်များ ရှိပါသည်၊ ထိုမှတစ်ပါး အခြားသော မိန်းမပျို ထောင်ပေါင်းများစွာကိုလည်း သားတော်အား ပေးဦးအံ့၊ ဤ

မောင်းမမိသယ်များနှင့် သားတော်ကိုယ်တိုင် ပျော်ရွှင်မှု ယူပါ
လော့၊ ပျော်မြူးမိန်းမောပါလေလော့၊ ကိန္နရီသည် သားတော်
နှင့် အဘယ်သို့ စပ်အပ်လေသနည်း၊ သားတော်သည်
လူသားတစ်ဦးသာ ဖြစ်ချေသည်''

ခမည်းတော်သည် သူ့အား နှစ်သိမ့်ပြောဆိုလာ၏။

ချစ်သော မနော်ဟရာသည် နိုရတိပြည်သို့ ပြန်သွားပြီဟု ကြားသိမိရစဉ်တွင် အက်ကွဲကြေမွသွားမလောက် ဖြစ်တည်ခဲ့ရသော အသည်းစိုင်တို့သည် အခုထိ ထုံထိုင်းအေးစက်စွာ ရှိနေဆဲပင်။

ခမည်းတော်ပြောသော စကားဘို့သည် နားထဲသို့ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ သူ့စိတ်အာရုံသည် မနော်ဟရာကို ပြင်းပြင်းပြပြ လွမ်းဆွတ်သတိရစိတ်တို့ဖြင့်သာ ပြည့်နှက်နေပေတော့၏။ ကြေကွဲဖျော့တော့နေသော မျက်ဝန်းတို့သည် ရီဝေအုံ့မှိုင်းနေလျက် ရှိနေ၏။ ရှည်လျားထူထဲလာသော မုတ်ဆိတ်ကျင်စွယ်များဖြင့် ချောမောခန့်ညားသော သုဓနု၏မျက်နှာပြင်သည် ညစ်ညူးနွမ်းနယ်လျက် ရှိပေတော့သည်။

သားတော်၏ ကြေကွဲဝမ်းနည်းနေရှာသော အသွင်ကို သုဗာဟုမင်းကြီးမြင်သော် စိတ်နှလုံး မသာမယာ ဖြစ်မိရသည်။ သို့သော် မင်းကြီးသည် သူ၏လုပ်ဆောင်ချက်တို့ မှန်ကန်သည်ဟု ယူဆနေဆဲ။ သားတော်သည် မနော်ဟရာကြောင့် ဘဝနစ်မွန်းရတော့အရေးကို သူကယ်တင်လိုက်နိုင်မည့် နည်းလမ်းသည် သူတို့နှစ်ဦးအား ခွဲခွာပစ်လိုက်မည်မှသာ သင့်တော်မှန်ကန်ဆုံးဟု သူ ထင်မြင်မိခဲ့ခြင်းကြောင့်လည်း ဖြစ်သည်။

သားတော် သုခနေသည် မနော်ဟရာအား မေ့ပျောက်ရန်၊ ပျော်ရွှင်လာစေရန် ဝန်မင်းတို့အား မိန့်ဆိုထားခဲ့လေ၏။

"ဝန်မင်းတို့ ... သားတော်၏ နန်းဆောင်ကို မွမ်းမံ ဆင်ယင်ကြလော့၊ ခန့်ညားထည်ဝါသော နန်းဆောင်တစ်ခု အဖြစ် အမြန်ဆုံး စီခြယ်ကြလော့"

ဝန်မင်းတို့သည် ဘုရင့်အမိန့်တော်အတိုင်း သုခနေမင်းသား၏ နန်းဆောင်အမျိုးမျိုး ပြုပြင်မွမ်းမံ ဆင်ယင်ကြသည်။ အဝင်ခန်းဆောင် တစ်ဆောင်အတွင်း၌ အမွှေးအကြိုင် နံ့သာမှုန့်များ ထည့်ထားသော အိုးများကို ချထားလေသည်။ ထုံကြိုင်သင်းပျံ့သော ရနံ့များကို ရှူရှိုက်ကာ ခန်းဆောင်များဆီမှ ဖြတ်ကျော်လာပြီးသည့်နောက်တွင် စက်ခန်းဆောင်သို့ ရောက်ပေမည်။ စက်ခန်းဆောင်ကိုလည်း ရင်သပ် ရှုမောဖွယ်ဖြစ်အောင် ဆင်ယင်မွမ်းမံကြပြန်၏။ ခန်းဆောင်အတွင်း လျှောက်လိုက်တိုင်း နူးညံ့သော ထိတွေ့မှုကို ရစေမည့် ကတ္တီပါ ကော်ဇောများကို ခန်းလုံးပြည့် ခင်းကျင်းထားသည်။ ထူထဲအိစက် သော ဖဲမွေ့ရာ သလွန်၊ ရွှေခြည်ထိုး ခန်းဆီးစများ၊ ရှုမငြီးသော မှန်နှာကြက်ယက်များ၊ ခန်းဆောင်တွင်းရှိ အသုံးအဆောင် ပစ္စည်း ပစ္စယများဖြင့် နေရာတကျ သပ်ရပ်လှပစွာ မွမ်းမံခြယ်သထားလေ၏။ စက်ဆောင်အတွင်း မွှေးပျံ့သော ပန်းရနံ့တို့ဖြင့် ထုံကြိုင်သင်းပျံ့စေ၏။ သုခနေမင်းသားလေး၏ နန်းဆောင်သည် နတ်ဘုံဗိမာန်တမျှ ခမ်းနား ထည်ဝါလှအောင် ဝန်တို့သည် အဖက်ဖက်၌ အမျိုးမျိုး မွမ်းမံဆင်ယင် စေလေသည်။

ခန်းဆောင်အတွင်းဝယ် အခွဲချထားသော သလေးဆန်နှင့်

ထူးကဲသောအရသာတို့နှင့် ပြည့်စုံသော ထမင်းဟင်းလျာများကိုလည်း သုဓနုမင်းသားလေး ပွဲတော်ယူရန် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားပေ သည်။

ကမ္ဘာပေါ်တွင် ကုသိုလ်ကံကောင်းခြင်း၏ လက္ခဏာအဖြစ် ယူဆနိုင်သော ထိုအခြင်းအရာတို့ကို သုဗာဟုမင်းကြီးသည် သားတော် လေးအား ပေးအပ်ခဲ့သည်။

သုဗာဟုမင်းကြီးသည် နန်းတွင်းသူ မောင်းမမိဿံတို့ အားလည်း ...

"သုဓနုမင်းသားသည် မနော်ဟာရာကို ကြာရှည်စွာ မတွေ့ တောရန်အလို့ငှာ သင်တို့သည် သုဓနုမင်းသားကို ကောင်း စွာ ဖျော်ဖြေကာ ကြည့်ရှုနေကြရမည်"

ဟုလည်း တိုးတိုးတိတ်တိတ် ညွှန်ကြားထားတော်မူသည်။

"သားတော် ... ယခုအချိန်ကစပြီး နန်းရေး နန်းရာကိစ္စများ ကို စီမံအုပ်ချုပ်လော့၊ အမြင်စောင်းမြောင်းနေကြသော ပြည်သူတို့ကို တိုင်းရေးပြည်ရာအရေးများကို စွမ်းစွမ်းတမံ ဆောင်ရွက်၍ ဂုဏ်သိက္ခာကို ပြန်လည်မြှင့်တင်ပါလော့ သားတော်"

သုဓနုမင်းသားသည် ဖခမည်းတော် ပြောကြားသော စကားတို့ကို ပြန်လည်ပြောကြားခြင်းလည်း မရှိ။ ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါဘဲ ရှေ့တူရှုသို့ စူးစိုက်ကြည့်နေ၏။ သူ့ပုံစံသည် သူရူးတစ်ယောက်နှယ်ပင် ဖြစ်နေတော့၏။

သူ့စိတ်နှလုံးသည် မနော်ဟာရာအား သတိရ လွမ်းဆွတ်စိတ်

တို့သာ အစဉ်စိုးမိုးနေတော့သည်။ စိတ်အာရုံအကွင်းဝယ် မနော့် မျက်နှာလေးအား တရေးရေးမြင်ယောင်ကာ အမည်နာမကိုလည်း တစ်တတခေါ် နေမိတော့သည်။

သုဗာဟုမင်းကြီးသည် ရွှင်ရွှင်ပျပျမရှိဘဲ ငေးမော တွေဝေနေသော သားတော်အား စိတ်မသက်သာစွာဖြင့် ကြည့်ကာ သက်ပြင်းချလိုက်လေ၏။

"သားတော်လည်း ပင်ပန်းနွမ်းနယ်ချေပြီ၊ စက်ခန်းဆောင်ကော်ဝယ် သွားရောက် အနားယူပါချေလော့၊ နှစ်သက်ဖွယ် စည်းစိမ်တို့ဖြင့် စံစားအပန်းဖြေပါလော့"

ခမည်းတော်၏ နူးညံ့နွေးထွေးသောအသံဖြင့် မိန့်ဆိုလာမှုကြောင့် သုဓနုမင်းသားသည် ခမည်းတော်အား အရိုအသေပြုကာ နန်းဆောင်မှ ထွက်ခွာလာခဲ့လေ၏။ တံခါးဝသို့ ရောက်သောအခါ သူ့အား အသင့်စောင့်ကြိုနေကြသော မင်းမှုထမ်းများကို တွေ့လိုက်ရလေတော့သည်။

သူ့အား အလိုရှိသည်တို့ကို အလုပ်အကျွေးပြုရန် စောင့်စားနေကြသော ထိုသူတို့အား -

"ပြန်ကြလော့၊ သင်တို့၏ ကိုးကွယ်ဝတ်ပြုမှုကို ပြုကြလော့၊ သင်တို့ကိုယ် သင်တို့ ရေမိုးချိုးပြီး ဆီလိမ်းကျံကြလော့၊ ထို့နောက် ပန်းကုံးများ၊ လက်ဝတ်ရတနာများ ဝတ်ဆင်လော့၊ ထို့နောက် သင်တို့ကိုယ်တိုင် ပျော်ရွှင်မြူးတူးလော့"

ဟု မိန့်ဆိုလိုက်သည်။ ထို့နောက် လေးကန်သော ခြေလှမ်းများဖြင့် စက်ခန်းဆောင်ဆီသို့ လှမ်းလာတော့သည်။ သူ၏ နန်းဆောင်

အတွင်းဝယ် အထူးပြုလုပ်မွမ်းမံခြယ်သထားသော်လည်း ထိုအရာတို့သည် သူ့စိတ်နှလုံးအား ကြည်နူးနှစ်သက်မှုကို မပေးစွမ်းနိုင်ခဲ့။ မွေးမြူထုံကြိုင်သော ပန်းရနံ့တို့သည်လည်း ဆွတ်ပျံ့လွမ်းမောမှုတို့ကို ဖြေဖျောက်ခြင်းငှာ မစွမ်းဆောင်နိုင်ခဲ့ပေ။ မနော်ဟာရာအား အောက်မေ့သတိရ လွမ်းဆွတ်ခြင်းတို့ကို ဘယ်အရာမျှ ပြေပျောက်ခြင်းငှာ မတတ်နိုင်ခဲ့။ သူသည် အလွန်အမင်း ပူဆွေးဝမ်းနည်းမှုမျိုးကို ခံစားနေရ၏။

စက်ရာဆောင်အတွင်းသို့ ရောက်ရှိသည်နှင့် ကိုယ်လုပ်တော်မောင်းမတို့သည် ရေကြည်ဆက်သူ ဆက်၊ ချိုမြိန်လတ်ဆတ်သော သစ်သီးတို့ကို ဆက်သလာကြနှင့် သူ့မျက်နှာရိပ်ခြည်ကို ကြည့်ကာ ဂရုတစိုက် ပြုစုကြသော်လည်း သုမနမင်းသည် ဆက်သလာသည်တို့အား ခေါင်းတခါခါ၊ လက်တခါခါနှင့် ငြင်းပယ်နေသည်။ သူ့စိတ်သည် အလွန်ပင် နွမ်းနယ်ချိနဲ့နေပေပြီ။

"ခန်းဆောင်တွင်းက အားလုံး ထွက်ခွာသွားကြချေ၊ ငါ တစ်ပါးတည်း အေးအေးလူလူ နေချင်တယ်၊ ထွက်သွားကြ"

ဒေါသသံနှင့် အမိန့်ပေးလိုက်သော သုမနမင်းသား၏ အသံသည် နန်းဆောင်အတွင်းဝယ် ပဲ့တင်ထပ်သွားလေ၏။ ရံရွေတော်တို့သည် ကြောက်ရွံ့ ထိတ်လန့်စွာဖြင့် ခန်းဆောင်အပြင်ဘက်ဆီသို့ ထွက်ခွာသွားကြချေပြီ။

သူသည် နုံးချိခွေလျနေသော ကိုယ်ကို သလွန်ထက်ပေါ်သို့ လှဲချလိုက်လေ၏။ အိစက်သော ဖဲမွေ့ရာ၏ အထိအတွေ့ကို ခံစား

မိလိုက်ရ၏။ နှမ်းနယ်မှုတို့ အတန်ငယ် ပြေပျောက်သွားသလိုရှိသည်။ မျက်ဝန်းများကို မှေးမှိတ်လိုက်မိမှာပဲ ချစ်သော မနော်၏ ရုပ်ပုံလွှာသည် အာရုံထက်ဝယ် ထင်ဟပ်လာလေ၏။

မနော်ရယ် … ကြေကွဲ ဝမ်းနည်းနေပြီလားကွယ်။ မောင်တော်လေ … မနော့်ကို လွမ်းဆွတ်သတိရနေမိပြီ။ မနော်လည်း မောင်တော့်လိုပဲ ခံစားနေရရှာပြီလား။ ဘယ်သောအခါမှ မခွဲခွာဘူးလို့ တွေးထင်ထားခဲ့သမျှ ကံကြမ္မာဆိုးရဲ့ ရက်စက်မှုအောက်မှာ ပျောက်ကွယ်ခဲ့ပြီပေါ့။ မနော် မရှိမှတော့ မောင်တော့်ဘဝဟာလည်း ရှင်လျက်နဲ့ သေသလိုပဲ အဓိပ္ပာယ်မဲ့ခဲ့ရပြီ။ အချစ်မရှိတဲ့ ဘဝမှာ မောင်တော် မပျော်ပိုက်တော့ပါဘူး မနော်ရယ်။

သူသည် တွေးရင်းတောရင်း မျက်ရည်များ တသွင်သွင် စီးကျလာလေ၏။ အချိန်အတော်ကြာ ငိုပြီးသောအခါ၌ မျက်ခွံတို့သည် အလွန်ပင်ပန်းသွားဟန်ဖြင့် အနားယူပေတော့၏။ သူ အိပ်မော ကျသွားလေတော့ပြီ ဖြစ်သည်။

* * *

## အခန်း(၁၄)

သုမနမင်းသားသည် မနော်ဟာရာအား အောက်မေ့ သတိရ စိတ်တို့ဖြင့်သာ နေ့ရက်တို့ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့ပေ၏။ သူသည် ဖခမည်းတော်၏ ကြွယ်ဝလှသော မြို့ပြခြောက်သောင်း နယ်မြေဒေသနှင့် ရပ်ရွာများ၊ များပြားလှသော မောင်းမမိဿံနန်းဆောင်များအတွက် စိုးစဉ်းမျှ စိုးရိမ်ပူပန်မှု မရှိတော့ချေ။

"သားတော် … နန်းရေးနန်းရာကိစ္စများကို စီမံအုပ်ချုပ်လော့"

ဟူသော ခမည်းတော်၏ ညွှန်ကြားချက်များကို ကြားရလင့်ကစား သူသည် မေ့လျော့လျက်သာ ရှိနေ၏။

ခမည်းတော်၏ ဖျောင်းဖျနှစ်သိမ့်မှုစကားတို့သည်လည်း အရာမထင်စေခဲ့တော့။ မယ်တော်၏ ငိုကြွေး မြည်တမ်းမှုတို့သည်လည်း သူ့အဖို့ရာ တုန်လှုပ်ခြင်း အလျဉ်းမရှိတော့ပေ။ အရာရာသည် မနော်ဟာရာအား သတိရခြင်း စိတ်တို့ဖြင့်သာ လွှမ်းမိုးထားပေတော့ပြီ ဖြစ်၏။ တမှိုင်မှိုင် တတွေတွေနှင့် နေထိုင်နေသော သုမနမင်းသား

တို မြင်ရသူများအဖို့ စိတ်နှလုံး မချိမသာဖြစ်ရချေပြီ။

"အရှင့်သား … ကြေကွဲဝမ်းနည်းမှုတို့ဖြင့် ဤသည် အတိုင်း နေထိုင်သွားမည်ဆိုပါက အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ပါသည်၊ စဉ်းစားချင့်ချိန်တော်မူပါဘုရား"

သုမနမင်းသားသည် အဝေးသို့ ငေးကာ ဆွေးနေရာမှ မိမိအား ပြောလာသူကို လှည့်ကြည့်မိ၏။

"ဩော် … ဝသန္တက"

မိမိ၏ ငယ်ကျွန်ကြီး ဝသန္တကပဲ ဖြစ်သည်။ သူ့အား အလွန်ချစ်ခင်ရိုကျိုးသော ဝသန္တကသည် စိုးထိတ်ပူပန်စွာ ပြောနေခြင်း ဖြစ်သည်ဟုလည်း သူ နားလည်လိုက်မိသည်။

"ငါသည် မနော်ဟရာအား အလွန်အမင်း လွမ်းဆွတ် သတိရစိတ်တို့ ဖြစ်တည်နေရ၏၊ ကြေကွဲမှုတို့သည် ငါ့နှလုံးသွေး အစိုင်အခဲတို့၌ အမြဲမပြတ် စီးဆင်းချေလေပြီ ဝသန္တကရယ်"

သုမနမင်းသားသည် ငယ်ကျွန်တော် ဝသန္တကအား ဆိုင်တည်ငြီးရှာ၏။ ဝသန္တကသည် သုမနမင်းသားအား စိတ်မသက် သာစွာဖြင့် ကြည့်သည်။ သနားကရုဏာသက်မိသော မျက်ဝန်းတို့ အေးသားကြည့်နေခြင်းလည်း ဖြစ်သည်။

အရှင်သုမနမင်းသားသည် မုတ်ဆိတ်ကျင်စွယ်တို့ဖြင့် ညစ်နွမ်းနေလျက် မျက်ဝန်းတို့သည် ရီဝေဖျော့တော့နေသည်။ သောက ဒေနာ နှိပ်စက်မှုကြောင့် ထင်သည်။ ခန္ဓာကိုယ်သည်လည်း ပိန်ချုံး သွားသည်ဟု သူသတိထားမိရလေ၏။ အရှင့်သားသည် နန်းတော်

တွင်း၌ ပျော်မြူးစရာ မောင်းမမိဿံတို့ အများအပြားရှိသော်လည်း ၎င်းသူတို့ကို အာရုံဝင်စားခြင်း အလျဉ်းမရှိဘဲ ကိန္နရီမယ် မနော်ဟာရာ အပေါ်၌သာ တမ်းတမ်းစွဲ ယစ်မူးနေသောကြောင့်လည်း သူ အံ့ဩ တကြီး ဖြစ်မိရသည်။ ဤသည်မှာ ကြီးမားသော အချစ်စွမ်းအင် ကြောင့်ပေလား။ အချစ်ဆိုသည့်အရာကြီးသည် ဤမျှအထိ လွှမ်းမိုး ချုပ်ကိုင်ထားနိုင်လေသလားဟူ၍ပင် သူတအံ့တဩ တွေးမိလေ တော့သည်။

"ဝသန္တက"

"အမိန့်ရှိပါ အရှင်"

"အကယ်၍ ငါသည် မနော်ဟာရာအား လိုက်လံ ရှာဖွေ မည်ဆိုပါက အသင်သည် ငါ၏နောက်သို့ လိုက်မည် လော"

ချစ်ခင်ရိုကျိုးရသူ အရှင်သုဓနုက မေးလာသည်မို့ ဝသန္တက သည် မဆိုင်းမတွပင် ပြန်လည် ဖြေကြားလိုက်၏။

"အရှင့်နောက်တော်ပါး၌ တစ်ဖဝါးမှ မခွာစေဘဲ အရှင့် အကျိုးကို လိုက်ပါထမ်းရွက်ပါမည်"

"ကောင်းပေပြီ ဝသန္တက၊ အသင်ဟာ ကျွန်ုပ်၏ အားထား ရသူပါပဲလေ"

သုဓနုမင်းသားသည် ငယ်ကျွန်တော်ကြီးအား ချီးကျူး ပြောဆိုလိုက်၏။ သူသည် တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသည့် ဟန်မျိုး ဖြင့် တည်ကြည်နေသည်။ မျက်ဝန်းများသည် စူးစူးရှရှရှိကာ နားမလည်နိုင်သော အရောင်တချို့ လက်ဖြာနေသည်။ နှုတ်ခမ်းတို့

သည် ဖြူးရောင်သန်းလာသလို ထင်ရလေ၏။ ထို့နောက် ခေါင်းကို ဖြည်းဖြည်းချင်း တဆတ်ဆတ်ညိတ်၏။ ဝသန္တကသည် အရှင်သုစနု ၏ အမူအရာတို့ကို အသေးသား စိုက်ကြည့်ရင်းဖြင့်သာ နားမလည်နိုင် အောင်ပင် ဖြစ်မိတော့၏။

ထို့နောက် သုစနုမင်းသားသည် ဘေးဘီဝဲယာသို့ လှည့်ပတ် အကဲခတ်လိုက်ရင်း ဝသန္တကအား တစ်စုံတစ်ရာကို တီးတိုးပြောဆို လိုက်လေသည်။

ဝသန္တကသည် တအံ့ဖြသြ မော်ကြည့်သည်။ ပြီးနောက် ခေါင်းတဆတ်ဆတ်ညိတ်သည်။ မျက်ဝန်းနှစ်ခု ရှူးရှူးစိုက်စိုက် ဆုံမိလိုက်ကြ၏။ နှုတ်ခမ်းတို့သည် စေ့တင်းထားသော်လည်း ပြုံးရိပ်တို့ ရွန်းထင်နေလေသည်။

ထို့နောက် ဝသန္တကသည် နန်းဆောင်တွင်းမှ ခပ်သုတ်သုတ် ပြန်လည်ထွက်ခွာသွားလေ၏။ သုစနု မင်းသားသည် ပြုံးမြစွာဖြင့် ကျန်ရှိနေခဲ့လေတော့သည်။

✸

ညသန်းခေါင်ယံအချိန်သို့ ရောက်ရှိလာပေပြီ။

နန်းဆောင်တွင်းတွင် အမှုထမ်းတို့ အိပ်မောကျကာ ရှိနေ သည်။ သုစနုမင်းသားသည် မလျှော်မဖွပ်ထားသော အဝတ်အစား တို့ကို ဝတ်ဆင်ထား၏။ မျက်ဝန်းတို့က တစ်စုံတစ်ယောက်ကို စောင့်မျှော်နေဟန်ဖြင့် မငြိမ်မသက် ရှိလှသည်။ နန်းဆောင်အတွင်း

လူးလားခေါက်တုံ့ လျှောက်နေရာ စိတ်လှုပ်ရှားနေပုံရသည်။ ထိုစဉ်…

"အရှင် … အားလုံးအဆင်သင့် ဖြစ်ပေပြီ"

ဟူသော အသံနှင့်အတူ ဝသန္တက ရောက်ရှိလာ၏။ သုမနေ မင်းသားသည် ဝသန္တက ရောက်ရှိလာတော့မှ ရွှင်မြူးသွားဟန်ဖြင့်-

"ကျွန်ုပ် မှာထားတဲ့အတိုင်း လုပ်ဆောင်ထားပေရဲ့လား"

"အားလုံး ဆောင်ရွက်ထားပါတယ် အရှင်"

"ကောင်းပြီ ဝသန္တက၊ ကျွန်ုပ်တို့ သွားကြစို့"

သုမနေမင်းသားနှင့် ဝသန္တကသည် အိပ်မောကျလျက် ရှိနေသော မင်းမှုထမ်း အစောင့်စစ်သည်များကို ကျော်ဖြတ်ကာဖြင့် နန်းတော်အပြင်ဘက်သို့ တိတ်တိတ်ခိုးထွက်လာသည်။ နန်းတော်ပြင်ဘက်သို့ ရောက်သော် သုမနေမင်းသားသည် နန်းတော်ရှိရာသို့ လည်ပြန်လှည့်ကြည့်လိုက်ရင်း ‥

"ခွင့်လွှတ်ပါ ဖခမည်းတော်၊ ခမည်းတော်ရဲ့ စကားကို သားတော် နားမထောင်မိတဲ့အတွက် သားတော်ကို ခွင့်လွှတ်ပါတော့၊ သားတော်၏ ချစ်သူမနော်ဟရာကို လိုက်လံရှာဖွေဖို့ သားတော် ထွက်သွားပါတော့မယ်၊ သားတော်အပေါ် နားလည်ခွင့်လွှတ်ပါတော့ ခမည်းတော်ရယ်"

ဟု တိုးတိတ်စွာ ရေရွတ်လိုက်သည်။ ထို့နောက် ဝသန္တကအား ကြိုမှာထားသည့်အတိုင်း မြင်းများ ဝှက်ထားရာသို့ လျှောက်လာမိသည်။ ထိုနေရာသို့ ရောက်လျှင် သုမနေနှင့် ဝသန္တကသည် မြင်းတစ်ကောင်ပေါ်ဆီ တက်၍ ခရီးနှင်လေတော့သည်။

သူတို့သည် တောင်တို့၏ ဘုရင်ဖြစ်သော ဟိမဝန္တာရိုးရာသို့

ဦးတည်နေခြင်းလည်း ဖြစ်သည်။ မနော်ဟာရာ ရှာဖွေရန်ခရီးကို စတင်လိုက်ပေတော့သည်လည်း ဖြစ်ပေတော့၏။ ညသည် မှောင်နေဆဲပင်။

မနော်ရေ … မနော်ရှိရာသို့ မောင်တော် လှမ်းလာခဲ့ပြီ။ မနော့်ကို တွေ့မြင်ရဖို့ ဟတ္ထိနာပူရကို စွန့်ခွာလာခဲ့ပြီ။ စောင့်မျှော်ကြိုရစ်ပါလော့ မနော်ရယ်။

သုဓနုမင်းသားသည် ကြည်နူးစွာ တွေးသည်။ သူ့ခန္ဓာကိုယ်ပေါ် အဝတ်အစားများသည် လေရှိန်ကြောင့် တလွင့်လွင့် ဖြစ်နေသည်။

သူ၏ မျက်ဝန်းများသည်လည်း မျှော်လင့်အရောင်တို့ဖြင့် တလက်လက် တောက်ပနေ၏။ လရောင်သည် ရွှန်းပစွာဖြင့် ကောကဓာတ်ကို အလှဆင်နေသည်။

သုဓနုနှင့် ဝသန္တကတို့သည် မြို့ပြင်သို့ ရောက်ရှိလာကာ ခရီးဆက်လက်နှင်နေကြဆဲ။ သူတို့သည် ဟိမဝန္တာတောင်ဆီသို့ ဦးတည်ကာဖြင့် ခရီးနှင်ကြဆဲပင် ဖြစ်ပေတော့သည်။

* * *

## အခန်း(၁၅)

တစ်ညလုံးလိုလို ခရီးနှင်လာခဲ့ရာ မိုးစင်စင်လင်းတော့မှပဲ ဟိမဝန္တာတောင်ခြေသို့ ရောက်ရှိလာ၏။

"အရှင် ... တစ်ညလုံး ခရီးနှင်လာသည့်အတွက် အရှင်သည် ခရီးပန်းရှေမည်၊ နားချေပါဦးလော့၊ အရိပ်အာဝါသကောင်းသော ဤနေရာဝယ် အနားယူမှေးစက်ပါဦးလော့"

ဝသန္တက၏ အကြံပေးချက်ကို သုမနမင်းသား မငြင်းနိုင်တော့။ သူသည် အလွန်ပင်ပန်းနွမ်းနယ်ခဲ့ချေပြီ။ သောကနှိပ်စက်မှုကြောင့် အားအင်မျှော့တော့နေသော သူ့ခန္ဓာကိုယ်သည် နုံးချိခွေလျှနေပေပြီ။ အနားယူမှေးစက်၍ အားအင်အား ပြန်လည်ပြည့်ဖြိုးလာမှသာ ခရီးဆက်နိုင်ပေလိမ့်မည်ဟု သူ တွေးမိသည်။ ထို့ကြောင့် ဝသန္တက ခင်းကျင်းထားပေးသော အခင်းပေါ်၌ အနားယူ မှေးစက်လိုက်လေတော့၏။ အရိပ်အာဝါသကောင်းသော သစ်ပင်အောက်တွင် အေးမြသော လေပြေ၏ အထိအတွေ့ကို ခံစားရင်း သူအိပ်မောကျသွားပေတော့၏။

ဘယ်လောက်ကြာအောင် အိပ်မောကျသွားလေသည် မသိ။ သူနိုးလာသည့်အခါ၌ ဝသန္တကသည် ရှာဖွေဆွတ်ယူထားသော အသီးအနှံများဖြင့် တည်ခင်းကျွေးမွေးလေ၏။

"အရှင် သုံးဆောင်တော်မူပါ"

"ဤအသီးအနှံတို့ကို အဘယ်က ရလေသနည်း ဝသန္တကရဲ့"

"ဟောဒီ တောအုပ်အစွန်၌ များပြားစွာ ပေါက်ရောက်နေ၍ ကျွန်တော်မျိုး ဆွတ်ခူးလာခဲ့ခြင်း ဖြစ်ပေတယ် အရှင်"

ဝသန္တက ဆက်သသော အသီးအနှံတို့ကို စားသုံးကြည့်ရာ အရသာသည် အလွန်ထူးကဲစွာဖြင့် လျှာပေါ်၌ စွဲထင်စေ၏။

သူတို့နှစ်ဦးသည် စားသောက်ပြီးစီးကြသောအခါ ခရီးဆက်ရန်အတွက် ပြင်ဆင်ရလေတော့သည်။

"ခရီးဆက်ကြစို့ ဝသန္တကရေ"

စီးတော်မြင်းများကို ဆက်လက်ယူဆောင်သွားရန် မသင့်တော့သဖြင့် ဤအတိုင်း ပြန်လွှတ်ပေးလိုက်၏။ ထိုမြင်းများသည် နန်းတော်သို့ ပြန်တက်ကြပါလိမ့်မည်။

သူတို့သည် ခရီးဆက်လာကြရင်း တစ်နေရာအရောက်တွင် တောင်ယံနှစ်ခုကြား၌ သန့်စင်ကြည်လင်စွာဖြင့် ညင်ညင်သာသာ စီးဆင်းနေလျက်ရှိသော မြစ်တစ်ခုကို တွေ့မြင်လိုက်ရလေ၏။

ရေ၏ ကြည်လင်တောက်ပမှုသည် သုဓနုမင်းသား၏ စိတ်ထဲတွင် သောကမြူမှုန်များ ဝေးကာ လွင့်စင်သွားသလိုပင် ခံစား

မိရစေတော့သည်။ တငြိမ့်ငြိမ့် စီးဆင်းနေသော ရေအလျဉ်သည် သူ၏ ရင်ခွင်ထဲ၌ အုံကြွသောင်းကျန်းလျက်ရှိသော စစ်တပ်ကြီးကို ခေါ်ဆောင်သွားနိုင်စွမ်း ရှိပေသည်။

သုမနမင်းသားသည် လျှောက်လာနေရင်းဖြင့် အမဲလိုက်ဟန်တူသော မုဆိုးနှစ်ဦးကိုလည်း တွေ့လိုက်ရလေသည်။ အနားရောက်သော မုဆိုးတို့အား မေးလိုက်သည်။

"မုဆိုးတို့ ... အသားအရေညိုသော၊ ဆံကောင်းစွာလိမ်းကျံထားသော၊ မညှိုးမနွမ်း ရန့်ထုံထုံပျံ့ပျံ့ ပန်းကုံးကိုလည်း ဆောင်ယူလာသော မိန်းမသားတစ်ဦး ဖြတ်သန်းသွားသည်ကို တွေ့မြင်လိုက်ကြပါသလော"

မုဆိုးနှစ်ဦးသည် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ ပြီးနောက် ...

"အသင် လိုက်လံရှာဖွေနေသော ထိုမိန်းမပျို့ထွက်ခွာသွားသည်ကား ကြာရှည်လှချေပြီ၊ သူသည် ဤမြစ်ကို ဖြတ်ကူးသွား၏၊ ယခုအချိန်ဆိုလျှင်မူ သူသည် ဟိမဝန္တာသို့ ရောက်ရှိပေရော့မည်"

မုဆိုးတစ်ဦးက ဆိုလိုက်လေသည်။ ထို့နောက် သူ၏ ကိုယ်ပေါ်တွင် လွယ်ကာထားသော အိတ်လေးတစ်ခုထဲမှ တစ်စုံတစ်ရာကို နှိုက်ယူနေသည်။ မုဆိုးလက်တွင် ပါလာသောအရာသည် အညိုရောင် ပန်းကုံးလေးတစ်ခုနှင့် လက်စွပ်လေးတစ်ကွင်း။ သုမနမင်းသားသည် လက်စွပ်ကို မြင်လိုက်သည်နှင့် မျက်ဝန်းတို့သည် လက်ခနဲဖြစ်သွား၏။

"သူသည် ကျွန်ုပ်တို့အား သတိပေး နှိုးဆော်ခဲ့သည်မှာ အို ... မုဆိုးတို့၊ သုခနေအမည်ရှိသော လူသားတစ်ယောက် ကျွန်ုပ်နောက်သို့ လိုက်လာမည်ဆိုပါက ဤအမှတ်တရ အထိမ်းအမှတ်ကို သူ့အား ပေးလိုက်ပါ၊ ဤ အမွှေးရနံ့ သင်းပျံ့သော ပန်းညိုပန်းကုံးနှင့် ကျွန်ုပ်၏လက်စွပ်သည် သူ့အား နှုတ်ဆက်ခြင်း အထိမ်းအမှတ် ပစ္စည်းများဖြစ်သည် ဟု ပြောကြားကြပါလော့၊ သူသည် ကျွန်ုပ်၏ အရှင်လည်း ဖြစ်ပါသည်၊ သခင်လည်းဖြစ်ပါသည်၊ ကျွန်ုပ်၏ ခင်ပွန်း လည်း ဖြစ်ပါသည်၊ ကျွန်ုပ်၏အရှင်အား ကျွန်ုပ်အမည်ပြော၍ နှုတ်ဆက်ပါလော့၊ ဟတ္တိနာပူရသို့ ပြန်သွားရန်လည်း မှာ ကြားကြပါလော့၊ ဆက်လက်နေထိုင်ရန် မဖြစ်၍ သူ့ထံမှ ခွဲခွာလာခဲ့သည်မှာလည်း ကျွန်ုပ်၏ ရေးကံကြမ္မာကြောင့်သာ ဖြစ်ပါသည်"

သုခနေမင်းသားသည် မုဆိုး၏စကားဆုံးသောအခါဝယ် သာအားရစွာနှင့် ပန်းကုံးကို ဆုပ်ကိုင်၍ လက်စွပ်ကို ယူလိုက်၏။ တော် မနော်ဟရာသည် သူလိုက်လာမည်ကို ကြိုတင်သိနေ၍ ဆိုးတို့အား မှာကြားခဲ့လေသည်။ သူ့ကို စိတ်မချစွာဖြင့်လည်း ဤနေရာမှ ပြန်သွားရန်ပင် မှာကြားခဲ့သေးသည်။

နှမတော်ရယ် ... မောင်တော် လိုက်လာတာဟာ တော်ကို တွေ့မြင်ချင်လို့လေ။ ဘာကြောင့် ပြန်လှည့်ရမှာလဲကွယ်။ ယ်လောက်ပင် ခရီးကြမ်းတမ်းပါစေ ... နှမတော်ရှိရာသို့ င်တော် အရောက်လာခဲ့မယ်။

"ကျွန်ုပ်သည် မနော်ဟာရာနှင့် ပြန်လည်ဆုံစည်းရေး
အတွက် သို့မဟုတ် ကျွန်ုပ်၏ သေရေးအတွက် ခရီးဆက်
မည်"

သုမနမင်းသားက ဤသို့ဆိုသော် မုဆိုးနှစ်ဦးသည်
ထိတ်ထိတ်ပျာပျာ ဖြစ်သွားရသည်။

"အရှင်မင်းသား … ယခုပင် ဤနေရာမှ လှည့်ပြန်ပါ
တော့၊ ဟတ္ထိနာပူရရှိ အဘာယ်မိန်းမသည် သင့်အဖို့
မချစ်ခင်၊ မစုံမက်နိုင်ပါစေသနည်း"

သုမနမင်းသားသည် မုဆိုးတို့၏စကားကို ပြန်လည်
ကြားခြင်း မရှိပေ။ သူ့နှလုံးအိမ်ထဲ၌ရှိသော အဖြေကိုကား မုဆိုးတို့
ပြန်လည် မပြောကြားလိုတော့ပေ။

ဟတ္ထိနာပူရ၌ရှိသော မိန်းမများကို လည်းကောင်း၊ က
ပေါ်ရှိ အဘာယ်သို့သော မိန်းမများကိုမှ ချစ်ခင်စုံမက်ခြင်း အလျဉ်း
နိုင်။ မနော်ဟာရာထံ၌သာပင် သူ၏ချစ်ခင်မြတ်နိုးမှုတို့ တည်ဝဲ့သ
ဟူသော စကားတို့ကို တစ်ပါးသော သူတို့ထံတွင် သူ မပြော
ချစ်သော မနော်ဟာရာထံ၌သာ ပြောကြားချင်လှ၏။

မုဆိုးတို့၏ စကားကို သူသည် နားနှင့် နားထောင်သည်
အဓိပ္ပာယ်တို့ကို နားထောင်သည် မဟုတ်ခဲ့။ သူသည် အရာရာအတွ
ခရီးဆက်ရန် သန္နိဋ္ဌာန်ချထားခဲ့ပြီ။ ထိုအရာတို့သည် မနော်ဟာရာ
ပြန်လည်ဆုံစည်းရေးအတွက်၊ သို့မဟုတ် သူ၏သေရေးအတွက်
ဖြစ်၏။

သုမနမင်းသားသည် တသွင်သွင် စီးဆင်းနေသော သုတ

မြစ်ထဲသို့ ဆင်းလိုက်လေတော့သည်။ အေးစက်သောရေ၏ အထိအတွေ့ကြောင့် သူ့တစ်ကိုယ်လုံး ရှိန်းခနဲ ဖိန်းခနဲ ခံစားလိုက်ရလေ၏။ သူ မြစ်ကို ကူးဖြတ်ကျော်ရမည်။ ပြင်းထန်ကြီးမားသော ရေအလျဉ်ကို ဖြတ်ကျော်ရခြင်းသည် အန္တရာယ်ထူပြောလှမှန်း သူ သိသည်။ သို့သော်လည်း မတတ်နိုင်ပေ။ ဤမြစ်ကို ဖြတ်ကူးမှသာ ရှေ့ခရီး ဆက်၍ ရပေမည်။ သေလိုလည်း သေပါစေတော့ဟု စိတ်ဒုံးဒုံးချကာ ခြေလှမ်းများသည် တရွေ့ရွေ့လျှောက်ကာဖြင့်။

ကမ်းယံထက်၌ ရပ်တန့်ကျန်နေရစ်ခဲ့သော ငယ်ကျွန်တော် ဝသန္တကသည် အရှင့်သား၏ ထူးဆန်းသော အပြုအမူကြောင့် အံ့အားတသင့် ကြောင်ငေးနေရာမှ သတိရသွားကာဖြင့် အရှင်သုဓနု မင်းသားနောက် အပြေးလိုက်ကာ မြစ်ကို အတူတကွ ဖြတ်ကူးလေတော့သည်။

ထိုနေရာ၌ ကျန်ရစ်ခဲ့သော မုဆိုးတို့သည် မိမိတို့၏ စကားကို နားမထောင်ဘဲ မြစ်ကို ဖြတ်ကူးနေသော သုဓနုမင်းသားကို တအံ့တသြ ငေးကြည့်နေမိကြသည်။ ရေအလျဉ်သည် ပြင်းထန်စွာ စီးဆင်းနေသဖြင့် သုဓနုမင်းသားနှင့် ဝသန္တကသည် ခြေထောက်များ ယိမ်းယိုင်ကာ လဲကျမသွားအောင် အတော်ကြိုးပမ်းနေကြ၏။

"မာလကရေ ... သုဓနုမင်းသားကို ဤအန္တရာယ် ထူပြောလှတဲ့အရပ်မှာ ငါတို့ ဤသို့ စွန့်ထားခဲ့သော် ဘုရင်ကြီး သုဗာဟုသည် ငါတို့အား အမျက်သည်းစွာ ထွက်ဆိုခြိမ်းမည်၊ မထူးတော့ချေ၊ ငါတို့ သုဓနုမင်းသား၏ နောက်သို့လိုက်ကြပါစို့"

ဥပ္ပလက မုဆိုးသည် ဤသို့ပြောဆိုလိုက်ပြီးနောက် သုမနမင်းသားနောက်သို့ လိုက်ပါကြလေ၏။ သူတို့သည် အရှိန်ပြင်းသော ရေစီးကို လက်ချင်း မြဲမြဲတွဲကာဖြင့် အားထုတ်ဖြတ်ကူးကြ၏။

ထိုစဉ် ကျားဟိန်းသံနှင့် ခြသေ့ံတို့၏ ဟိန်းဟောက်သံများကို ကြားလိုက်ရလေသည်။ တဝေါင်းဝေါင်း၊ တဝုန်းဝုန်းနှင့် ဟိန်းထနေသော အသံတို့နှင့်အတူ ဆင်အော်သံတို့ပါ ထပ်မံကြားရလေ၏။

သုမနမင်းသားတို့အဖွဲ့သည် အသံလာရာ တောအုပ်ဆီသို့ မျှော်ကြည့်မိကြစဉ် နောက်နားတောစပ်ဆီမှ ကြောက်လန့်တကြား ပြေးထွက်လာကြသော သမင်၊ ဒရယ်တို့နှင့် ငှက်တို့သည် မြစ်ရေကို ကူးခတ်လာကြ၏။ ကျား၊ ခြသေ့ံ၊ ဆင်တို့၏ ဟိန်းဟောက်အော်မြည်သံများကို ထိတ်လန့်၍ ပြေးထွက်လာသော တိရစ္ဆာန်တို့သည် မြစ်ရေကို သူတို့နည်းတူ ဖြတ်ကူးလာကြကုန်ပြန်၏။

သုမနမင်းသားသည် ရုတ်တရက် အံ့အားသင့် သွားကြပြီးနောက်မှ တဖြည်းဖြည်း ပြုံးရယ်လိုက်ကြကာ မြစ်ကို ဖြတ်ကူးတော့၏။ တောင်နံးကြီးများသည် သူတို့နှင့်အတူ မြစ်ရေစီးအတိုင်း ကူးဖြတ်ကာ သာယာသောအသံတို့ကို ပြု၏။ ငှက်တို့သည်လည်း သီကျူးမြည်တမ်းကြသည်။ မြွေတွန်သံများကိုလည်း ကြားရကာ တစ်ချက်တစ်ချက်တွင် ကိန္နရာတို့၏ သီဆိုမြည်ကြွေးသံများကိုပါ ကြားရလေ၏။ သူတို့သည် သာယာငြိမ့်ညောင်းသော သီဆိုမြည်ကြွေးကုန်ကြသောအသံနှင့်အတူ နှစ်ခြိုက်ပျော်ရွှင်စွာဖြင့် မြစ်ကို ကူးဖြတ်လာကြလေတော့၏။

သုမနမင်းသားနှင့် သူ၏နောက်တော်ပါ ဝသန္တက၊ ဥပ္ပလက

နှင့် မာလကမုဆိုးတို့သည် တောင်တို့၏ အရှင်ဟိမဝန္တာသို့ ဝင်သွားသော မနော်ဟရာကို မီလိမ့်နိုးနိုး ထင်စွဲလျက် ခြေလျင်ခရီး နှင်ကြသည်။

အတော်အတန် ခရီးပေါက်လာပြီးနောက် သုဓနုမင်းသားတို့သည် တစ်စုံတစ်ရာကို မြင်တွေ့ကြရလေ၏။ ထိုအရာသည် သစ်ကိုင်းထက်တွင် ဟွဲလွဲခိုလျက်ရှိနေသော အရောင်အသွေးအပြားပြားရှိသော ပန်းကုံးလေးများပင်။

မဒနော်ဟရာသည် သူလိုက်လာမည် သိရှိသောကြောင့် ပန်းကုံးလေးများ သီကာ လမ်းပြခဲ့ခြင်းလေလားဟု သုဓနု တွေးမိ၏။

သုဓနုမင်းသားသည် ပန်းကုံးလေးများကို ကြည့်ကာဖြင့် ခရီးဆက်ပြန်လေသည်။ တစ်နေရာအရောက်တွင် ကျောက်တုံးတစ်တုံးထက်၌ စုပုံကာထားသော ပန်းစုပန်းပုံလေးများကို မြင်ရပြန်၏။

ချစ်သော မနော်ဟရာသည် ဤနေရာ၌ ခေတ္တ အမောပန်းဖြေခဲ့ဟန်တူသည်။ ပန်းစုပန်းပုံတို့သည် သာဓကပြနေချေပြီ။

သုဓနုမင်းသားသည် ပန်းစုပန်းပုံလေးများကို ကြည့်လိုက်၊ တောလမ်းလေးကို လှမ်းမျှော်ကြည့်လိုက်ဖြင့် သူသည် စိတ်လှုပ်ရှားနေ၏။ သူတို့အဖွဲ့သည် ထိုနေရာ၌ ခဏရပ်နားကာ အနားယူအပန်းဖြေကြသည်။ အန္တရာယ်ထူပြောလှသော ဟိမဝန္တာတောထဲတွင် တစ်ခါတစ်ရံ ခြသေ့်ဟိန်းဟောက်သံများ၊ ကျားဟိန်းသံများ၊ ဝက်ဝံတို့ အော်မြည်သံများကို ကြားရတတ်သည်။ သူတို့သည် ဘေးအန္တရာယ်ကိုလည်း သတိကြီးစွာ ထားရင်းဖြင့် ခရီးကို ဆက်ကြပြန်သည်။

တောလမ်းလေးတစ်လျှောက် ပန်းကုံးလေးများသည်

သစ်ပင်ထက်များဆီတွင် ဟိုနေရာ၌ သည်နေရာ၌ တွဲလွဲခိုလျက် ရှိနေကြသည်။ သူတို့သည် ပန်းကုံးလေးများရှိရာအတိုင်း လျှောက်လာခဲ့ကြ၏။

ကျောက်တုံးကလေးများ စီကန်းကာ ရှိနေသောနေရာသို့ အရောက်တွင် ကျောက်တုံးတစ်ခုစီတိုင်း၌ တင်ကာထားသော မနော်ဟာရာ သီကုံးပြုလုပ်ထားခဲ့သော ပန်းနားရွှေင်းတို့ကို တွေ့လိုက်ရ၏။ မနော်ဟာရာသည် ဤမှ ခရီးဆက်သွားလေပြီဟု သိရှိလိုက်ကြသည်။ သူတို့သည်လည်း ခရီးဆက်ကြပြန်သည်။

လမ်းကစ်လျှောက်ဝယ် ပန်းများဖြင့် ပြုလုပ်ထားသော လက်ဝတ်တန်ဆာ အမျိုးမျိုးကို တွေ့မြင်ကြရသည်။ အချို့သည် သစ်ကိုင်းများထက်တွင် တွဲလွဲတင်လျက်။ အချို့သည်လည်း ကျောက်တုံးထက်ရှိပြီး အချို့ကို သစ်ရွက်များပေါ်တွင် တင်ကာ ထားလေ၏။

တစ်ခါတစ်ခါတွင်တော့ သစ်ပင် ပင်စည်များတွင် ထိုးခြစ်ထားသည့်အရာများ တွေ့ရလေ၏။ စုပုံကာထားသော သစ်ကိုင်းခြောက်များကို လည်းကောင်း၊ အဝိုင်းလေးထောင့် စသည်ဖြင့် အမျိုးမျိုး ပုံဖော်ကာထားသော သစ်ရွက်ပုံများကို လည်းကောင်း၊ စီတန်းကာ ရှိနေသော ကျောက် ကျောက်နခဲများကို လည်းကောင်း လမ်းတစ်လျှောက်လုံး တွေ့ရလေ၏။ မနော်ဟာရာသည် လမ်းညွှန်အမှတ်အသား အမျိုးမျိုးကို လမ်းတစ်လျှောက် ထားရှိသွားလေ၏။

သူတို့သည် ဟိမဝန္တာအတွင်းပိုင်းသို့ ပို၍ နက်သထက်နက်သည်အထိ ဝင်ရောက်လာကြသောအခါ အလွန်အံ့ဩဖွယ်ကောင်းသော လှပသော ကျောက်စိုင်ကျောက်တုံးများကို သူတို

တွေ့မြင်ကြရလေ၏။

ရွှေရောင်အဆင်းရှိသော တောင်ထိပ်များရှိသည့် တောင်များကို မြင်တွေ့ကြသည့်အခါ၌ အံ့သြဘနန်း ဖြစ်ကြရပြန်၏။ ရွှေရောင်တောင်များကို ဖြတ်ကျော်လာပြီးနောက် ငွေအဆင်းရှိသော တောင်များကို ထပ်မံ တွေ့လိုက်ကြပြန်၏။

ထိုမှ သံဖြင့် သွန်းလုပ်ထားသည့်ပမာ ရှိသော တောင်ထိပ်များ၊ ကြေးနီကြေးဝါတို့ဖြင့် ထုလုပ်ထားသည့်ပမာ လှပဆန်းကြယ်သော တောင်ထိပ်များ၊ သွပ်ဖြင့်ပြီးသော တောင်ထိပ်ရှိသည့် တောင်တို့ကိုလည်း သူတို့ ထူးဆန်းအံ့သြစွာဖြင့် တွေ့မြင်ရလေ၏။ ဟင်္သာပြဒါးတောင်ထိပ်ရှိသော တောင်များကို တွေ့မြင်ပြီးသည့်နောက်တွင် သူတို့သည် အလွန်သာယာသော သီချင်းသီဆိုသံတို့ကို ကြားရလေကော၏။

"ဒါ ဘာသံလေလဲ မုဆိုးကြီးတို့"

သုမနမင်းသားက မေးသည်။ မုဆိုးကြီးနှစ်ဦးသည် အသေအချာ နားစိုက်ထောင်လိုက်ကြပြီးနောက်-

"ကိန္နရီတို့ရဲ့ သီချင်းဆိုသံပါ အရှင့်သား"

ကိန္နရီတို့၏ သီချင်းဆိုသံကို နားစိုက်နေကြရင်း တစ်နေရာအရောက်တွင်တော့ ဘာသာဘာဝအလျောက် ပျော်မြူးနေကြသော ကိန္နရာ ကိန္နရီစုံတွဲများကို တွေ့မြင်လိုက်ကြရပါ၏။ ထိုကိန္နရီ ကိန္နရာတို့ကို မြင်လိုက်ရသည့်အခါတွင်တော့ သုမနမင်းသား၏ ရင်တွင်းဝယ် မနော်ဟာရာအား သတိရ တမ်းတစိတ်တို့ မွှတ်သိပ်လာရတော့သည်။ သူတို့သည် ကိန္နရာတို့ကို ဖြတ်ကျော်လာကြပြီး

ခရီးဆက်ကြပြန်လေ၏။ အရပ်ရှစ်မျက်နှာအဖက်ဖက်မှ ကိန္နရီ ကိန္နရာတို့၏ တေးသီဆိုသံများကို ကြားရလေသည်။ သာယာညင်းပျောင်းသောအသံများ တစစပျောက်ကွယ်သွားပြီးနောက်တွင် ကျားဟိန်းသံ၊ ခြင်္သေ့ဟောက်သံ၊ ဝက်ဝံအော်မြည်သံ စသည်ဖြင့် တောရိုင်းတိရစ္ဆာန်တို့၏ အသံများကို ကြားရပြန်လေ၏။ သူတို့သည် သတိကြီးစွာထားရင်း ခရီးကို အပြင်းနှင်လေသည်။

တစ်ကြိမ်တစ်ခါမှာတော့ ဂူးဂူးဝါးဝါး ဂီးဂီးဂါးဂါးနှင့် ဆူညံစွာ အော်ဟစ်လိုက်ကြသော အသံကြီးများကို နှလုံးတုန်ဖွယ်ကြားလိုက်ရပါလေတော့၏။

"အို ... ဆိုးရွားလိုက်တဲ့ အသံကြီးတွေပါလား၊ ဘာသံတွေပါလိမ့်၊ အဘာယ်သတ္တဝါတွေ အော်ဟစ်မြည်တမ်းကြပါလိမ့်"

သုခနေမင်းသားက မခံမရပ်နိုင်စွာ စူးရှ လှိုက်တက်သော အသံကြီးများကြောင့် နားနှစ်ဖက်ကို ပိတ်ကာ ရေရွတ်မြည်တမ်း၏။

"ဟုတ်ပါရဲ့နော်၊ ဤမျှ ကြောက်စရာကောင်းလောက်အောင် စူးရှတဲ့ အော်ဟစ်သံမျိုး ကျွန်တော်မျိုးဖြင့် မကြားဖူးပါချေ၊ အဘယ်သို့သော သတ္တဝါမျိုး ဖြစ်သည်ကို ကျွန်တော်မျိုး မခန့်မှန်းနိုင်အောင်ပင် ဖြစ်ရပါသည် အရှင့်သား"

ဝသန္တက ဆိုလေ၏။ မှဆိုးနှစ်ဦးသည် တိတ်ဆိတ်ငြိမ်သက်စွာ ရှိနေပြီး တစ်စုံတစ်ရာကို စဉ်းစားနေကြသည်။ ထို့နောက် ဥပ္ပလကမုဆိုးက -

“အရှင် သုစနုမင်းသား၊ ဤအောက်မြည်သံသည် ယက္ခ ဘီလူးဂုမ္ဘာန်တို့၏ အော်ဟစ်ကြွေးသံဖြစ်ချေမည်”

“အို … ယက္ခဘီလူးတွေ ရှိနေသည် ဟုတ်ပေသလော”

သုစနုမင်းသားက တအံ့တသြမေးသည်။

“ဟုတ်ပေသည်၊ ဤဟိမဝန္တာတောနက်ထဲတွင် လှည့် လည်ကျက်စားကြကုန်သော ယက္ခ၊ ရက္ခိုက်၊ ဘီလူး၊ ဂုမ္ဘာန်တို့သည် အမြောက်အမြား ရှိကုန်ကြ၏”

မာလကမုဆိုးက လျှောက်ထား၏။ သူတို့သည် ဘေးဘီ ဝဲယာအနီးအနားသို့ ဝေ့ဝဲကြည့်ရှုကာ အကဲခတ်မိကြ၏။ ဤအနီး အနားမှာများ ထိုသူတို့ ရှိကြလေမလားပေါ့။ အန္တရာယ်သည် သူတို့ နှင့် အလှမ်းမနီးကပ်ရှိနေချေပြီ။ အစစအရာရာ ဂရုတစိုက် မပြတ်သတိရှိ ကာ ထားရမည်ဟု သူတို့သဘောပေါက်ကြ၏။ ထို့နောက် သူတို့ ခရီးဆက်လာကြပြန်၏။

ဆေးဘက်ဝင်သည့် နွယ်မြက်သစ်ပင် ရာပေါင်းများစွာ ကိုလည်း လမ်းခရီးတစ်လျှောက် တွေ့မြင်ကြရကုန်၏။ မုဆိုးကြီးနှစ်ဦး သည် ထိုဆေးဘက်ဝင် အပင်များကို တွေ့မြင်ကြသည့်အခါ၌ အနည်းငယ် နုတ်ယူရူးခြွေ၍ ကျန်ရှိသော သစ်ပင်တို့ကို ကြည့်ကာ နှမြောတသ ဖြစ်ရသေးတော့သည်။ ရှေ့ခရီးကို ဆက်လာရင်း အရိပ်အာဝါသကောင်းသော သစ်ရိပ်အောက်တွင် နားလိုက်ကြ၏။ ထိုစဉ် မာလကမုဆိုးက တစ်စုံတစ်ရာကို လက်ညှိုးညွှန်ပြလိုက် သည်။

“ဟိုမယ် ကြည့်ကြစမ်းပါဦး”

မုဆိုးကြီး ညွှန်ပြသောအရာသည် အနီရောင်ဝတ်စုံကို ယက်အောက်ဝတ်ဆင်ထားသော ဇော်ဂျီတစ်ပါး ဆေးကြိတ်နေသည့် မြင်ကွင်းပင် ဖြစ်၏။ ကြားဖူးနားဝသာရှိသော ဇော်ဂျီကို မျက်မြင် တွေ့လိုက်ရ၍ သူတို့ ထူးဆန်းနေမိကြ၏။ ဇော်ဂျီသည် ဆေးကြိတ် ပြီးသွား၍ မကောင်းကင်ယံသို့ ပျံတက်ကာ သွားလေတော့၏။

သူတို့သည် ဇော်ဂျီ၏ တန်ခိုးကြီးပုံကို ကြည့်၍ အံ့သြ တကြီး ဂုံရန်ရစ်ခဲ့ကြလေတော့သည်။

ဟိမဝန္တာ၏ ထူးဆန်းအံ့သြဖွယ်ရာများကို ကြုံတောင့်ကြုံခဲ မြင်တွေ့လိုက်ရ၍ ဆင့်ကာဆင့်ကာ အံ့သြမှုစိတ်တို့ဖြင့်သာ သူတို့ သည် ခရီးကို ဆက်လက်နှင်နေကြဆဲပင် ဖြစ်လေတော့၏။

* * *

## အခန်း(၁၆)

သုမနမင်းသားတို့သည် ခရီးနှင်လာခဲ့ကြရင်းဖြင့် တစ်စုံတစ်ရာကို အဝေးဆီမှနေ၍ လှမ်းတွေ့မြင်လိုက်ရ၏။ ထိုအရာသည် သစ်ပင်ပိတ်ပေါင်း အုံ့အုံ့ဆိုင်းဆိုင်းအောက်တွင် တင့်တယ်စွာ ရှိနေသော ကျောင်းသခ်ၤန်းလေးတစ်ခုပင် ဖြစ်၏။ သူတို့သည် ထိုကျောင်းသခ်ၤန်းလေးရှိရာသို့ လှမ်းလာမိကြသည်။

ကျောင်းသခ်ၤန်းလေးသို့ ဝင်ရာ လမ်းတစ်လျှောက်တွင် များပြားလှစွာ ပေါက်ရောက်နေသော သစ်ဥသစ်ဖုများနှင့် ပေါလှိုင်ကြွယ်ဝစွာ သီးပွင့်နေသော အသီးအပွင့်တို့ကိုလည်း တွေ့ကြရ၏။ ကြာညိုကြာပန်းလေးများ ဖူးပွင့်နေကော ကြည်လင်စိမ်းမြနေသော ရေကန်ငယ်တို့သည်လည်း လမ်းဘေးတစ်ဖက်တစ်ချက်ဝယ် ရှိနေကြ၏။ ထောင်ပေါင်းများစွာသော သစ်ပင်ပိတ်ပေါင်းတို့သည် စိမ့်သက်အေးမြသော အရိပ်အာဝါသတို့ကို ဖြန့်ကျက်ပေးစွမ်းနေ၏။ ထိုအရပ်သို့ ရောက်ရှိသွားစဉ် ခဏတွင်းချင်းမှာပင် သူတို့၏စိတ်နှလုံးသည် သွတ်နူးပျော့ပျောင်းလျက် ရှိနေပေတော့၏။ ညစ်ညှိုးနွမ်းလျနေသော

စိတ်တို့သည်လည်း ဖယ်ခွာရှောင်ပြေးသွားကြလေပြီ။ အေးချမ်းလှတ်ဆတ်မှု အရသာကို နှစ်ခြိုက်စွာခံစားရင်းဖြင့် သူတို့သည် ငြိမ်သက်တိတ်ဆိတ်စွာရှိနေသော ကျောင်းသင်္ခမ်းလေးဆီသို့ ရောက်ရှိလာကြလေတော့၏။

ထိုစဉ် ကျောင်းသင်္ခမ်းလေးအတွင်းမှ ရသေ့တစ်ပါးနှင့် သူ၏သာဝကတို့ ထွက်လာကြလေသည်။ ရသေ့၏ ကြည်ညိုဖွယ်ရာ ထူးခြားသော လက္ခဏာရှိသော ရုပ်သွင်ကို သတိပြုမိလိုက်ကြသည်။ သူတို့သည် ရသေ့နှင့် သာဝကများကို ရှိခိုးဦးစိုက်ဝတ်ပြုကြပြီးနောက် ဘေးဘက်တွင် ခြေတိုတိုတုပ်ဝပ်၍ ရပ်နေလိုက်ကြ၏။

ကဿပရသေ့သည် မိမိ၏ ကျောင်းသင်္ခမ်းလေးအတွင်းသို့ ရောက်ရှိလာကြသော လူတစ်စုကို တွေ့မြင်လိုက်ရ၍ အံ့အားသင့်သွားရမိသည်။ ထိုလူစုထဲမှ ရုပ်ဆင်းတင့်တယ်သော သူတစ်ယောက်သည် မင်းသားတစ်ပါးပင် ဖြစ်တန်ရာ၏ဟု ထင်မိလေသည်။

ဤမင်းသားသည် ဤကျောင်းသင်္ခမ်းသို့ မရောက် ရောက်အောင် လာသည်ကို ထောက်သော် ဘုန်းကံပါရမီ စွမ်းရည်သတ္တိ ကြွယ်ဝကျန်ရှိမည့်ပုဂ္ဂိုလ် ဖြစ်တန်ရာ၏။ အကြောင်းမူ ဤနေရာကား အလွယ်တကူ ရောက်ရှိလာနိုင်သော နေရာမဟုတ်ခြင်းကြောင့်တည်း။

ရသေ့သည် ဤသို့တွေးမိပြီးနောက် မင်းသားတို့အား နှုတ်ခွန်းဆက်သလိုက်လေ၏။

"အသင်တို့သည် အဘယ်သူများနည်း"

ရသေ့၏အမေးကို သုမနမင်းသားက ပြန်လည် ဖြေကြားလိုက်၏။

"ကျွန်ုပ်၏ အမည်မှာ သုမနဖြစ်ပါ၏၊ သူတို့သည်ကား ကျွန်ုပ်၏ နောက်တော်ပါများ ဖြစ်ပါသည်၊ ကျွန်ုပ်သည် ဟတ္ထိနာပူရပြည့်ရှင် သုဗာဟုမင်းကြီး၏ သားတော် ဖြစ်ချေသည် အရှင်ရသေ့"

"ကောင်းစွ အသင်မင်းသား၊ ထိုင်လော့၊ ဤမှာ ညောင်စောင်းများ တည်၏"

ရပ်တန့်ကာနေသော သုမနမင်းသားတို့အား ရသေ့က နေရာထိုင်ခင်းပေးလေသည်။ သူတို့လည်း ရသေ့ညွှန်ပြသော ညောင်စောင်းများထက်တွင် ဝင်ထိုင်လိုက်ကြ၏။ ထိုစဉ် ရသေ့၏ သာဝက တစ်ပါးသည် အသီးအနှံနှင့် ရေတို့ကို ယူဆောင်လာကာ သူတို့ရှေ့၌ ချပေးလိုက်သည်။

"သုံးဆောင်ကြလော့"

ရသေ့ကြီးက ဆို၏။ သုမနမင်းသားတို့ အဖွဲ့လည်း ရသေ့ကြီး ကျွေးမွေးသော အသီးအနှံနှင့် ရေတို့ကို သုံးဆောင်ကြတော့၏။ အသီးအနှံတို့သည် ပျားရည်စစ်တမျှ ချိုမြိန်သောအရသာရှိသည်။ ကြည်လင်သန့်စင်သော သောက်ရေတို့သည်လည်း ရေခဲတမျှ အေးမြလှလေ၏။ သူတို့သည် အသီးအနှံနှင့် ရေတို့ကို သုံးဆောင်သောက်သုံးရင်းနှင့် နွမ်းနယ်မှုတို့ ပြေလျော့သွားကြလေပြီ။

"အဘယ်သို့သော အကြောင်းကိစ္စကြောင့် ဥစ္စာမနကြွယ်ဝချမ်းသာသော အသင်မင်းသားသည် ဤနေရာသို့ လာရောက်ပါသနည်း"

ရသေ့က မေးမြန်းလေ၏။

"အရှင် … ဤအနီးအနားတွင် မိန်းမလှတစ်ဦး ဖြတ်သွားခဲ့သည်ကို တွေ့မြင်ပါ၏လော"

မင်းသား၏ အမေးကိုကြားသော် ရသေ့ကြီးသည် မင်းသားအား စူးစမ်းအကဲခတ်နေလျက် ဤမင်းသားသည် တစ်လောကသူ၏ ကျောင်းသင်္ခမ်းတွင် တည်းခိုနေထိုင်သွားသော ကိန္နရီပျိုမနှင့် ရင်းနှီးပတ်သက်သူ ဖြစ်ရခြိမ့်မည်။ သူသည် ဤမျှ ဝေးလံခေါင်ဖျားသောအရပ်သို့ မကြောက်မရွံ့စွာဖြင့် ထိုသူမ၏ နောက်သို့ လိုက်လာခဲ့ပေပြီ။ မင်းသားသည် ကိန္နရီမ၏ ချစ်သူခင်ပွန်းပေလောဟု တွေးမိ၏။

"ကျွန်ုပ်သည် သူ့အား တွေ့မြင်၏၊ သူသည် ဤကျောင်းသင်္ခမ်းသို့လာ၍ ဤကျောင်းသင်္ခမ်း၌ တည်းခိုသွားခဲ့၏၊ ထိုသို့တပြီးကား သူသည် ကျွန်ုပ်၏ခြေအစုံကို ဦးခိုက်ပြီးနောက် တောင်စောင်းတလျှောက်အတိုင်း ထွက်ခွာသွားသည်၊ သို့ဖြစ်၍ အသင်မင်းသားသည် ဤကျောင်းသင်္ခမ်းမှပင် ပြန်လှည့်ပါလော့၊ အလွန်တရာ ဝေးကွာလှသော ဤနေရာသို့ အသင်မင်းသား လာရသည်မှာပင်လျှင် အသင့်မင်းသားမှာ ခဲယဉ်းစွာ အားထုတ်ခဲ့ရခြင်းဖြစ်၏၊ အသင်မင်းသားသည် လူတို့ရောက်ခြင်းငှာ မစွမ်းသာသော လမ်းသို့ ပို၍ဝေးစွာ သွားမည်ဆိုလျှင်ကား အဘယ်ဆိုဖွယ်ရှိအံ့နည်း၊ ထို့ကြောင့် ပြန်လှည့်သွားပါချေတော့"

ရသေ့၏ စကားကို သုဓနုမင်းသားက လက်မခံနိုင်ပါချေ။ သူသည် ရသေ့အား ပြန်လည်လျှောက်တင်လိုက်၏။

"အရှင် ... တပည့်တော်သည် ပြန်မလှည့်နိုင်ပါပြီ၊ မနော်ဟာရာ သွားရာလမ်းအတိုင်း တပည့်တော် လိုက်ရပါအံ့"

မင်းသားကို ကြည့်ကာ ရသေ့သည် ခေါင်းကို ယမ်း၏။ ကရုဏာသက်စွာဖြင့် ထပ်မံပြောကြားပြန်၏။

"ကိန္နရာတို့၏ လမ်းခရီးကား လူတို့၏ လမ်းခရီးနှင့် ခြားနားလှချေ၏၊ ငှက်တို့ပင်လျှင် ကိန္နရာတို့၏အရပ်သို့ ထိုးဖောက်ရောက်ခြင်းငှာ မစွမ်းကုန်၊ လူတို့အဖို့ရာကား အဘယ်သို့ ဆိုဖွယ်ရှိအံ့နည်း၊ ငှက်တို့သည်သာလျှင် တစ်နည်းနည်းဖြင့် ဤနေရာသို့ လာလေ့ရှိ၏၊ ဤနေရာကား ကိန္နရီတို့ လာရောက်ပျော်ပါးရာ၊ ဘဝပျော်ရွှင်မှုဖြေရာ နေရာတည်း၊ အို ... မင်းသား၊ ဤနေရာသည် လူတို့၏ ခြေလှမ်းများ မချဉ်းကပ်နိုင်သောနေရာဖြစ်၏။ ထို့ကြောင့် ဤကျောင်းသခ်္ချိုင်းမှပင် ပြန်လှည့်လော့၊ သင်၏ ဖခမည်းတော်သည် မြို့ပြခြောက်သောင်းကို အစိုးရသော အရှင်ပေတည်း၊ မြတ်သော ပျော်ရွှင်မှုကို ရှာကြံဖန်တီးခြင်းဖြင့် မိမိဖာသာ ပျော်ရွှင်နှစ်ခြိုက်မှုကို မရရှိနိုင်တော့ပြီလော၊ အကြင်သူသည် ရောက်ခြင်းငှာမစွမ်းသော ဤနေရာသို့ သွားရောက်နိုင်မည် မဟုတ်"

"တပည့်တော်အဖို့ရာ သေလျှင် သေ၊ မသေလျှင် မနော်ဟာရာကို တွေ့ရန်သာရှိပါသည် အရှင်ရသေ့"

ရသေ့သည် မင်းသားအား သနားကြင်နာသော မျက်ဝန်းများ

ဖြင့် ကြည့်သည်။ တစ်စုံတစ်ရာ တွေးတောဆင်ခြင်နေသလို ငြိမ်သက်သွားလေ၏။

ဤမင်းသားသည် ရောက်နိုင်ခဲသော ထိုအရပ်သို့ သွားသည်ရှိသော ကေန်ကေပင် ပျက်စီးခြိမ့်မည်ဟု ရသေ့ကြီး တွေးလေသည်။ ထို့ကြောင့် -

"အသင်မင်းသား၊ ယနေ့ညအဖို့မူ ဤကျောင်းသခ်န်းသို့ မျောက်များ မလာကြမီအထိ တည်းခိုနေထိုင်လော့၊ ထိုမျောက်တို့၏ ဘုရင်သည် ကျွန်ုပ်အား လေးမြတ်ရှိသောပေ၏၊ ထိုမျောက်ဘုရင်သည် ကျွန်ုပ်ထံသို့ အမြဲတစေလာ၍ လတ်ဆတ်သော ပျားရည်တမျှ ချိုမြိန်သော အသီးအနှံများ ယူဆောင်လာကာ ကပ်လှူ၏၊ ကျွန်ုပ်သည် မျောက်ဘုရင်ကို မေတ္တာရပ်ခံပြောဆိုအံ့၊ သူသည် ကိန္နရာတို့၏ဘုရင် ဒုမမင်းကြီးစံရာ နိရတိပြည်သို့ လမ်းညွှန်လတ္တံ့"

ရသေ့ကြီး၏ မိန့်ဆိုသောစကားကို ကြားရသောအခါ သုဓနုမင်းသားသည် အလွန်ပင် ဝမ်းသာသွားမိရလေ၏။

နိရတိပြည်သို့ လမ်းညွှန်ပေးမည့်သူကို တွေ့ရတော့မည်။ သို့ဆိုလျှင်ဖြင့် မနော်ဟာရာရှိရာသို့ ရောက်ရှိပေတော့မည်။ သူ့အဖို့ရာ ကုသိုလ်ကံ ကောင်းခြင်းတို့ ရုတ်တရက် ကျရောက်လာသည့်နှယ်ပင်။

သုဓနုမင်းသားသည် ပြုံးရွှင်လန်းစွာဖြင့် ရသေ့ကြီးအား ပြန်လည်လျှောက်တင်လိုက်၏။

"ကောင်းလှပါပြီ အရှင်ရသေ့"

ရသေ့သည် ခေါင်းတဆတ်ဆတ်ညိတ်ကာဖြင့် ပြန်ကြွရန် ပြင်သည်။ သုမနမင်းသားတို့လည်း မြေပြင်သို့ ဆင်းသက်ကာ ရသေ့အား အရိုအသေ ပြုလိုက်သည်။ ရသေ့သည် အရိုအသေပေးမှုကို ခံယူပြီးနောက် ကျောင်းသခ်ၤန်းလေးအတွင်းသို့ ပြန်လည် ဝင်ရောက်သွားလေတော့သည်။

သုမနမင်းသားသည် ထွက်ခွာသွားသော ရသေ့ကြီးအား ကြည့်ရင်း ပြုံးပစ်လိုက်တော့၏။ သူ့မျှော်လင့်ချက် စိတ်ကူးတို့သည် တရေးရေး တောက်ပလာခဲ့ပေပြီ။ မနော်ဟာရာအား တွေ့မြင်ရဖို့ သမ်းစလေး သူ့ထံသို့ တရွေ့ရွေ့ ချဉ်းကပ်လာချေပြီ။

✸

တဝုန်းဝုန်း တဒိုင်းဒိုင်းနှင့် ခြသေ့်တို့၏ ပြေးလွှားသံလိုမျိုး ဆူညံလျက်ရှိသော အသံကြီးကြောင့် အိပ်စက်အနားယူနေသော သုမနမင်းသားတို့သည် လန့်နိုးလာကြရတော့၏။

"အို ... ဆူညံလှချည်လား"

သုမနမင်းသားသည် ရေရွတ်မြည်တမ်းကာဖြင့် လဲလျောင်းနေရာမှ ထထိုင်လိုက်၏။ သူနည်းတူ ဝသန္တကနှင့် မုဆိုးနှစ်ဦးပါ အိပ်ရာထက်မှ လန့်နိုးလာကြကာ ကျယ်လောင်စွာ ထွက်ပေါ်နေသော အသံကြီးအား နားစွင့်နေကြသည်။

နံနက်ခင်း အလင်းရောင်သည် မှုန်ပျပျသာ ရှိနေသေးသည်။ ရောင်နီတောင် မပျို့သေးပေ။ သူတို့သည် အိပ်ရာထက်မှ ထလိုက်ကြကာ ကျောင်းသခ်ၤန်း၏ အပြင်ဘက်သို့ ထွက်လာမိသည်။ ကျောင်း

သူ ယူဆောင်လာခဲ့သော ပျားရည်ပမာ ချိုလှစွာသော သစ်သီးဝလံများကို ရသေ့၏ ရှေ့မှောက်၌ ချပြီး ထိုင်သည်။ ရသေ့က မျောက်မင်းအား နူးညံ့ချိုသာစွာဖြင့် စကားဆိုလိုက်သည်။

"အို ... မျောက်တို့၏ဘုရင်၊ ကျွန်ုပ်အား တစ်စုံတစ်ရာ အကျိုးဆောင်ပေးပါလော့"

"ဆောင်ရွက်ပေးပါအံ့၊ တပည့်တော်အား ညွှန်ကြားပါ"

ဟု မျောက်မင်းက ပြန်လည်ပြောကြားလေသည်။ ရသေ့သည် ကျောင်းသခ်န်းတွင်း လှမ်းဝင်လာကာ နံဘေးတွင် ရိုကျိုးစွာ ထိုင်နေသော သုမနမင်းသားတို့ဘက် လှည့်၍ ညွှန်ပြလိုက်ကာ -

"ဤမင်းသားနှင့် အဖော်သုံးဦးအား ကိန္နရာဘုရင် ဒုမမင်းကြီးစံရာ နိရတိပြည်သို့ ကောင်းစွာ ပို့ဆောင်ပေးပါလော့"

ခန္ဓာကိုယ် ထုထည်ကြီးမားလှစွာသော မျောက်မင်းသည် ရသေ့၏စကားကို ရိုကျိုးနာခံစွာဖြင့် -

"အရှင် မိန့်သည့်အတိုင်း ဆောင်ရွက်ပါမည်"

ဟု ပြန်လည်တင်လျှောက်စေ၏။

ထို့နောက် သုမနမင်းသားနှင့် မျောက်မင်းတို့ မျက်ဝန်းခြင်းဆုံမိကြလေသည်။ သုမနမင်းသား၏ မျက်ဝန်းတို့သည် ကျေးဇူးတင်ရှိကြောင်း ပြောပြသည့်နှယ် အရိပ်အရောင်တို့ ယှက်ဖြာနေလျက်ရှိကော့၏။

* * *

သူ ယူဆောင်လာခဲ့သော ပျားရည်ပမာ ချိုလှစွာသော သစ်သီးဝလံများကို ရသေ့၏ ရှေ့မှောက်၌ ချပြီး ထိုင်သည်။ ရသေ့က မျောက်မင်းအား နူးညံ့ချိုသာစွာဖြင့် စကားဆိုလိုက်သည်။

"အို ... မျောက်တို့၏ဘုရင်၊ ကျွန်ုပ်အား တစ်စုံတစ်ရာ အကျိုးဆောင်ပေးပါလော့"

"ဆောင်ရွက်ပေးပါအံ့၊ တပည့်တော်အား ညွှန်ကြားပါ"

ဟု မျောက်မင်းက ပြန်လည်ပြောကြားလေသည်။ ရသေ့သည် ကျောင်းသခ်ၤန်းတွင်း လှမ်းဝင်လာကာ နံဘေးတွင် ရိုကျိုးစွာ ထိုင်နေသော သုမနမင်းသားတို့ဘက် လှည့်၍ ညွှန်ပြလိုက်ကာ -

"ဤမင်းသားနှင့် အဖော်သုံးဦးအား ကိန္နရာဘုရင် ဒုမမင်းကြီးစံရာ နိရတိပြည်သို့ ကောင်းစွာ ပို့ဆောင်ပေးပါလော့"

ခန္ဓာကိုယ် ထုထည်ကြီးမားလှစွာသော မျောက်မင်းသည် ရသေ့၏စကားကို ရိုကျိုးနာခံစွာဖြင့် -

"အရှင် မိန့်သည့်အတိုင်း ဆောင်ရွက်ပါမည်"

ဟု ပြန်လည်တင်လျှောက်စေ၏။

ထို့နောက် သုမနမင်းသားနှင့် မျောက်မင်းတို့ မျက်ဝန်းခြင်းဆုံမိကြလေသည်။ သုမနမင်းသား၏ မျက်ဝန်းတို့သည် ကျေးဇူးတင်ရှိကြောင်း ပြောပြသည့်နှယ် အရိပ်အရောင်တို့ ယှက်ဖြာနေလျက် ရှိကော့၏။

* * *

## အခန်း(၁၇)

မျောက်မင်းသည် မင်းသားနှင့် သူ၏ အဖော်သုံးဦးကို ကျောခွ၌တင်၍ ယူဆောင်ကာ ကျောင်းသင်္ခမ်းမှ ထွက်ခွာလာခဲ့လေ၏။ သူတို့သည် တောင်ထွတ် တစ်ခုပြီးတစ်ခု၊ တောကြီး တစ်တောပြီး တစ်တော ဖြတ်သန်းလာကြရသည်။ မျောက်မင်းသည် လျင်မြန်သော အဟုန်ဖြင့် သွားနေခြင်းဖြစ်သည်။ သုမနမင်းသားတို့သည် မျောက်မင်း၏ ကျောထက်၌ အောက်သို့ ပြုတ်မကျစေရန် မြဲမြံစွာ ကိုင်ထားရလေ၏။ မျောက်မင်း၏ ရှည်လျားလှစွာသော အမွေးအမျှင်တို့သည် အုန်းကျစ်ကြိုးများသဖွယ်ပင် တုတ်ခိုင်လှလေ၏။ ထိုအမွေးအမျှင်များကို မိမိရရ ဆွဲကိုင်ယူထားကာ ပြုတ်မကျအောင်လည်း သတိထားနေရ၏။ လျင်မြန်လှသော ပြေးလွှားမှုအဟုန်ကြောင့် လေရှိန်တို့သည် သူတို့၏ မျက်နှာများပေါ်သို့ အပြင်းအထန် ရိုက်ခတ်နေတော့၏။

တောင်ထိပ်တစ်နေရာသို့ အရောက်တွင် မျောက်မင်းသည် ရပ်တန့်လိုက်လေတော့သည်။ သုမနမင်းသားတို့သည်လည်း မျောက်

မင်း၏ ကိုယ်မှဆင်း၍ အပန်းဖြေ အနားယူကြရတော့သည်။

"အို … မျောက်မင်း၊ ဤနေရာသည် အဘယ်နေရာ ဖြစ်သနည်း"

သုဓနုမင်းသားက မေးလျှင် …

"အရှင်မင်းသား … ဤနေရာသည် ကေလာသမည်သော တောင်ထိပ်ပင် ဖြစ်ပါသည်"

"နိရတိပြည်နှင့် ဤကေလာသတောင်ထိပ်သည် နီးပါ၏လော"

"နီးချေပြီဟုလည်း ဆို၍ရပေမည်၊ သို့ပါသော်လည်း နိရတိပြည်သို့ ရောက်ရှိရန်မှာ မိုင်ပေါင်းများစွာ ကျန်ရှိပါသေးသည် အရှင့်သား"

မျောက်မင်းစကားကြောင့် သုဓနုမင်းသားသည် သက်ပြင်းသဲ့သဲ့ ချမိရ၏။ ဤမျှဝေးသီခေါင်ဖျားသောအရပ်သို့ သူတို့ချည်းသာ လာရချေလျှင် အသက်သေဆုံးဖွယ်သာ ရှိပေမည်။ ယခုမူ မျောက်မင်း၏ ကျေးဇူးကြောင့်သာ သူတို့ ဤအရပ်ထိတောင် ရောက်လာခဲ့ချေပြီ။ ခရီးသည် တစ်ဝက်မကပင် ကျော်လွန်ခဲ့ပြီ။ သူသည် အဆုံးတိုင်ထိ သွားမည်ဟု သံဓိဋ္ဌာန်ချထားခဲ့သည်။ ထို့အတွက် သူ့အဖို့ရာ ရွေးချယ်စရာလမ်း မရှိတော့ပြီ။ ဤခရီးကို ဆက်ရင်းဖြင့် သူသည် သေချင်လည်း သေဖို့ရာရှိသည်။ အသက်မသေခဲ့လျှင်တော့ မနော်ဟာရာအား ပြန်လည်တွေ့ရမည်ဟုသာ မျှော်မှန်းထားခဲ့သည်။ သူ၏အသက်ကိုပင် စတေးရဲသည့်အထိ ကြီးမြတ်လှသော အချစ်တို့သည် ရင်မှပေါက်ဖွားလာခဲ့ရပြီ။ မနော်ဟာရာသည်လည်း သူ၏အချစ်

တို့ ကွန်းခိုရာ၊ မှေးစက်ရာ၊ တည်ရှိရာပင် ဖြစ်ပေတော့၏။

✸

ရွှေအတိပြီးစွာ တည်ဆောက်ထားသော နိရတိပြည်သည် ဥယျာဉ်ပေါင်း တစ်ထောင်တို့ဖြင့် ဝန်းရံထား၏။ ကျောက်သံပတ္တမြားတို့ဖြင့် တန်ဆာဆင်ထားသော ကြာရေကန်တို့သည်လည်း လှပတင့်တယ်စွာ ရှိနေသည်။ လှေကားခုံတို့ကိုလည်း ကျောက်မျက်ရွဲတို့ဖြင့် အလှခြယ်ထားလေ၏။ ထိုအရာတို့ကို မွှေးထုံသော အပြာရောင်၊ အနီရောင်၊ အပါရောင်၊ အဖြူရောင် ကြာပွင့်တို့ဖြင့် ဖုံးလွှမ်းကာထားလေသည်။ ကျောက်မျက်ရတနာ အနှံ့အပြားစီထားသော ကမ်းမြေသည်လည်း လှပရှုမငြီးဖွယ်ပင် ဖြစ်သည်။ ကန်ရေပြင်ထက်တွင် ရတနာခုနစ်ပါးဖြင့် စီခြယ်ထားသော လှေတို့သည် တဖျတ်ဖျတ်အရောင်လက်နေသည်။ ပုံသဏ္ဍာန်အမျိုးမျိုး အပြားပြားသော လှေငယ်တို့သည် အရောင်အလွင် တောက်ပစွာဖြင့် ရှိနေတော့၏။ များပြားလှစွာသော အရောင်အသွေးစုံ ပန်းပွင့်များ၊ သစ်သီးသစ်ရွက်များဖြင့် အတိပြီးသော တောအုပ်သည် မြို့တော်ကို ဝန်းရံထားသည်။

နိရတိပြည်၏ မြို့ပြင်ဘက် တောအုပ်တစ်ခုထဲသို့ သုခနေမင်းသားတို့အဖွဲ့ ရောက်ရှိနေကြခြင်း ဖြစ်လေသည်။ သူတို့သည် ဆန်းပြားခမ်းနားသော ရေကန်လေး၏ ဘေးတွင် ရပ်တန့်ကြည့်ရှုနေကြ၏။ ရေကန်ငယ်၏ တင့်တယ်မှု၊ တောအုပ်အတွင်းရှိ လှပမှု

အပေါင်းကိုကြည့်ကာ အံ့ဩမင်သက်မိကြရတော့သည်။

တောအုပ်အတွင်းတွင် အတီမုတ္တက နွယ်ပွင့်၊ စကားပွင့်၊ မြတ်လေးပွင့်၊ ကြက်ရုံးပွင့်၊ သုမနာ မြတ်လေးပွင့်၊ မိုးစွေပွင့်၊ ဇွန်ပွင့် စသည်ဖြင့် အလှဆင်ထားလေသည်။ မိမိတို့ ဘာသာဘာဝအလျောက် ပျော်ရွှင်မြူးတူးနေသော ကိန္နရာမောင်နှံထောင်ပေါင်းများစွာကိုလည်း ဟိုနေရာတစ်စု၊ သည်နေရာတစ်ခု တွေ့မြင်ကြရပြန်သည်။ ကိန္နရီ အချို့သည် ပြွေမှုတ်လျက်၊ အချို့သည်လည်း သာယာနာပျော်ဖွယ် တေးသီချင်းတို့ကို သီဆိုလျက် ရှိနေကြသည်။

သူတို့အဖွဲ့သည် အံ့ဩမင်သက်စွာဖြင့် တောအုပ်အတွင်း ဝတ်လည်ကြည့်ရှုနေကြစဉ် နိရတိမြို့တော်ကြီးဆီမှ တူရိယာ တီးမှုတ်သံ၊ တေးသီသံတို့ကို ကြားကြရတော့၏။ ပွဲလမ်းသဘင်တစ်ခုခုများ ဆင်ယင်ကျင်းပနေသလောဟု သုဓနုမင်းသား တွေးမိလေ၏။

ထိုစဉ် သူတို့ရှိရာနေရာသို့ လှမ်းလာနေကြသော ကိန္နရီပျို များကို တွေ့ရ၏။ ကိန္နရီတို့သည် ကိုယ်အင်္ဂါ ကျော့ရှင်းလှပကြသည်။ ဆည်ဝါခန့်ညားစွာလည်း ဝတ်ဆင်ထားကြသေးသည်။ သူတို့၏ အဝတ်အစားများသည် အရောင်အလွင် တောက်ပြောင်နေ၏။

သူတို့၏ လက်ထဲ၌လည်း ရွှေကရားအိုးတို့ကို ကိုင်စွဲထားကြ သည်။ သုဓနုမင်းသားတို့ နားနေရာ ရေကန်ဆီသို့ ရေခပ်ရန် လာကြ ခြင်းပင် ဖြစ်၏။

သုဓနုမင်းသားသည် အနားသို့ ရောက်လာသော ကိန္နရီပျို တစ်ယောက်အား မေးမြန်းလိုက်သည်။

"မြို့တော်အတွင်း၌ အဘယ်မည်သော ပွဲသဘင်ကို ကျင်းပ

နေပါသနည်း၊ ထိုပွဲသဘင်သည် အဘယ်မျှ ကြီးကျယ်သော၊ အဘယ်မျှ ပျော်ရွှင်ဖွယ်ကောင်းသော ပွဲသဘင်ဖြစ်ပါသနည်း''

ကိန္နရီပျိုသည် မိမိအား မေးမြန်းလာသူ ထိုလူစိမ်းကို အကဲခတ်ကြည့်ရှုနေ၏။ အခြားသော ကိန္နရီပျိုတို့သည်လည်း သုမနမင်းသားတို့အား ကြည့်ရှုအကဲခတ်သွားကြကာ ရေကန်ငယ်အတွင်းမှ ရေကို ခပ်ကြသည်။ မွှန်ရည် ယဉ်ကျေးပုံရသောလူသားကို ကိန္နရီပျိုသည် ပြန်လည်ဖြေကြားလိုက်လေသည်။

''ယနေ့သည် နေ့အား ရက်အားလည်း မဟုတ်ပေ၊ ပွဲသဘင်ကျင်းပသည့် နေ့ရက်လည်း မဟုတ်ပေ၊ သို့တစေ ကိန္နရာတို့၏ဘုရင် ဒုမမင်းကြီး၏ မနော်ဟရာအမည်ရှိ သမီးတော်သည် လူတို့၏ သွေးသီခေါင်သွားခြင်း ခံခဲ့ရပြီး နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီးနောက် ယခု ပြန်ရောက်လာ၏၊ မနော်ဟရာ ပြန်လာသောကြောင့် ကိန္နရာတို့၏ ဘုရင်နှင့် မြို့သူမြို့သားအားလုံးသည် ပျော်ရွှင်နေကြကုန်၏၊ ယင်းကို အကြောင်းပြု၍ အားလုံးသည် ဤမည်သော ပျော်ပွဲသဘင် ဆင်ယင်ကြခြင်းဖြစ်၏''

''ဤရေတို့ကို အဘယ်သို့ သယ်ယူသွားမည်နည်း''

သုမနသည် အနားမှ ဖြတ်သန်းထွက်ခွာသွားသော ရေကရား ကိုင်ထားသူ ကိန္နရီပျိုကိုကြည့်ကာ မေးလိုက်သည်။

''မနော်ဟရာသည် သူ့ကိုယ်၌ ကပ်ငြိနေသော လူ့အနံ့ အသက်ကို ပြယ်စင်သွားစေရန်အလို့ငှာ ရေသန့်စင်ခြင်း

ပြုပေအံ့"

ကိန္နရီပျိုသည် ပြောပြီးပြီးချင်း ရေကန်သို့သွားကာ ရေကို ခပ်ယူလိုက်၏။ သူ၏အဖော်များသည် မြို့တော်တွင်းသို့ ပြန်လည် ထွက်ခွာသွားပြီဖြစ်သည့်အတွက် သူသည် အလျင်အမြန် ရေကို ခပ်လိုက်သည်။ ထိုစဉ် သူမ၏ခြေတစ်ဖက်သည် မျက်သွားသဖြင့် သူမသည် ရေကရားအိုးကို ဘေး၌ချကာ နာကျင်သွားသော ခြေထောက်အား ပွတ်သပ်နေတော့သည်။

သုမနမင်းသားသည် ထိုအခြင်းအရာကို မြင်သော် တစ်စုံ တစ်ခု အကြံရသွားဟန်ဖြင့် သူ့လက်၌ ဝတ်ဆင်ထားသော ကျောက်မျက်ရတနာကိုးပါး စီခြယ်ထားသော လက်စွပ်ကို ချွတ်လိုက် ၏။ ထို့နောက် ကိန္နရီပျို၏ ဘေးတွင်ချထားသော ရွှေရေကရားထဲသို့ ကိန္နရီပျို မမြင်အောင် ထည့်လိုက်လေ၏။

"ခြေထောက် အတော်နာကျင်သွားသလား နှမငယ်"

သုမနမင်းသည် နူးညံ့ဖွေးထွေးစွာဖြင့် မေးလိုက်သည်။ ကိန္နရီမလည်း အသာအယာ ခေါင်းယမ်းပြရင်း ရေအိုးကို ကောက် ကိုင်ကာဖြင့် ထရပ်သည်။

"အကျွန်ုပ် သွားပါဦးမည်"

ဟု ဆို၍ အပြေးတစ်ပိုင်းဖြင့် ထွက်ခွာသွားလေတော့၏။ သူ၏အဖော်များသည် အတော်အဝေးကို ရောက်ရှိနေပြီဖြစ်၍လည်း သူမသည် ကပျာကယာပင် နောက်က လိုက်လေ၏။

သုမနမင်းသားသည် ထွက်ခွာသွားသော ကိန္နရီပျိုတို့ကို ကြည့်ကာ ပြုံးလေသည်။ သူ၏လက်စွပ်သည် နောက်ဆုံးသော

ရွှေကရားထဲ၌ ပါသွားလေပြီ။ ထိုလက်ဖွပ်လေးကို မနော်ဟာရာသည် တွေ့တန်ကောင်းပါရဲ့။ သို့မှသာ သူရောက်ရှိနေသည်မှန်း မနော်ဟာရာ သိရှိပေလိမ့်မည်။

လက်ဖွပ်လေးသည် သူတို့နှစ်ဦး တွေ့ရှိရဖို့ရန်အတွက် ဆောင်ရွက်နိုင်မည့် အမှတ်အသားတစ်ခုပင် ဖြစ်ပေတော့၏။

* * *

## အခန်း(၁၈)

နိရတိပြည်၏ နန်းတော်တွင်းဝယ် မနော်ဟာရာသည် ရေချိုးသန့်စင်ခြင်းကို ပြုလေသည်။ သူမ ဟတ္ထိနာပူရမှ ပြန်ရောက်လာသဖြင့် ခမည်းတော်နှင့်အတူ နိရတိမြို့သူမြို့သားအပေါင်းတို့သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။ မြို့သူမြို့သားအပေါင်းသည် သူမအား သောင်းသောင်းဖြဖြပင် ကြိုဆိုသမှုပြုကြ၏။ နန်းတော်သို့ ရောက်သောအခါ၌ ဖခမည်းတော်သည် သူမအား ပွေ့ဖက်ဆီးကြိုကာဖြင့် မျက်ရည်တဖြိုင်ဖြိုင် ကျနေခဲ့သည်။ ချစ်ခင်သူ မယ်တော်နှင့် မောင်နှမ ညီအစ်မများကလည်း သူမအား ပွေ့ဖက်နမ်းရှုပ်ကြရင်းဖြင့် မျက်ရည်ဖြေမဆည်နိုင်အောင်ပင် ဝမ်းသာမိကြလေ၏။ သူတို့သည် သူမအား သေဆုံးသွားပြီဟု ယူဆထားကြသည် မဟုတ်လား။ မမျှော်လင့်ဘဲ ရုတ်တရက် ရောက်လာသဖြင့် အံ့သြဝမ်းသာဖြစ်နေကြသည်။

ဖခမည်းတော်က လူတို့ပြည်ရွာမှ ပြန်လာသူ သူမကို

လုအနံ့အသက်များ ပြယ်စင်သွားရန်အတွက် ရေချိုးသန့်စင်အမှု ပြုစေခြင်းဖြစ်၏။ မြို့ပြင်ရှိ ကြာရေကန်မှ ရေသာလျှင် လူ့အနံ့ အသက်တို့ ပြေပျောက်စေသည်ဟုလည်း အယူအစွဲရှိသည်မို့ ထိုကြာ ရေကန်မှ ရေကို ဆောင်ယူခိုင်းကာ သူမအား ရေချိုးစေ၏။

မနော်ဟာရာသည် ရွှေကရားတစ်ယုံးပြီး တစ်လုံးရှိ ရေများ ကို ရေချိုးပြီးနောက် နောက်ဆုံးသော ရွှေကရားကို လှမ်းယူကာ ကိုယ်ပေါ်သို့ လောင်းချလိုက်၏။ ရွှေကရားထဲမှ တစ်စုံတစ်ရာသည် သူမကိုယ်ပေါ်သို့ ကျလာလေသဖြင့် သူမ ရုတ်တရက် လန့်သွားရ ၏။ ကျသွားသောအရာကို သူမ ကြည့်လိုက်မိသည်။

"အို … လက်စွပ်လေးတစ်ကွင်းပါလား"

သူမ တအံ့တသြ ရေရွတ်လိုက်ရင်း လက်စွပ်လေးကို ကောက်ယူလိုက်၏။

"အို … ဒါ မောင်ကော်သုမနရဲ့ လက်စွပ်ပဲ"

သူမ အထိတ်တလန့် ရေရွတ်မိလေ၏။ လက်စွပ်လေးကို မြင်သည်နှင့် သူမမှတ်မိသည်။ ဤလက်စွပ်သည် မောင်တော်သုမန ဝတ်ဆင်နေကျ လက်စွပ်ပေပဲ။ မောင်တော် ငါ့ကို လိုက်ရှာလေ ပြီပေါ့။ ဤလက်စွပ်သည် အနီးအနားသို့ ရောက်ရှိနေကြောင်း အမှတ် အသား ပြုလိုက်တာပဲ ဖြစ်ရမည်။ လူသူရောက်ရန် ခဲယဉ်းလှသော ဤနေရာသို့ မောင်တော် အဘယ်ပုံ အဘယ်နည်း ရောက်ရှိလာ လေလဲ။

မနော်ဟာရာသည် ဤသို့ တွေးမိပြီးနောက် ရေချိုးခြင်းကို အမြန်လက်စသတ်ကာ အဝတ်တန်ဆာတို့ကို ကသီကရီပင် ဝတ်ဆင်

လိုက်တော့သည်။ ထို့နောက် သူမသည် နန်းတော်တွင်းသို့ ပြေး အလွှား ဝင်ရောက်လေ၏။ ဖခမည်းတော်နှင့် မယ်တော်ရှိရာသို့ ပြေးဝင်သွားပြီး ခြေအစုံတို့၌ ဦးခိုက်ကာ ငိုကြွေးလေသည်။

ရုတ်တရက် ပြေးဝင်လာကာ မိမိတို့ခြေအစုံ၌ ဦးခိုက် ငိုကြွေးနေသော သမီးတော် မနော်ဟာရာကို ကြည့်၍ ဒုမမင်းကြီးသည် ထိတ်ထိတ်ပျာပျာဖြင့် -

"သမီးတော် … သမီးတော် မနော်ဟာရာ၊ အဘယ်သို့ ဖြစ်လေသနည်း၊ အို … သမီးတော် မနော်ဟာရာ၊ ခမည်းတော်ကို ပြောကြားပါဦးလော့ သမီးတော်"

ဒုမမင်းကြီးသည် မနော်ဟာရာအား မေး၏။ မနော်ဟာရာသည် ငိုကြွေးမြည်တမ်းရင်းဖြင့် -

"ဇမ္ဗူဒီပါတွင်ရှိသော သမီးတော်၏ ခင်ပွန်းသည် ရောက်ရှိလျက်ရှိပါပြီ၊ သုဓနုဟု ခေါ်တွင်သော မင်းသားတစ်ပါး ဖြစ်ပါသည်၊ သူသည် သုဗာဟုမင်းကြီး၏ တစ်ဦးတည်း သော သားတော် ဖြစ်ပါသည်"

မနော်ဟာရာ၏ စကားကြောင့် ကိန္နရာ ဒုမမင်း ကြီးသည် တအံ့တသြ ဖြစ်သွားရ၏။ မယုံကြည်နိုင်သလို မျက်ဝန်းတို့သည် စိမ်းမြနေလျက်။

"သမီးတော်၊ လူသားတစ်ဦးအဖို့ရာ ဤနေရာသို့ ရောက်လာသည်ဆိုခြင်းမှာ မဖြစ်နိုင်"

မင်းကြီးက မိန့်ဆိုလေလျှင် မနော်ဟာရာသည် ဖခမည်းတော် မျက်ရည်လည်ရွဲဖြင့် မော်ကြည့်ကာ ပြောသည်။

"ခမည်းတော်ဘုရား ... ဤနေရာသို့ အထင်အရှား ရောက်ရှိလာသော သူ့အဖို့ရာကား ထိုသို့မဟုတ်တော့ပါ"

"သမီးတော်ကိုယ်တိုင် သူ့အား တွေ့မြင်ပါ၏လော၊ သို့မဟုတ် သူတစ်ဦးတစ်ယောက်ထံက သူ့သတင်းကို သင် ကြားသိရပါသလော"

မင်းကြီး မေးရပြီ။ သမီးတော် မနော်ဟရာသည် ဖြစ်နိုင်ချေ မရှိသော စကားတို့ကို ဆိုနေချေပြီ မဟုတ်လော။

"သမီးတော်ကိုယ်တိုင် သူ့ကို တွေ့မြင်ရသည်လည်း မဟုတ်ရပါ၊ တစ်ဦးတစ်ယောက်ထံမှ သူရောက်လာ ကြောင်း ကြားသိရသည်လည်း မဟုတ်ပါ၊ သို့သော် သမီး တော် ရေချိုးသန့်စင်နေစဉ် သူမနေ၏ လက်စွပ်သည် သမီးတော်၏ ကိုယ်ပေါ်သို့ ကျလာပါသည်"

မနော်ဟရာသည် ထိုသို့ဆိုပြီးနောက် လက်စွပ်အား ထုတ်ပြ လေသည်။ မင်းကြီးလည်း လက်စွပ်ကို အသေအချာ ကြည့်ရှုလိုက် ပြီးနောက် ရေခပ်ယူလာသူတို့အား ဆင့်ခေါ်လိုက်သည်။

"ရေခပ်ယူသူ ကိန္နရီတို့ကို ရှေ့တော်သွင်းစေ"

ရေခပ်ယူလာသူများ ရောက်လေလျှင် -

"အသင်တို့ ရေခပ်ရန်သွားစဉ် ထိုနေရာ၌ လူသား တစ်ယောက်ကို တွေ့ခဲ့ကြသလော"

ကိန္နရီပျိုငယ်တို့ထဲမှ တစ်ယောက်က -

"အရှင်မင်းကြီး ... ကျွန်ုပ်တို့သည် လှပတင့်တယ်သော လူသားတစ်ဦးနှင့် သူ၏အဖော်သုံးဦးတို့ကို ကြာရေကန်

စောင်း၌ တွေ့မြင်ခဲ့ကြပါသည်"

ကိန္နရီပို့၏စကားကို ကြားသော် မင်းကြီး ဤသို့ တွေး သည်။

ဤသည်ကား သမီးတော် မနော်ဟာရာ၏ မင်းသားအမှန် ပင်ဖြစ်သည့် အထောက်အထားပင်တည်း။ ဤသူသည် ဤနေရာသို့ အဘယ်သို့လျှင် လာနိုင်စွမ်းရှိပါလိမ့်။

"မနော်ဟာရာ ... ခမည်းတော်သည် သုဓနုမင်းသားကို နန်းတွင်းသို့ဝင်ရန် ဖိတ်မန္တက ပြုသလော့"

ခမည်းတော်၏ အမေးကြောင့် မနော်ဟာရာသည် အလျှင် အမြန်ပင် ခေါင်းညိတ်ကာဖြင့် -

"မှန်ပါသည် ခမည်းတော်၊ ဝင်လာခွင့်ပြုပါလော့၊ ဤဌာန သို့ သူလာခဲ့သည်မှာ သမီးတော်ကို သူ ချစ်ခင်မြတ်နိုး သောကြောင့် ဖြစ်ပါ၏၊ ထို့ပြင် သမီးတော်အတွက်ကြောင့် သူသည် သူ့ခမည်းတော်အပေါ် ရှိသေလိုက်နာမှုနှင့် ချစ် မြတ်နိုးမှုတို့ကို များစွာ ကင်းပြတ်လျက်ရှိခဲ့သည်။ သူ့ ခမည်းတော်၏ လက်ထဲတွင် သူသည် အကျဉ်းကျခံရခြင်း၊ အပြစ်ပေးခံရခြင်းတို့ကိုလည်း ခံစားခဲ့ရပါပြီ၊ သို့သော် သူ သည် သမီးတော်အပေါ်၌ စိတ်ပျက်လက်လျှော့ခြင်း မရှိ၊ အဆောင်၌ သုဗာဟုမင်းကြီး၏ အကျဉ်းအကျပ် ချထားခြင်း ခံနေရစဉ် သမီးတော်ကို အခြားသို့ စေလွှတ်ခဲ့ခြင်း ဖြစ် ပါသည်၊ အကျဉ်းမှ လွတ်လျှင်လွတ်ခြင်း သူသည် သမီးတော်၏နောက်သို့ လိုက်လာခြင်း ဖြစ်ပါသည်"

ဒုမမင်းကြီးသည် မနော်ဟာရာ စကားဆုံးသည်နှင့် ခေါင်းတဆတ်ဆတ်ညိတ်ကာဖြင့် စဉ်းစားဟန် ပြုသည်။ ထို့နောက် ဝန်မင်းအမတ်တို့ကို အမိန့်ချမှတ်လိုက်ပါ၏။

"မြို့တော်ကို ယခုချက်ချင်း အလျင်အမြန် မွမ်းမံဆင်ယင်ကြကုန်၊ တော်ဝင်နန်းတော်နှင့် ကြာရေကန်တို့ အပါအဝင်နေခြည်ကာတို့ကိုလည်း ဖြန့်ကျက်ကာ တောက်ပသောပန်းပွင့်တို့ကိုလည်း အဖက်ဖက်၌ ကြဲပြန့်ချိတ်ဆွဲလော့၊ မြို့တော်ကိုလည်း လှပသော အဝတ်တို့ဖြင့် ပြုသောတံခွန်ကုက္ကားတို့နှင့် တန်ဆာဆင်ကြလော့၊ ပန်းကုံးတို့ဖြင့် ချိတ်ဆွဲကြပြန့်ထားကြလော့၊ မွှေးကြိုင်သော ရနံ့ရှိသောပန်းပေါင်းရေတို့ဖြင့် ယင်းတို့ကို ဆွတ်ထားကြလော့၊ ထို့ပြင်ကျွန်ုပ်၏ မြို့တော်နှင့် စစ်တပ်အတွင်းရှိ အကြီးအကဲအားလုံးတို့သည် စစ်ရထားတွင် အလံတံခွန် ဆင်ထားကာ ကျွန်ုပ်၏ သားမက်တော်နှင့် တွေ့ဆုံရန် ထွက်လာပါစေ"

ဘုရင့်အမိန့်တော် ချမှတ်ပြီးသည်နှင့် ဝန်ကြီးမှူးမတ်တို့သည် အမိန့်တော်အတိုင်း ကြီးကျယ်ခမ်းနားသော ပွဲသဘင်အတွက် ပြင်ဆင်ကြလေသည်။

မနော်ဟာရာ၏ ကြင်ယာတော် လူမင်းသားလေးအတွက် သူတို့သည် မြို့တော်ကို အထူးမွမ်းခြယ်ကြသည်။ ခဏာတွင်းမှာပဲ မြို့တော်အတွင်း သတင်းပျံ့နှံ့သွားပြီးနောက် ပြည်သူပြည်သားတို့သည်လည်း အထူးစိတ်ဝင်စားလာကြ၏။ သူတို့သည် အချင်းချင်း လက်တို့ကာ မေးကြမြန်းကြဖြင့် ရှိကုန်၏။ မနော်ဟာရာ၏ ကြင်ယာတော်

မင်းသားအား တွေ့ချင်မြင်ချင်စိတ်ဖြင့် အားတက်သရော စောင့်မျှော်ကြသော လူအုပ်ကြီးသည်လည်း မြို့တော်တွင်း အုတ်အုတ်ကျက်ကျက်ပင် ဖြစ်နေတော့သည်။

မနော်ဟာရာသည်လည်း အဖိုးအနဂ္ဃ များစွာထိုက်တန်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ကာ ဘယက်တန်ဆာ ဒွါဒယာ အမျိုးမျိုးတို့ကို ထည်ဝါခန့်ညားလှစွာ ဆင်ယင်ထုံးဖွဲ့ထားသည်။

သူမသည် အလွန်ပင် စိတ်လှုပ်ရှားနေမိ၏။ မောင်တော်သည် သူမရှိရာ ဉာဏ်အရပ်သို့ ခဲယဉ်းပင်ပန်းစွာဖြင့် လိုက်လာချေပြီ။ မောင်တော်၏ ချစ်မြတ်နိုးမှုကို သိရှိခံစားနားလည်မိလိုက်၍လည်း မောင်တော့်အပေါ် အရင်ထက် အဆကဲစွာ ချစ်မိလာရပြီ။ မောင်တော်သုဓနုသည် ယခုအချိန်ဆိုရင်ဖြင့် သူမအား မြင်တွေ့ချင်စိတ်ဖြင့် တမျှော်မျှော် ရှိနေရှာမည်။ မောင်တော် ထည့်ပေးလိုက်သော လက်စွပ်ကို သူမ မတွေ့ရှိမှာကို စိုးရိမ်ပူပန်နေတော့မည်။ မောင်တော်သည် ခရီးပြင်း နှင်လာရ၍ ပင်ပန်းနေရှာမည်ဟု တွေးမိကာ သူမ သနားလာမိရသည်။

သူမ မျက်ဝန်းအိမ်မှ မျက်ရည်တို့သည် အိုင်ဖွဲ့ စုထွန်းလာလေပြီ။ သူမ ငိုချင်လာသည့်စိတ်ကို အတင်းဖြေဖျောက်ကာဖြင့် ပြင်ဆင်ခြယ်သမှုကို အပြီးသတ်လိုက်လေသည်။

အခုချိန်မှာဖြင့် မျက်ရည်တို့ကို သိုဖွဲ့ထားရပေမည်။ မောင်တော့်ရှေ့ ရောက်မှသာ သူမမျက်ရည်တို့ သွန်ချပစ်လိုက်တော့မည်ဟု အားခဲလိုက်ပြန်၏။

ထို့နောက် ကြေးမုံပြင်ထက်တွင် ထင်ဟပ်နေသော သူမ၏

ရပ်သွင်ပြင်ကို နောက်ဆုံးအနေဖြင့် ကြည့်ရှုလိုက်ကာ မောင်တော်
သုခနှင့် တွေ့ဆုံရန် ထွက်လာခဲ့တော့၏။

* * *

## အခန်း(၁၉)

ကြာရေကန်၌ ရပ်နားနေကြသော သုဓနုမင်းသားတို့အဖွဲ့သည် စိတ်လှုပ်ရှားစွာဖြင့် တစ်စုံတစ်ရာကို စောင့်မျှော်နေမိကြ၏။ သုဓနုမင်းသား၏ လက်စွပ်ထည့်လိုက်သည့်ကိစ္စကို နောက်တော်ပါသုံးဦးလည်း သိရှိထားပြီဖြစ်ရာ သူတို့သည်လည်း သုဓနုမင်းသားနည်းတူ စိတ်လှုပ်ရှားစွာဖြင့် အခြေအနေတစ်ရပ်ကို မျှော်လင့်နေမိကြ၏။

မနော်ဟာရာသည် သူ၏လက်စွပ်အား တွေ့မြင်ပါ့မလား။ မတွေ့မြင်ခဲ့သည်ရှိသော် အဘယ်သို့ လုပ်ဆောင်ရမည်နည်းဟု သုဓနုမင်းသားသည် တွေးတောအကြံထုတ်နေမိသည်။

အချိန်တော်တော် ကြာမြင့်လာသည်နှင့် သူတို့သည် စိုးရိမ်ပူပန်စ ပြုလာလေ၏။

"အရှင့်သား ... ကျွန်တော်မျိုးတို့ အဘယ်သို့ လုပ်ဆောင်ကြရင် ကောင်းမည်နည်း"

ဝသန္တက မေး၏။

"မြို့တော်တွင်းသို့ ဝင်ရောက်ချေရင်ကော ကောင်းမည်လား"

ဟု မုဆိုးကြီး မာလက က ပြောသည်။

"သို့မဟုတ်ရင် တစ်စုံတစ်ယောက်ကို မနော်ဟာရာရှိရာသို့ သွားပြီး အသိပေးခိုင်းရင်ဖြင့် ကောင်းပေမည်လော"

ဉပ္ပလကမုဆိုးက ပြောပြန်သည်။

သုမနမင်းသားသည် ခေါင်းကို အသာအယာ ခါယမ်းလိုက်ပြီး -

"စောင့်ကြပါဦးလော့၊ မနော်ဟာရာသည် ရွှေ ကရားထဲသို့ ကျွန်ုပ်ထည့်လိုက်သော လက်စွပ်ကို တွေ့ရှိပေလိမ့်မည်၊ တစ်စုံတစ်ရာ အကြောင်းကြောင့် မတွေ့ရှိခဲ့သည်ရှိသော ကျွန်ုပ်တို့သည် တစ်နည်းတစ်ဖုံကြံရမည်၊ ယခု လောလော ဆယ်တော့ အသင်တို့ ခဏစောင့်ကြပါလော့"

သုမနမင်းသား၏ စကားကြောင့် သူတို့သည် စကားထပ် မဆိုတော့သော်လည်း ဂနာမငြိမ်ပင် ဖြစ်လို့နေ၏။ မုဆိုးနှစ်ဦးသည် ယောက်ယက်ခတ်လျက် ဟိုမှသည်မှ လျှောက်နေချေသည်။ ကာယကံရှင် သုမနမင်းသားမှာမူ မတုန်မလှုပ် ငြိမ်သက်ကာ တစ်စုံ တစ်ရာကို အပြင်းအထန် စဉ်းစားတွေးတောနေချေတော့၏။

ထိုသို့ ရှိနေစဉ်မှာပဲ အဝေးဆီမှ တူရိယာတီးမှုတ်သံတို့ ကြားလိုက်ရလေတော့၏။ ထိုတူရိယာအသံတို့သည် မြို့တော်တွင်း ဆီမှနေ၍ သူတို့ရှိရာသို့ တဖြည်းဖြည်း နီးကပ်စွာ ရိုက်ခတ်လာချေပြီ။ သူတို့သည် အာရုံစိုက်ကာ နားထောင်နေကြရင်းဖြင့် တောအုပ်လေး၏

အဝင်ဝရှိရာသို့ အကြည့်တို့ စုပြုံကြည့်နေကြ၏။

အသံတို့သည် တဖြည်းဖြည်း ကျယ်လောင်နီးကပ်စွာ ကြားလာရချေပြီ။ တောအုပ်လေး၏ အဝင်ဝသို့သာ စူးစူးရဲရဲ စိုက်ကြည့်နေမိကြသည်။ အသံသည် ပိုမိုနီးကပ်စွာ ကြားရပြီ။ နောက် တောအုပ်တွင်းသို့ ဝင်ရောက်လာသော ကိန္နရီထောင်ပေါင်းများစွာ အုပ်ကြီးကို မြင်လိုက်ရလေတော့သည်။ ကိန္နရီတို့ကို ဦးဆောင်လာသော တူရိယာတီးမှုတ်သူတို့သည် ဘေးတစ်ဖက်ဆီသို့ ကပ်ရပ်လိုက်ကြပြီးနောက် ထိုသူတို့နောက်မှ ကိန္နရီတို့သည်လည်း ဘေးဘက်သို့ အသီးသီး ကပ်လိုက်ကာ သွားလမ်းလေးတစ်ခုကို ဖြစ်စေလိုက်သည်။ ကိန္နရီတို့၏နောက်ဆီတွင် ကိန္နရီတစ်ပါးသာ ကျန်ရှိလေတော့၏။ ထိုကိန္နရီသည် သွားလမ်းလေးအတိုင်း သုဓနုမင်းသားရှိရာသို့ တရွေ့ရွေ့ လှမ်းလာချေပြီ။ ထိုကိန္နရီကို မြင်သည်နှင့် သုဓနုမင်းသားသည် နှုတ်ခမ်းတို့ ပွင့်ဟလာကာ လှိုက်ဖိုစွာ ရေရွတ်လိုက်သည်။

"နှမတော် မနော်ဟရာ"

မျက်ရည်တို့ဖြင့် ဝေ့သီနေသော မနော်ဟရာသည် ချစ်သော မောင်တော်သုဓနုရှိရာသို့ လှမ်းလာရင်းဖြင့် -

"မောင်တော်"

ဟု လှိုက်သည်းစွာ ခေါ်ဆိုလေသည်။

အနားရောက်သော် သုဓနုမင်းသား၏ ခြေအစုံ၌ ဦးခိုက်ကာ သူမ၏မျက်နှာနှင့် ဆံပင်တို့ဖြင့် တို့ထိစေသည်။ ထို့နောက် သူမ သည်းသည်းထန်ထန် ငိုကြွေးနေ၏။

"အို ... နှမတော်ရယ်"

သုမနမင်းသားသည် မိမိခြေအစုံ၌ မျက်နှာအပ်ရင်း အသည်းခိုက်မတတ် ငိုကြွေးနေရှာသော နှမတော်အား ဖေးမကာဖြင့် ထိုင်ကာ ပွေ့ဖက်လေ၏။

ချစ်သူနှစ်ဦးအား မြင်တွေ့သူအပေါင်းတို့သည် ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ပြုံးရယ်ကြလေသည်။ ချစ်သူနှစ်ဦး၏ ပြန်လည်တွေ့ဆုံမှုသည် ပျော်ရွှင်ဝမ်းမြောက်မှုအပေါင်းတို့ဖြင့် ခညောင်းစေတော့၏။

မနော်ဟရာသည် မောင်တော့်အား ပြန်လည် ဆုံစည်းလိုက်ရ၍ ဝမ်းသာလွန်းစွာဖြင့် ကျမိသည့် မျက်ရည်များကို သုတ်ပစ်လိုက်ပြီး မောင်တော့်မျက်နှာတော်အား ခပ်ပြုံးပြုံး ကြည့်သည်။

"မောင်တော် … နှမတော်တို့ နန်းတော်ဆီ သွားကြရအောင်ပါ၊ ဟိုမှာ ခမည်းတော်ဘုရားက တွေ့ဖို့ စောင့်မျှော်နေပါသည်"

✵

သုမနမင်းသားသည် မနော်ဟရာ ခေါ်ရာနောက်သို့ လိုက်ခဲ့လေပြီ။ ကြီးကျယ်ခမ်းနားလှစွာသော မဟာအခမ်းအနားကြီးဖြင့် သုမနမင်းသားအား ကိန္နရ ရာဇာ ဒုမမင်းကြီး၏ မြို့တော်တွင်းသို့ ဝင်ရောက်စေသည်။ သုမနမင်းသားသည် ဝေါယာဉ်ထက်မှနေ၍ ချစ်သော မနော်ဟရာနှင့်အတူ ယှဉ်တွဲကာ လိုက်ပါလာသည်။

မြို့တွင်းသို့ ရောက်သော် မြို့သူမြို့သားများသည် သောင်း

သောင်းဖြဖြ ကြိုဆိုကြ၏။ သူတို့သည် မနော်ဟာရာ၏ ကြင်ယာတော် လူမင်းသားလေးအား အလုအယက် တိုးဝှေ့ကြည့်ရှုကြသည်။

""ချောလိုက်တာ""

""ခန့်ညားလိုက်တာ""

""လိုက်ဖက်ပါပေသည်""

ဟူသော တီးတိုးမှတ်ချက်ချသံများဖြင့်လည်း ညံစည်လျက် ရှိနေပေ့သည်။

နန်းတော်သို့ ရောက်လာသော ဒုမမင်းကြီးသည် အသင့် စောင့်စားနေကာဖြင့် သုဓနုမင်းသားအား ဖက်ရမ်းကြိုဆိုကာ နှစ်သိမ့် ၏။

""ဤမြို့တော်သည် ရွှေဖြင့် အတိုပြီး၏၊ ထောင်ပေါင်း များစွာသော ဥယျာဉ်တို့ဖြင့် ဝန်းရံထား၏၊ အတိုင်းမသိ တင့်တယ်၏၊ ဤမြို့တော်သည် သင်၏မြို့တော်ဖြစ်ပေပြီ၊ ဤ၌တွင် ကျွန်ုပ်၏သမီးတော် မနော်ဟာရာနှင့်အတူ အသင်တို့ အလျောက် ပျော်မြူးရွှင်မြူး ကြည်နူးစွာ ရှိကြကုန်လော့"" ဟုလည်း မိန့်ဆို၏။

ယောက္ခမတော် ဒုမမင်းကြီး၏ စကားကိုကြားသော် သုဓနု မင်းသားသည် အလွန်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိရှ၏။ သူသည် မနော်ဟာရာနှင့် မျက်ဝန်းချင်း ဆုံကြည့်လိုက်ကြကာ ကြည်ကြည်နူးနူး ပြုံးရယ်ကြ၏။

ဒုမမင်းကြီးလည်း ပြုံးရယ်ကာဖြင့် -

“သမီးတော် သုဓနုမင်းသားအား အစားအသောက်များဖြင့် တည်ခင်းကျွေးမွေးရန် ပြင်ဆင်ထားပြီးလေပြီ၊ သမီးတော်ကိုယ်တိုင် စားတော်ဆောင်သို့ မင်းသားနှင့် နောက်တော်ပါတို့အား ခေါ်ဆောင်ကာ ကျွေးမွေးပြုစုပါလော့”

“ကောင်းပေသည် ခမည်းတော်ဘုရား၊ သမီးတော် ဆောင်ရွက်လိုက်ပါမည်”

မနော်ဟာရာနှင့် သုဓနုမင်းသားသည် ဒုမမင်းကြီးအား အရိုအသေပေးပြီးနောက် စားတော်ဆောင်ရှိရာသို့ လှမ်းခဲ့တော့၏။

အပြစ်ဆိုဖွယ်ကင်းသော ကောင်းမြတ်သော ကံကြမ္မာသည် သူတို့နှစ်ဦးအပေါ်၌ ကျရောက်စေခဲ့ပေပြီ။ တစ်ဦးနှင့် တစ်ဦး ကြည့်မဝနိုင်စွာ၊ ပြုံးရယ်မဝနိုင်စွာ၊ ကြည်နူးမဝနိုင်စွာဖြင့် ရှိနေတော့၏။ ပျော်ရွှင်ဖွယ်ရာအပေါင်းတို့သည်လည်း သူတို့နှစ်ဦးထံ၌ ကိန်းဝပ် ခညောင်းလျက် ရှိနေပေတော့သည်။

* * *

## အခန်း(၂၀)

ကိန္နရာတို့၏ပြည်၌ သုခနုမင်းသားသည် နှစ်ပေါင်းများစွာ ပျော်မြူးရွှင်မြူး ကြည်နူးစွာဖြင့် နေထိုင်လာပြီးနောက် မိမိနေရပ်ထံသို့ ပြန်လိုသောဆန္ဒကို ခံစားရစပြုလာ၏။ သူသည် ဟတ္ထိနာပူရပြည်ကို လည်းကောင်း၊ ဖခမည်းတော်နှင့် မယ်တော်တို့အား လည်းကောင်း လွမ်းဆွတ်လာရပြီ ဖြစ်တော့၏။

မဟာဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုရင်းဖြင့် တစ်ချက်ချက် ငေးငိုင်ကာ တွေဝေသွားသော မောင်တော့်မျက်နှာတော်ကို မော်ဖူးကြည့်ရင်း မနော်ဟာရာသည် စိုးထိတ်သွားမိတော့၏။

"မောင်တော် ဘာများဖြစ်နေသနည်း၊ အဘယ်သို့သော ကိစ္စများကြောင့် မောင်တော်အား မရွှင်မပျ ရှိစေရသလော"

မနော်ဟာရာ၏ အမေးကြောင့် သုခနုမင်းသားသည် ငေးမော တွေးတောနေရာမှ သတိပြန်ရလာသလို မျက်လုံးများ အရောင်ပြောင်း သွားပြီးနောက် လေးတွဲ့စွာ သက်ပြင်းချသည်။ သူသည် မနော်ဟာရာ ၏ မျက်နှာအား ငုံ့မိုးကြည့်လိုက်ကာဖြင့် -

"မနော်ဟာရာ … ကျွန်ုပ်သည် ကျွန်ုပ် မိဘနှစ်ပါး၏ တစ်ဦးတည်းသော သားဖြစ်ကြောင်းကိုလည်းကောင်း၊ ကျွန်ုပ်၏မိဘကို ကျွန်ုပ် ချစ်မြတ်နိုးကြောင်းကိုလည်းကောင်း သင် အသိပင် ဖြစ်ပါသည်၊ သင့်ကို ကျွန်ုပ် ချစ်မြတ်နိုး၍ ကျွန်ုပ်မိဘ၏ ခွင့်ပြုချက်ကို တောင်းခံပန်ကြားခြင်းမရှိ၊ အရာရာကို ကျွန်ုပ်စွန့်လွှတ်ခဲ့ကာ မိမိသဘောအလျောက် ငြင်းပယ်ခဲ့ကာ ဤနေရာသို့ ကျွန်ုပ် လာခဲ့ပါသည်၊ ဤသို့နှင့် ဤတွင် နေထိုင်ရန် လာခဲ့သည်မှစ၍ ယခုသော် နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပါပြီ၊ သို့ဖြစ်၍ ကျွန်ုပ်သည် ဟတ္ထိနာပူရသို့ ပြန်လည်သွားရောက်မည်ဖြစ်ကြောင်း သင်၏ခမည်းတော်နှင့် မယ်တော်တို့အား သံတော်ဦးတင်ပါလော့"

ဩော် … မောင်တော်သည် ဒီအတွက်ကြောင့် မျက်နှာတော် မရွှင်မပျဖြစ်နေချေတာကိုး။ အင်းလေ၊ မောင်တော်ဟာ သူ့ပြည်လူ့အရပ်ကို လွမ်းဆွတ်ရှာပေတော့မှာပေါ့။ နိုရတိပြည်မှာ မောင်တော် စံစားခဲ့တာ နှစ်ပေါင်းများစွာတောင် ကြာမြင့်ချေပြီပဲ။ မိမိနေရပ် ဟတ္ထိနာပူရသို့ ပြန်ချင်ရှာပေမှာပေါ့ဟု မနော်ဟာရာ တွေးမိသည်။

"မောင်တော် … နှမတော်ဟာ မောင်တော်၏ အလိုဆန္ဒဟူသမျှကို ဖြည့်ဆည်း ဆောင်ရွက်ပေးချင်သူတစ်ယောက် ဖြစ်ပေသည်၊ ယခုချက်ချင်းပင် ဖခမည်းတော်နှင့် မယ်တော်တို့အား မောင်တော်သည် မိမိနေရပ်သို့ ပြန်ချင်လှပြီ ဖြစ်သည့်အကြောင်း လျှောက်တင်ချေပါတော့မည်"

မနော်ဟာရာ၏ နားလည်လိုက်လျောသည့် အပြုအမူကြောင့် သုဓနုမင်းသား ပြုံးမိရတော့၏။ သူသည် ထိုစကားတို့ကို အရဲစွန့်ကာ ပြောလိုက်ရခြင်း ဖြစ်သည်။

အကြောင်းမှာ မနော်ဟာရာသည် သူမ၏ နေရပ်နှင့် မခွဲချင် ရှာဘဲ ဟိတ္ထိနာပူရသို့ ပြန်မလှတ်မည်ကို စိုးရိမ် ပူပန်နေမိသောကြောင့် လည်း ဖြစ်သည်။ ယခုမူ မနော်ဟာရာသည် သူ၏ဆန္ဒအား လျော လျောလျူလျူ လိုက်လျောခွင့်ပြုခဲ့လေပြီ။ မယားအလိမ္မာလေး မနော် ဟာရာ ပေပါလားဟု သုဓနုမင်းသား တွေးမိကာ ကျေကျေနပ်နပ်ကြီး ကြည်နူးစွာ ပြုံးသည်။

မောင်တော်၏ မျက်နှာသည် ညအခါ၌ ထွန်းလင်းစွာ ပေါ်ထွက်လာသော လပြည့်ဝန်းနှယ် ဝင်းဝင်းပပ ဖြစ်သွားပုံကို ကြည့်ရင်း သူမကြည်နူးစွာ ပြုံး၏။ ချစ်ရသောမောင်တော်သည် သူမအား ချစ်ရှာလွန်း၍သာ လူသူမရောက်နိုင်သော ဤနေရာ စွန့်စွန့် စားစား လာရောက်ကာ သူမနှင့်တွေ့ရန် ကြိုးစားခဲ့၏။

ဘုရင့်သားတော် မောင်တော့ထံ၌ မောင်းမမိဿံ အခြံအရံ များ မြောက်မြားလှစွာရှိနေသော်လည်း သူမတစ်ဦးတည်းကိုမှ စွဲစွဲမြဲမြဲ ချစ်ရှာသော မောင်တော်၏ အချစ်များကြောင့် သူမ ယုံကြည် လေးစားရမိပြန်သည်။ သူမသည်လည်း ဘဝတစ်လျှောက်လုံး မောင် တော် သုဓနုအပေါ်၌ သစ္စာရှိရှိ မခွဲမခွာဘဲ ချစ်မြတ်နိုးကာ မောင်တော့ အလိုဆန္ဒဟူသမျှ ဖြည့်ဆည်းပေးကာ နေတော့မည်ဟု သူမ ဆုံးဖြတ် ထားခဲ့သည် မဟုတ်လား။

သုဓနုမင်းသားနှင့် မနော်ဟာရာသည် တစ်ဦးနှင့် တစ်ဦး

ချစ်မြတ်နိုးစွာဖြင့် ရွှန်းရွှန်းပပ ကြည့်နေမိတော့သည်။ နှုတ်ခမ်းတို့သည် ချိုရီစွာ ပြုံးမြနေကြလျက်။

* * *

## အခန်း(၂၁)

သူမတို့နှစ်ဦးသည် နန်းတော်တွင်းသို့ ဝင်ရောက်လာပြီး နောက် မနော်ဟရာသည် ဖခမည်းတော် ဒုမမင်းကြီးအား အကြောင်းစုံ တင်လျှောက်လေသည်။

''ခမည်းတော် ... သမီးတော်၏ ခင်ပွန်း သုဓနုမင်းသား သည် သမီးတော်အပေါ်၌ ချစ်မြတ်နိုး၍သာ နိရတိပြည်သို့ လိုက်လာခဲ့ရသော်လည်း သူ၏မိဘများ၏ ခွင့်ပြုချက်ကို တောင်းခံခဲ့သည် မဟုတ်ပါ၊ သူသည် သူ၏ သဘော အလျောက်သာ ဤနေရာသို့ လာရောက်ခဲ့ရသည် ဖြစ်သည် မဟုတ်ပါ၊ သူသည် သူ၏သဘောအလျောက်သာ ဤ နေရာသို့ လာရောက်ခဲ့ရသည်ဖြစ်၍ ယခုအချိန်ဆိုရင်ဖြင့် သူ၏မိဘတို့သည် သူ့အား ပူပန်စိုးရိမ်နေရှာရှာမည်၊ နိရတိပြည်ကြီးမှာလည်း နေထိုင်လာခဲ့သည်မှာ နှစ်ပေါင်း များစွာပင် ကြာမြင့်ခဲ့လေပြီ၊ သို့အတွက်ကြောင့် သမီးတော် ၏ ခင်ပွန်းဖြစ်သူ သုဓနုမင်းသားသည် ဌာနေရပ် ဟတ္ထိမှာ

ပူရသို့ ပြန်ချင်လှပြီဖြစ်သည့်အကြောင်း သမီးတော်အား ထုတ်ဖော်ပြောကြားခဲ့ပါသည် ခမည်းတော်ဘုရား"

မနော်ဟာရာ၏ လျှောက်တင်ချက်ကို ကြားသော ကိန္နရရာဇာ ဒုမမင်းကြီးက သုစန္နမင်းသားအား ပြန်လည်မေးလိုက်၏။

"သုစန္န ... သင့်မိဘထံသို့ သင်ပြန်တော့မည်လော"

"အရှင် ... အရှင် ခွင့်ပြုသည်ဆိုပါက ကျွန်ုပ်သွားရပါမည်"

အသံတို့ တိတ်ဆိတ်သွားလေ၏။ သုစန္နမင်းသားသည် စိုးထိတ်စွာဖြင့် ရင်ခုန်လှုပ်ရှားလျက် ရှိနေသည်။ မနော်ဟာရာသည်လည်း ခမည်းတော် ဘာများပြောမည်နည်းဟု တွေးမိကာ စိုးရိမ်နေမိပြန်သည်။

"သွားခွင့်မပြု"ဟု ခမည်းတော် ဆိုလိုက်လျှင်ဖြင့် မောင်တော်သည် စိတ်မကောင်းကြီးစွာ ဖြစ်ရဦးမည်။ ဖခမည်းတော်သည် "သွားခွင့်ပြုသည်" ပြောလေလျှင်ရော မောင်တော်နှင့်အတူ သူမကိုပါ ထည့်လိုက်ရပေမည်။ ထို့အတွက် ခမည်းတော် စဉ်းစားတွေးတောနေဟန်ရှိသည်။

အသံတို့သည် ငြိမ်သက်တိတ်ဆိတ်နေရာမှ လည်ချောင်းရှင်းသံတစ်ချက် ရုတ်တရက် ထွက်ပေါ်လာပြီးနောက် ခမည်းတော်က စကားဆိုလေတော့သည်။

"သင့်ကို ကျွန်ုပ်သွားခွင့်ပြုပါမည် သားမက်တော် သုစန္န"

ဒုမမင်းကြီး၏ တစ်ခွန်းချင်း လေးပင်စွာ ပြောလိုက်ရင်း သမီးတော်ဖြစ်သူ မနော်ဟာရာအား လှမ်းကြည့်လိုက်ပြီးနောက် -

"သမီးတော် မနော်ဟာရာ … သင်သည် အဘယ်အခါကို မျှ စိုးရိမ်တော်မမူပါနှင့်၊ သုခနုမင်းသား၏နောက်သို့ လိုက်ပါကာ ဟတ္ထိနာပုရပြည်၌ ပျော်ရွှင်စွာဖြင့် နေပါလော့"

ဟု မိန့်ဆိုလိုက်ပြီးနောက် သုခနုမင်းသားအား လှည့်ဆိုပြန်သည်။

"သားမက်တော် သုခနု၊ သင်တို့ သွားဖို့အတွက် ကျွန်ုပ် စီစဉ်ပေးမြေပါမည်၊ အသင် စိတ်ချပျော်ရွှင်စွာဖြင့် နေပါလော့"

သုခနုမင်းသားနှင့် မနော်ဟာရာလည်း ဒုမမင်းကြီး၏ ခွင့်ပြုချက်ရရှိပြီးပြီမို့ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် မင်းကြီးအား အရိုအသေပေးပြီးနောက် နန်းတော်တွင်းမှ ပြန်လည်ထွက်ခွာသွားလေသည်။

ဒုမမင်းကြီးသည် ထွက်ခွာသွားသော သားမက်တော်နှင့် သမီးတော်တို့ကို ကြည့်ရှုနေရင်း သူ ပီတိဖြစ်စွာဖြင့် ပြုံးမိရသည်။

ချစ်စွာသော သမီးတော်မနော်ဟာရာ၏ ပျော်ရွှင်ချမ်းမြေ့ရေး အတွက် သူ လုပ်ဆောင်ရဦးတော့မည်။

ထို့နောက် ဒုမမင်းကြီးသည် ကိန္နရာတို့၏ ဩဇာအာဏာ စက်အောက်၌ ရှိကြသော ယမ္ဗကဟု ခေါ်ဝေါ်သည့် ယက္ခတို့ကို ဆင့်ခေါ်လိုက်တော့သည်။

"အို … ယမ္ဗကတို့၊ ကိန္နရာတို့ဘုရင် ကျွန်ုပ် ခေါ်ဆိုပါသည်၊ ယခုပင် လာရောက်ခစားကြပါလော့"

ဒုမမင်းကြီး၏ ခေါ်ဆိုသံအဆုံးဝယ် နန်းဆောင်အတွင်း၌

ဖျတ်ခနဲအရောင်တချို့ လင်းလက်သွားပြီးနောက် သဏ္ဍာန်အရိပ်တို့ ဝိုးတဝါးရှိရာမှ တဖြည်းဖြည်း ပီပြင်လာလေတော့၏။ ကြီးမားသော ခန္ဓာကိုယ်နှင့် ကြမ်းတမ်းရင့်ရော်သော ရုပ်သွင်မျိုးရှိသည့် ယမ္မကတို့ ထွက်ပေါ်လာသည်။

"ကျွန်ုပ်တို့အား အဘယ်ကြောင့် ဆင့်ခေါ်ဆိုရပါသနည်း ကိန္နရာဘုရင်"

ဒုမမင်းကြီးလည်း ခစားရောက်ရှိလာသော ကမ္မကတို့ကို ကြည့်ရှုအကဲခတ်လိုက်ပြီးနောက် -

"သင်တို့ကို ကျွန်ုပ် ခေါ်ဆိုရသည်မှာ ကျွန်ုပ်၏ သားမက်တော်နှင့် သူ၏ကြင်ယာတော် မနော်ဟာရာတို့ကို ဟတ္ထိနာပူရ သို့ ကောင်းစွာ ပို့ဆောင်ပေးကြလော့၊ ထို့ပြင် သင်တို့နှင့် အတူ ကျောက်သံပတ္တမြား ရတနာအမျိုးမျိုး အားလုံးကို များစွာယူ၍ သူတို့အား ပေးလိုက်ကြလော့"

ဟု အမိန့်ပေးလိုက်လေသည်။

"ကောင်းပါပြီ အရှင်၊ အမိန့်တော်အတိုင်း ဆောင်ရွက်ပါ့ မယ်"

ဟု ယမ္မကတို့ ပြောလိုက်ပြီးနောက် ချက်ချင်း ပြန်လည် ပျောက်ကွယ်သွားကြလေတော့၏။ မင်းကြီးသည်လည်း စက်ရာ ဆောင်ခန်းဆီသို့ ပြန်လည်ကြွမြန်းလာခဲ့တော့၏။

✸

ညချမ်းအချိန်သို့ပင် ရောက်ရှိလာခဲ့ပြီ။

ယမ္ဘကတို့သည် လဲလျောင်းအိပ်စက်နေကြသော သုစနုမင်းသားနှင့် မနော်ဟာရာတို့အား လဲလျောင်းနေသည့်အတိုင်း ချီပိုးကြသည်။ နောက်တော်ပါ သုံးဦးကိုလည်း အသီးသီး ချီပိုးလိုက်ကြပြီးနောက် ကျောက်သံပတ္တမြား ရတနာအမျိုးမျိုးရှိသော အထုပ်ကြီးကိုယူဆောင်ကာ ကိန္နရာပြည်မှ ထွက်ခွာလာခဲ့ကြတော့သည်။

တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံကြသော ယမ္ဘကတို့သည် ကိန္နရာပြည်မှ ထွက်ခွာလာခဲ့ရာ ခဏတွင်းချင်းမှာပင် ဟတ္ထိနာပူရသို့ ရောက်ရှိလာလေတော့၏။

ဟတ္ထိနာပူရ၏ နန်းဥယျာဉ်တစ်ခုအတွင်း၌ သုစနုမင်းသားတို့အား အသာအယာချပေးကာ ပြန်လည်ထွက်ခွာသွားကြလေတော့သည်။

သုစနုမင်းသား၊ မနော်ဟာရာနှင့် နောက်တော်ပါ သုံးဦးတို့သည် အိပ်စက်လဲလျောင်းနေကြလျက်က ဟတ္ထိနာပူရဥယျာဉ်တော်အတွင်းဝယ် နှစ်ခြိုက်စွာ အိပ်မောကျနေဆဲပင် ဖြစ်သည်။

* * *

အခန်း(၂၂)

ကျွတ်စီကျွတ်စီနှင့် ဆူညံလျက်ရှိနေသော အသံများကြောင့် သုမနမင်းသားသည် မှေးမှိတ်ထားသော မျက်ဝန်းတို့ကို ဖွင့်လိုက်၏။ စူးရှသော အလင်းရောင်တန်းသည် မျက်ဝန်းထဲသို့ ရောက်ရှိလာသည်။ သူသည် မျက်လုံးတို့ကိုကျုံ့ကာ ဘေးဘီဝဲယာသို့ အကဲခတ် ကြည့်မိသည်။ နံဘေးတွင် အိပ်စက်လဲလျောင်းလျက်ရှိနေသော မနော်ဟရာနှင့် နောက်ဟော်ပါသုံးဦးကို တွေ့လိုက်ရ၏။

ထိုမှ ထပ်ကြည့်မိပြန်သည်။ သာယာစိမ်းမြသော သစ်ပင်အပေါင်း ခြံရံလျက်ရှိသော နေရာလေးတစ်ခုအလယ်၌ သူတို့သည် ရောက်ရှိနေကြ၏။ ပတ်ဝန်းကျင်သို့ အကဲခတ်ကြည့်ရှုနေရင်းဖြင့် သူသည် မှတ်မိလာရ၏။

"အို ... ဒါ ဟတ္ထိနာပူရရှိ ဥယျာဉ်တော်တစ်ခုပဲ၊ ငါသည် အာကာယံပုံ အာကာယံနည်းဖြင့် ဟတ္ထိနာပူရသို့ ရောက်လာတာ ပါလိမ့်"

သုမနမင်းသားသည် တစ်ကိုယ်တည်း ရေရွတ်ကာ မေး၏

သူသည် ဘာကိုမျှ စဉ်းစား၍မရချေ။ ထို့နောက် တွေ့လိုက်ရသည်မှာ နံဘေးတွင် ရောက်ရှိနေသော ရတနာစီခြယ်ထားသော ဝေါယာဉ်တစ်ခု၊ ကြီးမားလှသော အထုပ်ကြီးတစ်ထုပ်။

"အို ... ဒါ ရတနာထုပ်ကြီးပဲ"

အထုပ်ကြီးအား ဖြေကြည့်မိလိုက်ရင်း သုမနမင်းသား တအံ့တဩ ရေရွတ်၏။ အထုပ်ထဲတွင် မြောက်မြားလှစွာသော ရတနာများသည် တလက်လက် တောက်ပကာ နေ၏။ သုမနမင်းသား၏ အသံကြောင့် မနော်ဟရာနှင့် နောက်တော်ပါသုံးဦး နိုးထလာချေ၏။

"မောင်တော် ... နှမတော်တို့ ဘယ်နေရာသို့ ရောက်နေသနည်း"

မနော်ဟရာသည် ဝန်းကျင်သို့ အကဲခတ်ကြည့်ရှုရင်းမှ တအံ့တဩ မေး၏။

"ဟတ္ထိနာပူရပြည်ကို ပြန်လည်ရောက်ရှိနေတာပဲ"

ဟု ဝသန္တက ဝမ်းသာအားရ အော်ပြောလိုက်သည်။

"အို"

"အလို"

ဟု မုဆိုးနှစ်ဦးက တအံ့တဩ ရေရွတ်ကြသည်။ ထို့နောက် များပြားလှစွာသော ရတနာထုပ်ကြီးကို မြင်မိကြ၍ အံ့ဩထူးဆန်းကြပြန်၏။

သူတို့သည် ထို့နောက်တွင်သို့ ပျော်ရွှင်စွာ ရယ်မောလိုက်ကြပါတော့၏။ သူတို့ ဟတ္ထိနာပူရပြည်သို့ ပြန်လည်ရောက်ရှိ

လာခဲ့လေပြီ။

သုခနေမင်းသားသည် သူချစ်သော ဟတ္ထိနာပူရသို့ ရောက်ရှိနေပြီဖြစ်၍ ဝမ်းသာရွှင်လန်းနေမိတော့၏။

ဒုမမင်းကြီးပြောခဲ့သော စကားတို့ကိုလည်း ပြန်လည်ကြားယောင်လာမိတော့၏။

"အသင်တို့သွားဖို့ ကျွန်ုပ်စီစဉ်ပေးပါမည်၊ စိတ်ချပျော်ရွှင်စွာနေပါလော့"

ဟူသော စကားသံတို့သည် သူ့နားထဲဝယ် ပဲ့တင်ထပ်မျှကြားယောင်နေပါတော့၏။

ဥယျာဉ်တော်အတွင်းဝယ် ကျေးငှက်သာရကာ သံတို့သည်လည်း ကျွတ်စီကျွတ်စီ ညံဝေလျက်၊ လေပြေသည် ညှင်းသွဲ့သွဲ့တိုက်ခတ်နေလေ၏။

မနော်ဟရာနှင့် နောက်တော်ပါသုံးဦးတို့၏ ပျော်ရွှင်စွာရယ်မောသံများသည်လည်း စည်စည်ဝေဝေ ရှိနေလျက်၊ အပြုံးတို့သည် ချိုမြနေလျက် ရှိနေတော့၏။

* * *

## အခန်း(၂၃)

ထိုစဉ်တွင် ဟတ္ထိနာပူရမြို့တော်တွင်းတွင် အခမ်းအနားတစ်ခု ကျင်းပနေချိန်လည်း ဖြစ်သည်။

ဘုရင်ကြီး သုဗာဟုသည် သားတော် သုစနုမင်းသား ဟတ္ထိနာပူရမှ ထွက်ခွာသွားခဲ့သည်ကို သိရှိရ၍ သားတော်အား အပြင်းအထန် လိုက်လံရှာဖွေစေခဲ့သော်လည်း သားတော်၏ အရိပ်အယောင်ကိုပင် မတွေ့ရပေ။ နှစ်ပေါင်းများစွာ ကြာမြင့်လာသော်လည်း သားတော်သည် ပြန်မရောက်လာခဲ့။ သားတော်သည် မနော်ဟရာကို ရှာဖွေရင်း မလွဲမသေ သေရပေတော့မည်ဟု တွေးထင်မိကာ ဖြင့် မင်းကြီးသည် သုနေမင်းသား သေဆုံးသွားပြီဟု မှတ်ယူလိုက်လေတော့သည်။

မင်းကြီးသည် သေဆုံးသွားသော သုစနုမင်းသားအတွက် ဒုမင်္ဂလာအခမ်းအနား ပြုလုပ်ရန် အမိန့်ဆင့်ဆိုခဲ့သည်။

မြို့တော်တွင်းတွင် သုစနုမင်းသား၏ ဒုမင်္ဂလာအခမ်းအနား ကျင်းပနေချိန်လည်း ဖြစ်သည်။

နံနက်ခင်းချိန်ခါ ရောက်ရှိပေပြီမို့ ဥယျာဉ်စောင့်တို့သည် မြို့ပြင်သို့ အဆောတလျင်ထွက်ကာ အဓိကတံခါးဝအနီးရှိ နန်းဥယျာဉ် အတွင်းက အလံတံခွန်တို့ကို လွှင့်တင်လိုက်ကြကုန်၏။

ထို့နောက် သူတို့သည် ဥယျာဉ်တွင်းသို့ ဝင်ရောက်လာကြလေ၏။ ဥယျာဉ်တွင်းသို့ ရောက်သော် သူတို့သည် သုမနမင်းသား၊ မနော်ဟရာနှင့် အဖော်သုံးဦးတို့ကို မြင်ကြရတော့သည်။ ထို့ပြင် ရတနာစီခြယ်ထားသော ဝေယာဉ်နှင့် ရတနာကျောက်သံပတ္တမြားပုံကြီးကို တွေ့မြင်မိကြ၍ တအံ့တသြ ရှိကုန်ကြတော့သည်။

"သုမနမင်းသားနဲ့ မနော်ဟရာ ပြန်ရောက်လာပြီဟေ့"

ဟု ဟစ်အော်လိုက်ကြပြီးနောက် ဟတ္ထိနာပူရမြို့တွင်းသို့ အလျင်အမြန် ပြေးဝင်သွားကြလေတော့သည်။

နှုတ်မှလည်း -

"သုမနမင်းသားနဲ့ မနော်ဟရာတို့ ပြန်ရောက်လာပြီ"

ဟု အော်ဟစ်ရင်း ပြေးကြသည်။

သူတို့၏အော်ဟစ်သံကို ကြားကြရ၍ မေးမြန်းကြတော့သည်။

"အသင်တို့ပြောတာ လုံးဝဟုတ်မှန်ပါ၏လော"

"လုံးဝဟုတ်မှန်ပါ၏၊ သုမနမင်းသား ပြန်လည် ရောက်ရှိလာပြီသာဖြစ်၏၊ ယခုမူ နန်းဥယျာဉ်ဆောင်တွင်း၌ ရှိနေပေသည်"

ဟု ဥယျာဉ်စောင့်တို့က ပြန်လည်ပြောကြားရင်း နန်းတော်

ဆီသို့ အလျှင်အမြန် ထွက်ခွာသွားကြသည်။

ကြားသိရသူ ပြည်သူပြည်သားအပေါင်းတို့သည် သုမနေ မင်းသားအား ကြည့်ရှုရန်အတွက် နန်းဥယျာဉ်ဆီသို့ အလျှင်အမြန် ပြေးကြည့်ကြလေတော့၏။ မြို့တော်တွင်းတွင် လူစုအပေါင်းတို့သည် အုံးအုံးကြွက်ကြွက် စည်ကားနေတော့၏။

✸

"အရှင်မင်းကြီး ... အရှင်မင်းကြီး"

နန်းတော်တွင်းသို့ ဟစ်အော်၍ ပြေးဝင်လာသော ဥယျာဉ်စောင့်တို့ကို ကြည့်၍ မင်းကြီး အလန့်တကြား ဖြစ်မိရသည်။

"အလို ... အသင်တို့ ဘာဖြစ်ကြပါသနည်း၊ အဘယ်ကြောင့် ကျွန်ုပ်အား ဟစ်အော်ကာ လာရပါသနည်း"

ဟု မင်းကြီးက ဆီးမေးလိုက်လေရာ ဥယျာဉ်စောင့်တို့သည် မောဟိုက်သံဖြင့် -

"အရှင်မင်းကြီး ... ထုထိမင်္ဂလာနှင့် ပြည့်စုံသည်ရှိပါသောဝ်၊ သုခနေမင်းသား ပြန်လည်ရောက်ရှိလာပါပြီဘုရား"

"အို ... ကျွန်ုပ်၏သားတော် ပြန်ရောက်ရှိလာပြီ၊ ဟုတ်ပါ၏လော၊ ဤစကားသည် မှန်ပါ၏လော"

"ဟုတ်မှန်ကြောင်းပါ အရှင်မင်းမြတ်၊ သုခနေ မင်းသားနှင့် မနော်ဟရာတို့ကို နန်းဥယျာဉ်တော်အတွင်းတွင် ကျွန်တော်

မိုးတို့ မျက်စိဖြင့် အသေအချာတွေ့မြင်ခဲ့ရပါသည်၊ သူတို့နှင့် အတူ ရတနာစီခြယ်ထားသော ဝေါယာဉ်တစ်ခုနှင့် ကျောက်သံပတ္တမြား ရတနာပုံကြီးကိုလည်း တွေ့မြင်ခဲ့ရကြောင်းပါ အရှင်မင်းမြတ်"

ဥယျာဉ်တော်စောင့်တို့၏ လျှောက်တင်ချက်ကြောင့် သုဗာဟုမင်းကြီးနှင့် မိဖုရားခေါင်ကြီးသည် ဝမ်းသာအားရဖြစ်မိကြတော့၏။

"အို ... သားတော်လေး ပြန်ရောက်လာပြီတဲ့၊ သားတော်လေး မသေသေးဘူးပေါ့"

ဟု မိဖုရားခေါင်ကြီးက ဝမ်းသာအယ်လဲ ရေရွတ်သည်။

ဝန်ကြီးမှူးမတ်၊ မင်းခစားတို့နှင့် နန်းတွင်းရှိ မောင်းမမိဿံအားလုံးတို့သည် သုဓနုမင်းသား ပြန်ရောက်ပြီဟူသော သတင်းကြောင့် ဝမ်းသာအားရ ဖြစ်မိကြတော့၏။

သုဗာဟုမင်းကြီးက ရွှင်မြူးအားရစွာဖြင့် -

"ဤသို့သော မင်္ဂလာရှိသောသတင်းကို သယ်ဆောင်လာသော ဥယျာဉ်စောင့်တို့အား ဆုလာဘ်များစွာ ချီးမြှင့်စေမယ်၊ ဘဏ္ဍာထိန်းကြီးထံမှာ ဆုလာဘ်တော်တွေ ထုတ်ယူကြစေ မောင်မင်းတို့"

မင်းကြီးသုဗာဟုသည် ဥယျာဉ်စောင့်တို့အား မိန့်ဆိုပြီးသည်နှင့် သားတော်သုဓနုနှင့် တွေ့ဆုံရန် နန်းဥယျာဉ်သို့ အလျင်အမြန်ကြွချီလာတော့၏။

သုဗာဟုမင်းကြီးနှင့်အတူ သုဓနုမယ်တော်တို့ အပြင် ဝန်ကြီးမှူးမတ် မင်းခစားတို့နှင့် နန်းတွင်းရှိ မောင်းမမိဿံ

အားလုံးတို့သည်လည်း သုခနုမင်းသားနှင့် မနော်ဟာရာတို့ကို တွေ့ဆုံရန် လိုက်ပါလာကြလေတော့၏။ မြောက်မြားလှစွာသော လူစုလူဝေးကြီးသည် ဟတ္ထိနာပူရမြို့တွင်းမှ အလျှင်အမြန်ထွက်လာကြကာ သုခနုနှင့် မနော်ဟာရာတို့အား တွေ့ဆုံရန် နန်းဥယျာဉ်သို့ လာရောက်ကြကုန်တော့သည်။

* * *

## အခန်း(၂၄)

နန်းဥယျာဉ်တော်တွင်းဝယ် သုမနုမင်းသားနှင့် မနော်ဟာရာတို့သည် နန်းဥယျာဉ်တွင်းသို့ ဝင်ရောက်လာသော လူစုလူဝေးကြီးကို တွေ့လိုက်ရ၍ သူတို့သည် ပျော်ရွှင်ကြည်နူးစွာ ရယ်မောမိလိုက်ကြ၏။

ထို့နောက်တွင်မှ ခမည်းတော်နှင့် မယ်တော် ကြွချီလာသည်ကို မြင်လိုက်ကြရပါတော့၏။ သုမနုမင်းသားသည် ခမည်းတော်နှင့် မယ်တော် မိဘနှစ်ပါး၏ ခြေအစုံတွင် ဦးခိုက်လိုက်လေ၏။

သုမနုမင်းသား ဦးခိုက်သည်ကို မနော်ဟာရာမြင်သော် သူမသည်လည်း သူ၏ ယောက္ခမမိဘနှစ်ပါးကို သုမနုကဲ့သို့ ဦးခိုက်၏။

မင်းကြီး သုဗာဟုသည် သားတော်လေးကို မသေဘဲ ပြန်တွေ့လိုက်ရ၍ အံ့သြဝမ်းသာစိတ်ကြောင့် မျက်ရည်များ ရစ်ဝဲလာရသည်။

မိဖုရားခေါင်ကြီးကတော့ တရှုံ့ရှုံ့နှင့် ငိုနေပြီဖြစ်သည်။

"မငိုပါနဲ့တော့ မယ်တော်ရယ်၊ သားတော် ပြန်ရောက်လာပေပြီပဲ၊ ဝမ်းနည်းပူဆွေးစရာတွေ မေ့လိုက်ပါတော့နော်"

ဟု သုမနက မယ်တော်အား ချော့မော့နှစ်သိမ့်သည်။

သုဗာဟုမင်းကြီးက -

"သားတော် အသက်မသေဘဲ ပြန်ရောက်လာခဲ့၍ ဖခမည်းတော် ဝမ်းသာလှပါဘိကွယ်၊ သားတော်နဲ့ မနော်ဟာရာတို့၏ ချစ်ခြင်းကို မခွဲလိုတော့ပေ၊ သားတော်တို့ ကြင်နာချစ်ခင်စွာ ပေါင်းဖက်ကြပါလော့"

မင်းကြီး၏ စကားကြောင့် သုမနမင်းသားနှင့် မနော်ဟာရာတို့ တစ်ဦးနှင့်တစ်ဦး အကြည့်ချင်း ဆုံလိုက်မိကြကာ ပြုံးရယ်လိုက်ကြ၏။ ထို့နောက် ပြိုင်တူလိုပင် -

"ကျေးဇူးကြီးမြတ်လှပါသည် ဖခမည်းတော်"

ဟု ပြောလိုက်မိ၏။ သုဗာဟုမင်းကြီးသည် ကြည်နူးရွှင်လန်းစွာ ပြုံးလိုက်ရင်း -

"ကဲ ... သားတော်တို့၊ ရွှေနန်းတော်ကြီးဆီသို့ ပြန်ကြပါစို့"

ဆိုလိုက်လေပြီးနောက် ရွှေဖြင့်ပြီးသော ဆင်ချပ်တန်ဆာ ကကြိုးအပြည့်အစုံ ကာထားသော ဆင်တစ်ကောင်၏ ကျောပြင်ထက်၌ သုမနမင်းသားကို တက်စေကာ သူနှင့်အတူစီးစေ၏။ မိဖုရားခေါင်ကြီးနှင့် မနော်ဟာရာတို့သည် ရတနာတို့ဖြင့် စီခြယ်ထား

သော ဝေါယာဉ်ထက်တွင် စီးနင်းလိုက်ပါကာ ဟတ္ထိနာပူရမြို့တော်တွင်းသို့ ကြီးကျယ်ခမ်းနားထည်ဝါစွာ ဝင်ကြလေတော့၏။

လူသူအပေါင်းတို့သည်လည်း သတိလက်လွတ် လက်ဖန်းပေါက်ခတ်မှု ပျော်ရွှင်မြူးတူးကာဖြင့် ဩဘာပေးကြလေတော့သည်။

သူတို့သည် ချစ်သူနှစ်ဦး၏ ပေါင်းစည်းခြင်း အဆုံးသတ်၌ သုစန္ဒနှင့် မနော်ဟရာတို့နည်းတူ ချစ်ခင်ကြသူအားလုံးတို့သည်လည်း အတူတကွ ပေါင်းစည်းမိကြစေတော့သည်။

ပျော်ရွှင်ကြည်နူးစွာ ဟစ်အော်လိုက်ကြသောအသံများဖြင့် ဟတ္ထိနာပူရမြို့တော်သည်လည်း စည်စည်ဝေဝေ ရှိနေတော့သည်။

အားလုံးကိုယ်စီတွင် အပြုံးတို့သည် ပွင့်ဖူးနေ ကြပြီဖြစ်သည်။ ချစ်ခင်သူတို့၏ ချစ်ခြင်းတို့သည်လည်း မြို့တော်အတွင်း သာယာလှပစေခဲ့ပြီလည်း ဖြစ်ပေတော့သည်။

* * *

# ပရိသတ်ကြီးသို့ ...

ကျွန်တော့် ဝတ္ထုတွေကို နှစ်သက်အားပေးကြတဲ့အတွက်

အထူးပဲ ကျေးဇူးတင်မိပါတယ်။

ဒီနေရာမှာ သတင်းလေးတစ်ခု ပေးချင်လို့ပါ။

ကျွန်တော် ကလောင်ခွဲတွေနဲ့လဲ ရေးပါတယ်၊

မတူညီတဲ့ရသကို ပေးချင်လို့ ဖြစ်ပါတယ်။

အများသိတဲ့ ပင်ရင်းကလောင် **ဒဿကျော်စွာ** ကတော့

ဘာသာနကရသကို အဓိကပေါ်လွင်အောင် ရေးတာပါ။

**ဒီဗွကျော်စွာ** ဆိုပြီးလည်း ရေးပါသေးတယ်။

တကယ့်အဖြစ်မှန် ဂန္ထီရနဲ့ လျှို့ဝှက်သဲဖိုလိုင်းပေါ့။

**ဒတ္တကျော်စွာ** ဆိုပြီးတော့

သမိုင်းဒဏ္ဍာရီဆန်ဆန်ဇာတ်လမ်းမျိုးတွေ ရေးပါတယ်။

ထူးခြားအံ့သြဖွယ်နဲ့ စွန့်စားခန်းကို ရောမွှေထားပါတယ်၊

**သိဒ္ဓိကျော်စွာ** ဆိုတဲ့ ကလောင်အမည်နဲ့တော့

ဗေဒင်စာအုပ်တွေ အဓိကရေးပါတယ်။ လောကီပညာအကြောင်း

ဝတ္ထုတွေလည်းအဲဒီနာမည်နဲ့ တစ်ခါတလေ ရေးပါမယ် ခင်ဗျား။

အဲဒီနာမည်တွေကလွဲရင် **လုံး၀ တခြားနာမည်မသုံး**

တော့ကြောင်းပါ။ ဆင်တူယိုးမှားရှိရင်လည်း သတိပြုပေးပါနော်။

# ဒသမကျော်စွာရဲ့ စကား

ကျွန်တော့်မှာ တူဆိုးဆိုးလေးတစ်ယောက်ရှိပါတယ်။ သူ့နာမည် ချစ်စနိုးနဲ့ခေါ်ကြတာက ...

**'ကောင်ကလေး'** တဲ့။

အားလုံးဝိုင်းပြီး အလိုလိုက်ထားတော့ ကောင်လေးက နည်းနည်း ဆိုးချင်တယ်။

ဦးလေးဆိုတော့လည်း ကျွန်တော်ထိန်းရတာပေါ့လေ။ ကျွန်တော်တို့ဆီ ပြန်လာတုန်း (ကောင်လေးက စင်္ကာပူမှာ ကျောင်းတက်နေတာပါ) ဆုံးမရတယ်။

ကိုယ့်ဦးလေးက ဗမာ့ရှေးဟောင်း ထူးဆန်းအံ့ ချီးဖွယ် ရာတွေကို ရေးသားပြီး အသက်မွေးနေတဲ့ဟာ ကောင်ကလေး ကိုလည်း ဒီအကြောင်းတွေ စိတ်ပါစေချင်မိတာပေါ့။

သူ ကျွန်တော်ပေးတဲ့ စာအုပ်တွေဘာတွေ ယူတော့ဖတ် တယ်။ ဘာမှတော့ မပြောဘူး။

တစ်နေ့ကျတော့ ရုတ်တရက်ကြီး ကျွန်တော့်ကို ဖုန်း ဆက်လာတယ်။

"ဦးငယ် သား စာအုပ်ထုတ်ချင်လို့"

တဲ့။ ကျွန်တော့်မှာ သူ နောက်နေတာလားတောင် ထင်လိုက်မိပါတယ်။ နောက်တစ်ပတ်လောက်အကြာမှာ မနက်အစောကြီး ကောင်လေးပေါက်ချလာတယ်။

သူ စက်ဘီပူကောလိပ်က ခဏခိုးပြန်လာတာတဲ့။ သူ့အမေ တောင် အသိမပေးဘူး။

ပြီးတော့ ကျွန်တော့်လက်ထဲ ဝုန်းကနဲ စာအုပ်ထုပ်ကြီး တစ်ထပ် အပ်တယ်။

"ဘာတွေလဲကွ"

ဆိုတော့ ...

"ဝတ္ထုတွေလေ"

တဲ့။ ဟုတ်မှ ဟုတ်ရဲ့လား၊ ကျွန်တော် ယူဖတ်ကြည့်လိုက်တယ်။

အရမ်းပဲ ကျွန်တော် အံ့သြသွားရပါတယ်။

အရေးအသားက (သူ့စကားအတိုင်း ပြောရရင်) လုံးဝဂေါ်လီပဲ။ ကျွန်တော်တောင် သူ့ ဝတ္ထုတွေဖတ်ပြီး ချက်ချင်း၁၆နှစ်သားလောက် ဖြစ်သွားသလိုပါပဲ။

သူ့ဟာက အချစ်ဝတ္ထုလိုင်းပါပဲ။

ဒါပေမယ့် လောကမှာ ဒီလို အချစ်ဝတ္ထုမျိုးရှိ နေလိမ့်

မယ်လို့တောင် ကျွန်တော်မထင်မိဘူး။

တစ်အုပ်ပြီး တစ်အုပ် ဖတ်လို့ပြီးသွားတာနဲ့ ကျွန်တော့် ထုတ်ဝေသူဆီ ဖုန်းဆက်ပေးတယ်။

ထုတ်ဝေသူ ရောက်လာတယ်။

တစ်အုပ်တောင် ဆုံးအောင် မဖတ်ရသေးဘူး။ ထုတ်ဝေသူမျက်နှာက ပြုံးနေပြီ။

နောက်ထပ် တစ်အုပ်ပြီး တစ်အုပ်။

ကောင်ကလေးရဲ့ စာအုပ်တွေကို အငမ်းမရ တရစပ် ဖတ်တော့တယ်။

ပြီးတော့ ကောင်ကလေးဘက်လှည့်ကြည့်ပြီး

"ကြိုက်တယ် ညီလေးရာ ကိုယ်ထုတ်ပေးမယ်"

တဲ့။ အဲဒီမှာ ကျွန်တော့်တူရဲ့ ဝသီစတော့တာပဲ။

ပထမဆုံး သူ့စာအုပ်ကို သိန်း၂၀ဖိုးလောက် ကြော်ငြာပေးရမယ်တဲ့။ အုပ်ရေရိုက်ခိုင်းလိုက်တာကလည်း အများကြီး။ စာအုပ်အဆင်အပြင်ကိုလည်း သူ ယူလာတဲ့ စက်ဘာပူက စာအုပ်တွေပြရင်း အဲဒီအတိုင်း လုပ်ပေးပါတဲ့။

ထုတ်ဝေသူ တစ်ခါတည်း ချွေးပြန်တော့တာပဲ။ ပြီး

တော့ အသံယှဲ့ယှဲ့နဲ့ ပြောရှာတယ်။

"ညီလေး ပြောတာတွေသာလိုက်လုပ်ပေးရရင် အစ်ကို အိမ်ပါ ပေါင်ရလိမ့်မယ်"

တဲ့။ ကျွန်တော့်တူက လုပ်နေသေးတယ်။

"ဒါဆို ကျွန်တော့် ဦးငယ်အိမ်ကိုပေါင်ပြီး လုပ်ဗျာ"

တဲ့။ ကျွန်တော့်မှာ ကိုယ်ကိုးစီးပွားထိခိုက်လာမှာကြောင့် ဝင်တားရပါတော့တယ်။

သူ့ကို ကျွန်တော့်ထုတ်ဝေသူ သုံးယောက်လုံးနဲ့ ဆက်သွယ်ပေးပါတယ်။

ကျွန်တော့်တူ အကောင်းစားလေးက အဲဒီလို အချိုးချည်းပဲ။

နောက်ဆုံး …

ကျွန်တော် အပြတ်ပြောရတယ်။

"ကဲ မင်း ကျောင်းကို ပြန်စရာရှိတာ ပြန်၊ ကျန်တဲ့ ကိစ္စ အားလုံး ငါလုပ်ထားလိုက်မယ်"

"ကျွန်တော့် စာအုပ်လေးတွေ ဘယ်သူထုတ်ပေးမှာလဲ ဗျ"

"ငါထုတ်ပေးပါ့မယ်ကွာ၊ ငါကိုယ်တိုင် ငါ့ ပိုက်ဆံနဲ့"

ကျွန်တော်ကလုပ်မယ်ဆိုတော့လည်း သူ မပြောသာ တော့ဘူး။ ဒါတောင် ထပ်ထွန့်တက်ခဲ့သေးတယ်။

"ဦးငယ် ကောင်းကောင်းလေးတော့ လုပ်နော်၊ ကျွန်တော်က ကျွန်တော့်ပရိသတ်ကို အကောင်းစားတွေချည်းပေးချင်တာ"

တဲ့။

"အေးပါကွာ၊ မင်း ကျောင်းမှာသာ ပညာဖြောင့်အောင်သင်ပါ၊ ကျုန်တာ ငါ စီစဉ်ပါ့မယ်"

ဒီလိုနဲ့ပါပဲ ...

စီးပွားရေးမလုပ်တတ်တဲ့ ကျွန်တော်ဟာ ကောင်လေးရဲ့ စာအုပ်တွေ ထုတ်ပေးဖို့ ဖြစ်လာရပါတယ်။

ဒါပေမယ့် ကျွန်တော်က ပိုက်ဆံစိုက်ပေး၊ နာမည်သာခံတာပါ။ ကျွန်တော့် ထုတ်ဝေသူပဲ အကုန် လုပ်ပေးပါလေရဲ့။

ဒါကြောင့် ...

ဒီစာဟာ ပရိသတ်ကြီးကို အကြောင်းကြားတဲ့စာလည်း ဖြစ်ပါတယ်။

ပန်ကြားတဲ့ စာလည်း ဖြစ်ပါတယ်။

မကြာခင် ကျွန်တော့်တူ **ကောင်ကလေး** ရဲ့ လုံးချင်း

ဝတ္ထုလေးတွေ ကျွန်တော်ထုတ်ပေးပါတော့မယ်။

ကောင်းမကောင်း အကြောင်းချင်းရာတွေကိုတော့ ပရိသတ်ကြီးသာ ဆုံးဖြတ်ပေးကြပါ။

• ကျွန်တော့်တူ မလိမ်မိုးမလိမ္မာလေးကိုလည်း တလက်စတည်း ပရိသတ်ကြီးဆီ အပ်ပါတယ်။ ကောင်လေးကချာတိတ်သာသာလေးမို့ ချစ်သောမျက်စိနဲ့ ကြည့်ပြီး ဝေဖန်လမ်းညွှန်ပေးကြပါ။

သူ့စာလေးတွေကတော့ လတ်ဆတ်ဆန်းသစ်ပါတယ်။ ပရိသတ်အတွက် တော်တော်စေတနာထားပြီး အပင်ပန်းခံအားထုတ်ထားမှန်းလည်း ပေါ်လွင်ပါလေရဲ့။

အဲဒါလေးတစ်ခုတော့ ကျွန်တော် အာမခံနိုင်ပါတယ်။

**ဒဿကျော်စွာ**